# ကြေးမုံ
# The Mirror Daily

၁၉၅၇ ခုနှစ် ဇြေ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**အကုသိုလ်မဖြစ်အောင်စောင့်စည်းခြင်းသည် ကောင်း၏**

မျက်စိဖြင့် (အကုသိုလ်မဖြစ်အောင်) စောင့်စည်းခြင်းသည် ကောင်း၏၊ နားဖြင့် စောင့်စည်းခြင်းသည် ကောင်း၏၊ နှာခေါင်းဖြင့် စောင့်စည်းခြင်းသည် ကောင်း၏၊ လျှာဖြင့် စောင့်စည်းခြင်းသည် ကောင်း၏။

ဘိက္ခုဝဂ်(ဓမ္မပဒ -၃၆၀)


၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၂ ရက်၊ သောကြာနေ့။ Friday, 24 November 2023 ၁၁၂၈၉


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှု ရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် Air Chief Marshal Punpakdee Pattanakul အား လက်ခံတွေ့ဆုံစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

## တပ်မတော်ယဉ်ကျေးမှုအဖွဲ့များနှင့် ချစ်ကြည်ရေးအားကစားအဖွဲ့များ အပြန်အလှန်စေလွှတ်သွားမည့် အခြေအနေများ ဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၂၃

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် Air Chief Marshal Punpakdee Pattanakul ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✰

ယနေ့ ဖတ်စရာ

**မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဆဋ္ဌမအကြိမ် အထူးရန်ပုံငွေဖြင့် အကောင်အထည်ဖော်မည့် စီမံကိန်းများစတင်**

စာမျက်နှာ » ၄

**မကြာမီ ပြီးပါတော့မည်**

ဆောင်းပါး စာမျက်နှာ » ၆

**တက္ကသိုလ်များ စတင်ဖွင့်လှစ်၊ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားလျက်ရှိ**

စာမျက်နှာ » ၈



**သာယာရှုမဆုံး တန်ဆောင်မုန်း**

ဆောင်းပါး စာမျက်နှာ » ၁၆

ကြေးမုံ

# တရားဥပဒေစိုးမိုးရေးကို အလေးထား

နိုင်ငံတော်အစိုးရသည် နယ်စပ်ဒေသများသို့ တရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိသည့် ပြည်ပနိုင်ငံသားများကို စိစစ်ဖော်ထုတ်ခြင်း၊ ပြန်လည်လွှဲပြောင်းပေးခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာလ ၂၂ ရက်နေ့တွင် တရုတ်နိုင်ငံသား အမျိုးသား ၁၀၉၁ ဦး၊ အမျိုးသမီး ၁၉၇ ဦး စုစုပေါင်း ၁၂၈၈ ဦးကို စိစစ်ဖော်ထုတ်နိုင်ခဲ့ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ တာဝန်ရှိသူများထံသို့ စနစ်တကျလွှဲပြောင်းပေးခဲ့ကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများအပါအဝင် နိုင်ငံတစ်ဝန်း တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းစဉ်များကို အလေးထားဆောင်ရွက်လျက်ရှိရာတွင် အချို့သောပြည်ပနိုင်ငံများမှ နိုင်ငံသားများသည် နယ်စပ်ဒေသများမှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေထိုင်လုပ်ကိုင်မှုများရှိနေကြောင်းသိရှိရသဖြင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများက လိုအပ်သည့်စိစစ်မှုများပြုလုပ်ကာ ဥပဒေနှင့်အညီဆောင်ရွက်ပြီး သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

မြန်မာနိုင်ငံသို့ တရားမဝင် ဝင်ရောက်လာသောပြည်ပနိုင်ငံသားများတွင် အိမ်နီးချင်းတရုတ်နိုင်ငံမှ နယ်စပ်ဒေသများမှတစ်ဆင့် အများဆုံးဝင်ရောက်ခဲ့ကြပြီး အွန်လိုင်းလောင်းကစားမှုများတွင် ပါဝင်ခဲ့ကြသည်။ အဆိုပါအမှုများတွင် ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၃၁ ရက်နေ့မှ နိုဝင်ဘာလ ၂၃ ရက်နေ့အထိ တရုတ်နိုင်ငံသား အမျိုးသား ၅၆၁၂ ဦး၊ အမျိုးသမီး ၅၂၆ ဦး စုစုပေါင်း ၆၁၃၈ ဦးတို့ကို ဖော်ထုတ်ရရှိခဲ့ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ဥပဒေနှင့်အညီ စနစ်တကျပြန်လည်လွှဲပြောင်းပေးခဲ့သည်။

မြန်မာနိုင်ငံနယ်စပ်ဒေသများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာသောပြည်ပနိုင်ငံသားများသည် အထူးသဖြင့် အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများ၊ အွန်လိုင်းလောင်းကစားလုပ်ငန်းများကို အကြောင်းပြု၍ ရောက်ရှိလာကြခြင်းဖြစ်သည်။ အွန်လိုင်းပေါ်မှ လိမ်လည်မှုများသည် လောင်းကစားမှုများကို အခြေခံပြီး ဖြစ်ပေါ်လာခြင်းဖြစ်ရာ အွန်လိုင်းလောင်းကစားမှုများသည် ၂၀၂၁ ခုနှစ်အကုန် ၂၀၂၂ ခုနှစ်အကူးကာလတွင် မြန်မာနိုင်ငံ နယ်စပ်ဒေသအချို့တွင် ပေါ်ပေါက်လာခဲ့သည်။ များသောအားဖြင့် တရုတ်၊ ထိုင်း၊ လာအို၊ မလေးရှားစသည့်နိုင်ငံများမှ နိုင်ငံသားများ နယ်စပ်ဒေသမှ တရားမဝင် ဝင်ရောက်လာခဲ့သည်။

ထိုကာလမှစ၍ မြန်မာနိုင်ငံအစိုးရသည် တရားမဝင် ဝင်ရောက်မှုများကို ခြေရာခံပြီး စိစစ်ဖော်ထုတ် အရေးယူဆောင်ရွက်ခဲ့သည်။ အွန်လိုင်းလိမ်လည်မှု၊ လောင်းကစားမှုများနှင့်ပတ်သက်၍ မြန်မာနိုင်ငံအနေဖြင့် တရုတ်၊ ထိုင်း၊ လာအို အိမ်နီးချင်းနိုင်ငံများနှင့် လက်တွဲပူးပေါင်းဆောင်ရွက်နိုင်ခဲ့သည်။ မကြာသေးမီက မြန်မာနိုင်ငံ အကြီးအကဲနှင့် တရုတ်နိုင်ငံ အာရှရေးရာအထူးကိုယ်စားလှယ်တို့ တွေ့ဆုံစဉ် မြန်မာနိုင်ငံဘက်တွင် ဖြစ်ပေါ်နေသော အွန်လိုင်းလောင်းကစားနှင့် လိမ်လည်မှုများကို အမြစ်ပြတ်အောင် ဆောင်ရွက်သွားမည်ဟု သန္နိဋ္ဌာန်ချမှတ်ခဲ့ရာ အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရသည်။ အွန်လိုင်းလောင်းကစား လိမ်လည်မှုများသည် မြန်မာနိုင်ငံနယ်စပ်ဒေသအချို့ရှိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့အကြား ဖြစ်ပေါ်နေသောပြဿနာဖြစ်သည်။

နှစ်နိုင်ငံအတွက် အွန်လိုင်းလိမ်လည်မှုများသည် နှစ်နိုင်ငံပုံရိပ်ကို ထိခိုက်စေသော ကြီးမားသည့်ပြဿနာဖြစ်သည်။ အမှန်တကယ်တွင် အွန်လိုင်းလိမ်လည်မှု ဖြေရှင်းရေးသာမက တရားဥပဒေစိုးမိုးရေးကို နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။ ဆိုရှယ်မီဒီယာများမှတစ်ဆင့် အွန်လိုင်းလောင်းကစားမှုများကို ခြေရာခံစုံစမ်းပြီး ဆက်သွယ်ရေးဥပဒေ၊ လောင်းကစားဥပဒေတို့ဖြင့် မြန်မာနိုင်ငံတွင် တိုက်ဖျက်နှိမ်နင်းလျက်ရှိသည်။ မြန်မာနိုင်ငံအနေဖြင့် ပြည်ပမှရောက်ရှိလာသည့် လောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများသာမက မြန်မာ့မြေကို အသုံးပြုပြီး အိမ်နီးချင်းနိုင်ငံများကို ထိခိုက်စေနိုင်သောလုပ်ငန်းများ၊ အဖျက်အမှောင့်လုပ်ငန်းများ၊ မီဒီယာများမှတစ်ဆင့် ဝါဒဖြန့်ချိရေးလုပ်ငန်းများ၊ လိမ်လည်မှုများ၊ ဒုစရိုက်မှုများ၊ အကြမ်းဖက်မှုများကို ထိရောက်စွာတိုက်ဖျက်သွားမည်ဖြစ်သည်။

တရားမဝင် ဝင်ရောက်လာသော ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများနှင့်ဆက်သွယ်ပြီး မြန်မာနိုင်ငံဘက်မှ ပြန်လည်လွှဲပြောင်းပေးခြင်းရှိသကဲ့သို့ တရုတ်နိုင်ငံဘက်မှတစ်ဆင့် ပြန်လည်လွှဲပြောင်းပေးခြင်းများလည်းရှိသည်။ အဆိုပါမှုခင်းများသည် လူတစ်စု၏ ဥပဒေနှင့်မညီသည့် ဖောက်ဖျက်ကျူးလွန်သောအမှုများသာဖြစ်သည်။

သို့ဖြစ်ရာ ကမ္ဘာပေါ်တွင် ဆက်သွယ်ရေးနည်းပညာများ ထွန်းကားလာသော ခေတ်ကာလတွင် အွန်လိုင်းအသုံးပြုလိမ်လည်မှု၊ လောင်းကစားမှုနှင့် ဒုစရိုက်မှုများ ရှိနေဦးမည်ဖြစ်သော်လည်း မြန်မာနိုင်ငံနှင့် နှစ်နိုင်ငံပုံရိပ်ကို ထိခိုက်စေနိုင်သော အွန်လိုင်းလိမ်လည်မှုများနှင့်ဒုစရိုက်မှုများကို နိုင်ငံတော်အစိုးရအနေဖြင့် ထိရောက်စွာ ဆက်လက်ဆောင်ရွက်သွားမည့်အပြင် နယ်စပ်ဒေသများအပါအဝင် နိုင်ငံတစ်ဝန်း တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို အလေးထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။ ။

# အမျိုးသားဒီမိုကရေစီအင်အားစုပါတီ [National Democratic Force Party (NDF)] ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၅၀ / ၂၀၂၃ )**
၁၃၈၅ ခုနှစ် ၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက်
( ၂၀၂၃ ခုနှစ် ၊ နိုဝင်ဘာလ ၂၃ ရက် )

**အမျိုးသားဒီမိုကရေစီအင်အားစုပါတီ [National Democratic Force Party (NDF)] ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဗိုလ်စိန်မှန်ရပ်ကွက်၊ တာမွေအဝိုင်းအနီး၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ ပထမထပ်၊ အမှတ်(၄၇)တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **အမျိုးသားဒီမိုကရေစီအင်အားစုပါတီ [National Democratic Force Party (NDF)]** ကို ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**အမျိုးသားဒီမိုကရေစီအင်အားစုပါတီ [National Democratic Force Party (NDF)]**၏ မှတ်ပုံတင်အမှတ်မှာ (၄၃) ဖြစ်ပါသည်။

( ပုံ ) သိန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# အမြဲတမ်းမသန်စွမ်းမှု အကျိုးခံစားခွင့်ငွေလုံးငွေရင်း ထုတ်ပေး

**မှော်ဘီ နိုဝင်ဘာ ၂၃**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသော မှော်ဘီမြို့နယ်ရှိ Myanmar Wide Garment စက်ရုံမှ အာမခံအလုပ်သမား




အတွက် လုပ်ငန်းခွင်ပြင်ပထိခိုက်မှုကြောင့် အမြဲတမ်းမသန်စွမ်းမှု အကျိုးခံစားခွင့် ငွေလုံးငွေရင်းထုတ်ပေးခြင်းကို ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် ဘားလမ်းရှိ တိုင်းဒေသကြီး လူမှုဖူလုံရေးရုံး အစည်းအဝေးခန်းမ၌ ယနေ့နံနက် ၁၀ နာရီက ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးတာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနွဲ့ဦးက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ သိကောင်းစရာများကို ရှင်းလင်းပြောကြားပြီး မှော်ဘီမြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသော Myanmar Wide Garment စက်ရုံမှ အာမခံအလုပ်သမား ဒေါ်ရွှေရည်ဝင်း၏ လုပ်ငန်းခွင်ပြင်ပ ထိခိုက်မှုကြောင့် အမြဲတမ်းမသန်စွမ်းမှု ငွေလုံးငွေရင်း ခွင့်ပြုငွေကျပ် ၆၅၀၉၁၆၀ ကို ဒေါ်ရွှေရည်ဝင်းထံ ထုတ်ပေးခဲ့ကြောင်း သိရသည်။ **ဝင်းဇော်(မှော်ဘီ)**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၃ - ၁၁ -၂၀၂၃

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၇၀၀ | ၈,၇၀၀ | ၁၂ | ၁၀၄,၄၀၀ |
| MTSH | ၂,၉၀၀ | ၂,၉၀၀ | ၈,၅၄၅ | ၂၄,၇၈၀,၅၀၀ |
| MCB | ၇,၃၀၀ | ၇,၃၀၀ | ၀ | ၀ |
| FPB | ၁,၆၀၀ | ၁,၆၀၀ | ၉၁ | ၁၄၅,၆၀၀ |
| TMH | ၂,၄၅၀ | ၂,၄၅၀ | ၀ | ၀ |
| EFR | ၂,၀၀၀ | ၂,၀၀၀ | ၀ | ၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၂၀ | ၉၈,၀၀၀ |
| MAEX | ၁,၇၀၀ | ၁,၇၀၀ | ၃၁၃ | ၅၃၂,၁၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်သူရနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

☆ ရှေ့ဖုံးမှ

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့် တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ထိုင်းဘုရင့်လေတပ်ဦးစီးချုပ်နှင့်အတူ ထိုင်းဘုရင့်လေတပ်မှ တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းဘုရင့်လေတပ် စစ်သံမှူး Group Captain Jumphol Chantakamma တို့ တက်ရောက်ကြသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်သွားမည့် အခြေအနေများ၊ တပ်မတော်ယဉ်ကျေးမှုအဖွဲ့များနှင့် ချစ်ကြည်ရေးအားကစားအဖွဲ့များ အပြန်အလှန်စေလွှတ်သွားမည့် အခြေအနေများ၊ တပ်မတော်အဆင့်မြင့်အရာရှိကြီးများနှင့် တပ်မတော်သားများ၊ မိသားစုဝင်များ အပြန်အလှန်ချစ်ကြည်ရေး ခရီးစဉ်များသွားရောက်ခြင်းဖြင့် ချစ်ကြည်ရင်းနှီးမှုကို ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်မည့် အခြေအနေများနှင့်ပတ်သက်၍ ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ထိုင်းဘုရင့်လေတပ်ဦးစီးချုပ်တို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် Air Chief Marshal Punpakdee Pattanakul အား အမှတ်တရလက်ဆောင်ပစ္စည်းပေးအပ်စဉ်။



**စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့်အဖွဲ့နှင့် ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် Air Chief Marshal Punpakdee Pattanakul ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

# ပြည်ခရိုင်အတွင်း စိုက်ပျိုးသီးနှံအလိုက် ပန်းတိုင်အထွက်နှုန်းရရှိစေရေး မျိုးကောင်းမျိုးသန့်မျိုးစေ့များ ထောက်ပံ့ပေးအပ်

ပြည် နိုဝင်ဘာ ၂၃

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် နိုဝင်ဘာ ၂၁ ရက် နံနက်ပိုင်းတွင် ပြည်မြို့ တည်ဆောက်ရေး(၂) အစည်းအဝေးခန်းမ၌ သီးနှံအလိုက် ပန်းတိုင်အထွက်နှုန်းရရှိရေး မျိုးကောင်းမျိုးသန့်မျိုးစေ့များ ထောက်ပံ့ပေးအပ်ခြင်းအခမ်းအနားသို့ တက်ရောက်သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး ဘက်စုံကြိုးပမ်း ဖြည့်ဆည်းဆောင်ရွက်ပေးနေမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများက ဆောင်းမြေပဲ၊ မတ်ပဲ၊ ပဲတီစိမ်းအထွက်ကောင်း မျိုးသန့်မျိုးစေ့များ ထောက်ပံ့ပေးအပ်ပြီး ကောက်စိုက်လုပ်သားရှားပါးမှုနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် ဒေသခံတောင်သူများအား လက်ဆွဲကောက်စိုက်စက် အသုံးပြုပုံကို ဗီဒီယိုကလစ်ဖြင့် ရှင်းလင်းပြောကြားကာ ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကား ပြောကြားသည်။

**ကြည့်ရှုစစ်ဆေး**

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် ပန်းတောင်းမြို့နယ် ထောက်ရှာတန်းကျေးရွာ ဆောင်းသီးနှံ ဗီယက်နမ်မြေပဲ စံပြကွက်စိုက်ပျိုးထားရှိမှုကို ကွင်းဆင်းကြည့်ရှုအားပေးပြီး တစ်နှစ် သုံးသီးစိုက်ပျိုး၍ သီးထပ်စွမ်းအား တိုးတက်စေရေးတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် ငါးမျက်နှာ(ရွာလေး)ကျေးရွာ၌ တိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် သောက်သုံးရေကန် ပြန်လည်တူးဖော်ပြီးစီးမှုနှင့် ရေဝင်ရောက်မှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပန်းတောင်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ဆောင်းသီးနှံစိုက်တောင်သူများနှင့် တွေ့ဆုံ၍ စိုက်ပျိုးသီးနှံအလိုက် ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် အထွက်နှုန်းကောင်း မျိုးကောင်းမျိုးသန့်များကို တိုင်းဒေသကြီးအတွင်း တောင်သူလက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့မှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။




ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ စီးပွားရေးရာဝန်ကြီးနှင့် တိုင်းရင်းသားရေးရာဝန်ကြီးတို့က ဆောင်းသီးနှံစိုက်တောင်သူများအား မြေပဲ၊ ပဲတီစိမ်း၊ မတ်ပဲ မျိုးကောင်းမျိုးသန့်မျိုးစေ့များ ထောက်ပံ့ပေးအပ်ပြီး ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် အားပေးစကား ပြောကြားခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

**မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်**

နေပြည်တော် နိုဝင်ဘာ ၂၃

ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မိုး/ဇလ

**ဆည်မြောင်းချောင်းကန် ရေပြည့်လျှံ တမံသဘော ရေထိန်းတော။**

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ချန်းဟိုင်အား လက်ခံတွေ့ဆုံ



နေပြည်တော် နိုဝင်ဘာ ၂၃

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ချန်းဟိုင်အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား တည်ရှိပြီးဖြစ်သည့် ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှုကို အခြေခံ၍ နှစ်နိုင်ငံဆက်ဆံရေး တိုးတက်ခိုင်မာရေး၊ အကျိုးတူပူးပေါင်းဆောင်ရွက်မှု စီမံကိန်းများ ဆက်လက်အကောင်အထည်ဖော်သွားရေး၊ မြန်မာ-တရုတ်နှစ်နိုင်ငံ နယ်စပ်ဒေသတစ်လျှောက် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နှစ်ဖက်ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

သတင်းစဉ်

# မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဆဋ္ဌမအကြိမ် အထူးရန်ပုံငွေဖြင့် အကောင်အထည်ဖော်မည့် စီမံကိန်းများစတင်

နေပြည်တော် နိုဝင်ဘာ ၂၃

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဆဋ္ဌမအကြိမ် အထူးရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်းများစတင်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၌ ကျင်းပသည်။



## ထောက်ပံ့ပေးလျက်ရှိ

အခမ်းအနားတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က မဲခေါင်-လန်ချန်း ဒေသတွင်းနိုင်ငံများရှိ ကျေးလက်နေပြည်သူများ၏ ဆင်းရဲမှုလျှော့ချရေးနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသတွင်းနိုင်ငံများအကြား ဖွံ့ဖြိုးမှုကွာဟချက် လျှော့ချနိုင်ရန် ရည်ရွယ်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံက မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေကို တည်ထောင်ကာ ဒေသတွင်းနိုင်ငံများသို့ လူမှုစီးပွားဘဝမြှင့်တင်ရေးစီမံကိန်းများ ထောက်ပံ့ပေးလျက်ရှိရာ ယခုနှစ်ဆိုလျှင် ဆဋ္ဌမအကြိမ်ရောက်ရှိပြီဖြစ်ကြောင်း၊ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝနှင့် လူနေမှုအဆင့်အတန်းမြင့်မားရေးကို ထိရောက်စွာ အထောက်အကူပြုစေနိုင်သဖြင့် အကျိုးကျေးဇူးများစွာရှိသော စီမံကိန်းလုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အထူးရန်ပုံငွေ အထောက်အပံ့ဖြင့် မိမိတို့ဝန်ကြီးဌာနက ဆောင်ရွက်ရမည့် စီမံကိန်းလုပ်ငန်းများ၏ သက်ဆိုင်ရာနယ်ပယ်အလိုက် ရည်မှန်းချက်များ ပြည့်ဝအောင်မြင်ရေး အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံး ဒုတိယအတွင်းဝန် Mr. Zhang Zhonghua နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်မိုးတို့က အမှာစကားပြောကြားကြပြီး မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ(၂၀၂၁)၊ (၂၀၂၂)တို့ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခွင့်ရရှိခဲ့သောလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို သက်ဆိုင်ရာတာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး ဒုတိယအတွင်းဝန်နှင့် ဧည့်သည်တော်များသည် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် စီမံကိန်းလုပ်ငန်းဆိုင်ရာ ပြခန်းပြကွက်များကို ကြည့်ရှုအားပေးကြသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေဖြင့် စီမံကိန်း ၃၅ ခုကို စုစုပေါင်းရန်ပုံငွေ အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၁၈ သန်းကျော်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခွင့်ရရှိခဲ့ခြင်းဖြစ်သည်။ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (၂၀၁၇)ဖြင့် စီမံကိန်း ငါးခု၊ (၂၀၁၈) ဖြင့် စီမံကိန်း ကိုးခု၊ (၂၀၂၀) ဖြင့် စီမံကိန်း ခြောက်ခု၊ (၂၀၂၁)ဖြင့် စီမံကိန်းလေးခု၊ (၂၀၂၂) ဖြင့် စီမံကိန်း ခုနစ်ခုတို့ကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး ယခု မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ(၂၀၂၃)ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခွင့်ရရှိခဲ့သည့် စီမံကိန်းလေးခုတွင် မြန်မာ့လယ်ယာထွက်ကုန်များနှင့် စိုက်ပျိုးရေးဆိုင်ရာ ကုန်သွယ်မှုလုပ်ငန်းများ လွယ်ကူချောမွေ့စေရေး၊ စပါးအပြီးပဲပုပ်သီးထပ်စိုက်ပျိုးခြင်းဖြင့် သီးနှံစိုက်စွမ်းအားမြှင့်တင်ခြင်း၊ နယ်စပ်ဖြတ်ကျော် ခွာနာလျှာနာရောဂါ ကင်းရှင်းရေးဇုန်ထူထောင်ခြင်း၊ ဒေသကြက်များကို မျိုးရိုးဗီဇမြှင့်တင်ခြင်းနှင့် ရောဂါဖော်ထုတ်ခြင်း စသည့်လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်းပြုနေကြသည့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝမြှင့်တင်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# အုတ်ဖိုမြို့၌ မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ သားခြားနည်းလမ်းများပြပွဲ ကျင်းပ

အုတ်ဖို နိုဝင်ဘာ ၂၃

ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ်၌ မြန်မာနိုင်ငံ ပြည်သူ့ကျန်းမာရေး ပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ (၂၀၂၃)ကို ကြိုဆို ဂုဏ်ပြုသောအားဖြင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ သားခြားနည်းလမ်းများပြပွဲကို ယနေ့နံနက် ၁၀ နာရီက ကျင်းပသည်။



ပြပွဲတွင် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ စိုးသက်ဝင်းနှင့် ကျန်းမာရေး ဝန်ထမ်းများက တက်ရောက်လာသူများအား ပြပွဲပြသရခြင်း ရည်ရွယ်ချက်နှင့် သားဆက်ခြား ကျန်းမာရေးဆိုင်ရာ နည်းလမ်းများကို အသိပေး ရှင်းလင်းပြောကြားသည်။

## ရှင်းလင်းဖြေကြား

ထို့နောက် တက်ရောက်လာသူများက သိလိုသည်များ မေးမြန်းရာ သက်ဆိုင်ရာ ကျန်းမာရေး ဝန်ထမ်းများက အသေးစိတ် ရှင်းလင်းဖြေကြားခဲ့ပြီး ထိုးဆေး တစ်ဦး၊ စားဆေး ရှစ်ဦးနှင့် လက်မောင်း အရေပြားအောက်သွင်း သားဆက်ခြားသုံးစွဲသူ ကိုးဦးတို့ကို ဝန်ဆောင်မှုပေးခဲ့ကြောင်း သိရသည်။

အောင်သူ(ပြန်/ဆက်)

# ချောင်းဆုံမြို့နယ်၌ သဘာဝဘေးအန္တရာယ်ကာကွယ်လျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ လက်တွေ့သရုပ်ပြ

ချောင်းဆုံ နိုဝင်ဘာ ၂၃

မွန်ပြည်နယ် မီးသတ်ဦးစီးဌာနမှ ဦးဆောင်၍ စာသင်ကျောင်းအခြေပြု သဘာဝဘေးအန္တရာယ်ကာကွယ်လျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အသိပညာပေးခြင်းကို ယနေ့ နံနက် ၁၀ နာရီက ချောင်းဆုံ(အထက) သီရိရတနာခန်းမ၌ ပြုလုပ်သည်။



## ရှင်းလင်းပြောကြား

ဦးစွာ မြို့နယ်ပညာရေးမှူး ဦးသိန်းဟန်က အဖွင့်အမှာစကားပြောကြားပြီး ပြည်နယ်မီးသတ်ဦးစီးဌာန ဒုတိယမီးသတ်ဦးစီးမှူး ဒေါ်ဇင်ဖုန်းနိုင်က ဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လေ့ကျင့်ခန်းဖြင့် ကျောင်းသားကျောင်းသူများပါဝင်ရမည့် ဂိမ်းကစားနည်း ကိုးနည်းအကြောင်းကို မိတ်ဆက်ရှင်းလင်းပြောကြားပြီး အသိပညာပေးခြင်းနှင့် လက်တွေ့သရုပ်ပြခြင်း ဂိမ်းများကို ကဏ္ဍအလိုက် ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ ဂိမ်းကစားနည်းများတွင် မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးသုံး ပစ္စည်းများကို အသုံးပြုပုံ၊ မီးသတ်ဆေးဘူး အသုံးပြုနည်း၊ သက်ကယ်ကြိုးချည်နည်းများ၊ အိမ်သုံးပစ္စည်းများဖြင့် ကယ်ဆယ်ရေးပစ္စည်းများ ပြုလုပ်နည်းနှင့် ရုပ်ပုံကားချပ်များဖြင့် အမေးအဖြေကဏ္ဍ စသည်တို့ကို ကျောင်းသားကျောင်းသူများ လက်တွေ့အသုံးချတတ်စေရေးအတွက် မီးသတ်တပ်ဖွဲ့ဝင်များက အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

နေပြည်တော် နိုဝင်ဘာ ၂၃

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနေမည်။

မိုး/ဇလ

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း တရုတ်ပုံရိပ် ရုပ်ရှင်သီတင်းပတ်ဖွင့်ပွဲ တက်ရောက်

**ရန်ကုန် နိုဝင်ဘာ ၂၃**

မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး China Media Group (CMG)နှင့် တရုတ်ယဉ်ကျေးမှုစင်တာတို့ ပူးပေါင်း၍ တရုတ်ပုံရိပ် ရုပ်ရှင်သီတင်းပတ် (Chinese Film Week) ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ အလုံမြို့နယ် မင်းရဲကျော်စွာလမ်းရှိ တရုတ်ယဉ်ကျေးမှုစင်တာ၌ ကျင်းပသည်။



**တက်ရောက်**

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ သံမှူးကြီး Mr. Zheng Zhihong နှင့် ရန်ကုန် တရုတ်ယဉ်ကျေးမှုစင်တာ တာဝန်ခံ Mr. Xiang Jianbo၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်း၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူ-မောင်နိုင်မိုး)၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာကြည်ရွှင်၊ တရုတ်ယဉ်ကျေးမှုစင်တာမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အမှာစကား ပြောကြားရာတွင် ရုပ်ရှင်အနုပညာသည် အနုပညာနယ်ပယ် အရပ်ရပ်အနက် လွှမ်းဆော်နိုင်မှု စွမ်းပကားကြီးမားပြီး လူတို့အပေါ်တွင် သြဇာအာဏာ သက်ရောက်မှုရှိသလို လူ့အသိုင်းအဝိုင်း နယ်ပယ်အတွင်း ထိုးထွင်းဝင်ရောက်နိုင်စွမ်းရှိသည်ကို တွေ့ရပါကြောင်း၊ ရုပ်ရှင်တွင်ဖော်ကျူးသည့် အနုပညာလက်ရာများသည်လည်း နိုင်ငံအချင်းချင်း၊ ပြည်သူအချင်းချင်း၊ ယဉ်ကျေးမှုအချင်းချင်း နီးနှောပေါင်းစပ်ပေးနေသည့် အနုပညာသုခုမပညာရပ်ပင် ဖြစ်ပါကြောင်း။

တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံအကြား ဘက်ပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှု သမိုင်းကောင်းမှတ်တိုင်များ ရှိပါကြောင်း၊ ယင်းတို့အနက် တရုတ်နိုင်ငံ ထန်မင်းဆက်ခေတ်၊ မြန်မာနိုင်ငံ ပျူခေတ်တို့တွင် နှစ်နိုင်ငံရင်းနှီးချစ်ကြည်မှုကို ဂီတနှင့် အနုပညာအခြေခံပြီး မြှင့်တင်ဆောင်ရွက်ခဲ့သည့် အကြောင်းအရာတစ်ခု ရှိခဲ့ဖူးပါကြောင်း၊ ခရစ်နှစ်(၈၀၂)ခုနှစ်တွင် တရုတ်ပြည်သို့ ရောက်ခဲ့သည့် ပျူဂီတအနုပညာသံတမန်အဖွဲ့က ဂီတအနုပညာစွမ်းပကားနှင့်ပင် တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုကို မြှင့်တင်ပေးနိုင်ခဲ့ပါကြောင်း၊ ယင်းချစ်ကြည်ရင်းနှီးမှုကိုအခြေခံပြီး ဒေသတွင်း နိုင်ငံတကာရေးရာနှင့် စီးပွားဆက်သွယ်မှုများကိုလည်း ပိုမိုတိုးတက်စေခဲ့ပါကြောင်း။

**အောင်မြင်မှုများရရှိခဲ့**

ချစ်ကြည်ရင်းနှီးမှုကို အခြေခံပြီး အနုပညာတစ်ရပ်ဖြစ်သည့် ဂီတနှင့် သရုပ်ဆောင်မှုအနုပညာကို ဖန်တီးသည့်အနေဖြင့် ၂၀၁၃ ခုနှစ်မှာ ပြန်ကြားရေးဝန်ကြီးဌာနနှင့် တရုတ်နိုင်ငံ ယူနန်ပြည်နယ် ယူနန်ရုပ်မြင်သံကြားဌာနတို့ ပူးပေါင်းသည့် “ဒဏ္ဍာရီထဲကတေးကဗျာ” ဇာတ်လမ်းတွဲရိုက်ကူးခဲ့ရာ တရုတ်နိုင်ငံမှ ပြည်သူများနှင့် မြန်မာနိုင်ငံမှ ပြည်သူများပါ ကြိုက်နှစ်သက်ကြသည့်အတွက် ယဉ်ကျေးမှုပိုင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတွင် အောင်မြင်မှုများရရှိခဲ့ပါကြောင်း။

တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံသည် ချစ်ကြည်ရင်းနှီးသည့် အိမ်နီးချင်းနိုင်ငံများဖြစ်ပြီး သံတမန်ဆက်ဆံရေးထူထောင်ခဲ့သည့် ကာလမှာ နှစ်(၇၀)ကျော်ခဲ့ပြီဖြစ်၍ နိုင်ငံရေးအပြန်အလှန်ယုံကြည်မှု၊ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု၊ ပြည်သူချင်း မကြာခဏ ထိတွေ့ဆက်ဆံမှု၊ နိုင်ငံတကာနှင့် ဒေသဆိုင်ရာပြဿနာများအပေါ် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်မှုတို့ကို နှစ်နိုင်ငံမြင့်မြင့်မားမား ဆောင်ရွက်လျက်ရှိပါကြောင်း၊ နှစ်နိုင်ငံအကြား အပြန်အလှန်လေးစားမှု၊ အပြန်အလှန်ယုံကြည်မှု၊ အပြန်အလှန် ကူညီပံ့ပိုးမှုတို့အပေါ် အခြေခံခြင်းအားဖြင့် တရုတ်နိုင်ငံနှင့်မြန်မာနိုင်ငံ ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးကို ပိုမိုအားကောင်းစေပြီး နှစ်နိုင်ငံပြည်သူလူထုအတွက် ပိုမိုအကျိုးဖြစ်ထွန်းမှုများ ဆောင်ယူလာနိုင်မည်ဟု ယုံကြည်မိပါကြောင်း။

မိမိတို့ နှစ်နိုင်ငံသည် အိမ်နီးချင်းနိုင်ငံဖြစ်သည်နှင့်အညီ ရုပ်ရှင်ကဏ္ဍတွင်သာမက အခြားစီးပွားရေးကဏ္ဍများ၊ ပြည်သူအချင်းချင်းဆက်ဆံမှုများ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်ကို တက်ရောက်လာကြသည့်ပရိသတ်များ သိရှိပြီးဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးကကြီးမှူး၍ တရုတ်ရုပ်ရှင်ပွဲတော်များကို နှစ်စဉ်ကျင်းပလျက်ရှိပါကြောင်း၊ မြန်မာပရိသတ်များအနေဖြင့် တရုတ်ရုပ်ရှင်ဇာတ်ကားများကို ယခင်ကတည်းက နှစ်ခြိုက်ကြသည့်အတွက် နှစ်စဉ်ကျင်းပခဲ့သည့် တရုတ်ရုပ်ရှင်ပွဲတော်များမှာ စိတ်အားထက်သန်စွာဖြင့် ကြည့်ရှုနေကြပါကြောင်း။

နိုင်ငံအချင်းချင်း၊ လူမျိုးအချင်းချင်း ဆက်ဆံရာတွင် အချို့မှာ ဘာသာစကားနားမလည်သည့်တိုင် ရုပ်ရှင်တွင်ရိုက်ကူးဖော်ပြချက်များကြောင့် လူသားအချင်းချင်း၊ နှလုံးသားချင်း၊ ရင်ဘတ်ချင်းနားလည်မှုရရှိပြီး ပိုမိုရင်းနှီးလာစေပါကြောင်း၊ မိမိတို့မြန်မာနိုင်ငံအနေဖြင့်လည်း တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ နှစ်စဉ်ကျင်းပသည့် Golden Rooster & Hundred Flowers Film Festival တွင်လည်း နှစ်စဉ်ရုပ်ရှင်ဇာတ်ကားပါဝင်ပြသခဲ့ပြီး ပြန်ကြားရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်များ၊ ထုတ်လုပ်သူနှင့် ဒါရိုက်တာများအပါအဝင် ကိုယ်စားလှယ်အဖွဲ့များ တက်ရောက်ခဲ့ကြပါကြောင်း။

ထို့အတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်၌ လန်မေနိုင်ငံတကာ ရုပ်ရှင်ရက်သတ္တပတ်ပွဲတော်(Lanmei International Film Week)သို့လည်း မြန်မာနိုင်ငံက ရုပ်ရှင်ဇာတ်ကားများပေးပို့ပြီး မြန်မာနိုင်ငံမှကိုယ်စားလှယ်များလည်း တက်ရောက်ခဲ့ပါကြောင်း။

**ပေးပို့ပြသခဲ့**

၂၀၂၂ ခုနှစ်၊ ၂၀၂၃ ခုနှစ်တို့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံက ကြီးမှူးကျင်းပသည့် Screening of Outstanding ASEAN-China Audio-Visual Program၊ 5th Guangxi Online Animation Competition၊ 2022 China- ASEAN Film Culture Week၊ 5th Lancang-Mekong International Film Week တို့သို့ မြန်မာနိုင်ငံက ရုပ်ရှင်ဇာတ်ကားနှင့် ဇာတ်လမ်းတိုများ ပေးပို့ပြသခဲ့ပါကြောင်း၊ ရုပ်ရှင်ပွဲတော်ကျင်းပခြင်းနှင့်အတူ နှစ်နိုင်ငံအကြား ရုပ်ရှင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရန်၊ စီးပွားရေးဆက်သွယ်ဆောင်ရွက်မှုကို ပိုမိုတိုးတက်စေရန်နှင့် တရုတ်နိုင်ငံနှင့် ချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မြဲအောင် ဖော်ဆောင်သည့် သဘောပင်ဖြစ်ပါကြောင်း။

ယနေ့ကျင်းပသည့် “၂၀၂၃ တရုတ်ပုံရိပ်ရုပ်ရှင်သီတင်းပတ်”ကို မြန်မာပရိသတ်များက တရုတ်နိုင်ငံအကြောင်းကို ပိုမိုနားလည်သိရှိပြီး နှစ်နိုင်ငံအကြား ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှုကို အရှိန်မြှင့်တင်ပေးနိုင်မည်ဟု ယုံကြည်ပါကြောင်း။

ယခုကဲ့သို့ ကောင်းမွန်သည့် အစဉ်အလာများကို ထိန်းသိမ်းပြီး နောင်လာမည့်နှစ်များတွင်လည်း ဆက်လက်ကျင်းပနိုင်ပါစေကြောင်း၊ တရုတ်-မြန်မာ ချစ်ကြည်ရင်းနှီးမှုသည်လည်း ပိုမိုခိုင်မြဲပါစေလို့ ဆုမွန်ကောင်းတောင်းကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ သံမှူးကြီး Mr. Zheng Zhihong က အမှာစကား ပြောကြားသည်။

ယင်းနောက် ၂၀၂၃ ခုနှစ် တရုတ်ပုံရိပ်ရုပ်ရှင်သီတင်းပတ်တွင် ပြသမည့် ဇာတ်ကားများကို မိတ်ဆက်ပြသသည်။

ထို့နောက် တက်ရောက်လာကြသည့် သတင်းမီဒီယာများ၏ မေးမြန်းချက်များကို ရန်ကုန် တရုတ်ယဉ်ကျေးမှုစင်တာမှ တာဝန်ရှိသူများက ဖြေကြားသည်။

**မှတ်တမ်းတင်ဓာတ်ပုံရိုက်**

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ သံမှူးကြီး၊ ရန်ကုန် တရုတ်ယဉ်ကျေးမှုစင်တာ တာဝန်ခံ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌ၊ ရန်ကုန် နိုင်ငံခြားဘာသာတက္ကသိုလ် ပါမောက္ခချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ တာဝန်ရှိသူများက စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် တရုတ်နိုင်ငံ၏ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး အကြောင်း ရိုက်ကူးတင်ဆက်ထားသည့် **အတွင်းရေးမှူးအားရှာ** ဇာတ်ကားကိုပြသရာ တက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြသည်။

အဆိုပါ တရုတ်ပုံရိပ် ရုပ်ရှင်သီတင်းပတ်တွင် တရုတ်နိုင်ငံ၏ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအကြောင်း ရိုက်ကူးတင်ဆက်ထားသည့် **အတွင်းရေးမှူးအားရှာ** ဇာတ်ကား၊ တရုတ်ရှေးခေတ်ဝတ္ထုရှည်တစ်ပုဒ်ကို အခြေခံရိုက်ကူးထားသည့် **ခန်းဆောင်နီအိပ်မက်** ဇာတ်ကား၊ တရုတ်အစားအစာ ယဉ်ကျေးမှုအကြောင်း ရိုက်ကူးတင်ဆက်ထားသည့် **A Bite Of China Season 2** မှတ်တမ်းရုပ်ရှင်၊ သည်းထိတ်ရင်ဖို ဟာသဇာတ်လမ်းဖြစ်သည့် **Detective Chinatown 1** ဇာတ်ကား၊ **အနောက်ဘက်သို့ခရီးသွားခြင်း** ရုပ်သံဇာတ်လမ်းတွဲ စသည့် သုတရသ ယဉ်ကျေးမှုစုံလင်သည့် ခေတ်သစ်တရုတ်ပုံရိပ်ရုပ်ရှင်များကို နိုဝင်ဘာ ၂၄ ရက်မှ ၂၇ ရက်အထိ တရုတ်ယဉ်ကျေးမှုစင်တာ၌ ပြသသွားမည်ဖြစ်ရာ မည်သူမဆို လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

## အီလက်ထရောနစ်နည်းပညာကို အသုံးပြု၍ Digital Platform ဖြစ်သော Mobile Application နှင့် Website များတွင် E-Book ထုတ်ဝေစာများ ဆောင်ရွက်နေမှုနှင့်ပတ်သက်၍ အသိပေးကြေညာချက်

၁။ ၂၀၁၄ ခုနှစ် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေတွင် ထုတ်ဝေစာဆိုသည်မှာ လက်ရေးစာ၊ ပုံနှိပ်စာ၊ အီလက်ထရောနစ်နှင့် အခြားနည်းပညာတစ်ရပ်ရပ်ဖြင့်ဖန်တီး၍ ထုတ်ဝေလိုက်သည့် စာတို့အပြင် ယင်းတို့နှင့် အမျိုးအစားတူသည်ဖြစ်စေ၊ မတူသည်ဖြစ်စေ ထင်ရှားမြင်သာသော ပုံသဏ္ဌာန်ရှိသည့်အရာ သို့မဟုတ် ပုံအားဖြင့်သော် လည်းကောင်း၊ သဏ္ဌာန်အားဖြင့်သော် လည်းကောင်း၊ အခြားနည်းလမ်းအားဖြင့်သော်လည်းကောင်း စကားလုံးများကိုဖြစ်စေ၊ အတွေးအခေါ်များကိုဖြစ်စေ သိရှိစေနိုင်သည့်အရာများနှင့် သတင်းစာ၊ စာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်းနှင့် စာအုပ်များကိုဆိုသည်ဟု လည်းကောင်း၊ ယင်းဥပဒေပုဒ်မ ၁၅ တွင် မည်သူမျှ သက်ဆိုင်ရာလုပ်ငန်းအသိအမှတ်ပြုလက်မှတ်မရှိဘဲ ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်း သို့မဟုတ် သတင်းအေဂျင်စီလုပ်ငန်းလုပ်ကိုင်ခြင်းမပြုရဟုလည်းကောင်း ပြဋ္ဌာန်းထားရှိပါသည်။

၂။ ယခုအခါ အီလက်ထရောနစ်နည်းပညာကို အသုံးပြု၍ Digital Platform ဖြစ်သော Mobile Application နှင့် Website များတည်ထောင်၍ E-Book ထုတ်ဝေစာများအား ထုတ်ဝေဖြန့်ချိလျက်ရှိသည်ကို တွေ့ရှိရပြီး ၎င်း E-Book ထုတ်ဝေစာများသည် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေပါ ထုတ်ဝေစာအဓိပ္ပာယ် ဖွင့်ဆိုချက်တွင် အကျုံးဝင်ပါသဖြင့် သက်ဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန် လိုအပ်ပါသည်။

၃။ သို့ဖြစ်၍ Digital Platform အသုံးပြုကာ Application နှင့် Website များတည်ထောင်၍ E-Book များ ထုတ်ဝေဖြန့်ချိဆောင်ရွက်နေသူများအနေဖြင့် ဥပဒေပုဒ်မ ၁၅ နှင့်အညီ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်ရယူဆောင်ရွက်ရန်၊ မိမိတို့၏ ထုတ်ဝေစာများသည် ပုဒ်မ ၈ ပါ စည်းကမ်းချက်များနှင့်အညီ ရေးသားထုတ်ဝေဆောင်ရွက်ရန်နှင့် နည်းဥပဒေ ၁၅(ခ)နှင့်အညီ E-Book Soft Copy (၅)အုပ်/(၅) စောင်ကို မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲသို့ ပေးအပ်ရန် လိုအပ်ပါကြောင်းနှင့် လိုက်နာရန်ပျက်ကွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

# မကြာမီ ပြီးပါတော့မည်

## သတင်းစာဆရာတစ်ဦး

"ဆရာ"

"ဗျာ"

"ကျွန်တော်တို့ နွေဦးတော်လှန်ရေး ဘယ်တော့လောက် အောင်မြင်ပြီးဆုံးမလဲ ဆရာ"

"အမှန်အတိုင်း ဖြေရမလား"

"ဟုတ်ကဲ့။ အမှန်အတိုင်း သိချင်ပါတယ်"

"ဘယ်သောအခါမှ အောင်မြင်မှု မရနိုင်ပါဘူးကွယ်"

"ဘာဖြစ်လို့လဲ ဆရာ"

"မင်းတို့သိရင်လည်း သိမယ်။ မသိရင်လည်း မသိဘူး။ တကယ်တော့ တော်လှန်ရေးတစ်ရပ် အောင်မြင်တယ်ဆိုတာ (၁) ပြည်သူလူထု သို့မဟုတ် အလုပ်သမား၊ လယ်သမား လူတန်းစားတစ်ရပ်အတွက် တိုးတက်ကောင်းမွန်စေရမယ်ဆိုတဲ့ မှန်မြတ်တဲ့ ဦးတည်ရည်ရွယ်ချက် ရှိရပါတယ်။ (၂) အခု မင်းတို့ရဲ့ လက်နက်ကိုင်တိုက်ပွဲက ပြည်သူ တစ်ရပ်လုံးအတွက် အကျိုးစီးပွားလည်း မပါသလို ငါတို့တိုင်းပြည်ရဲ့ အဓိက စိုက်ပျိုးရေးထုတ်ကုန်ကို လုပ်ဆောင်နေကြတဲ့ တောင်သူ လယ်သမားတွေအတွက် အကျိုးစီးပွားတိုးတက်ရေးလည်း ရည်ရွယ်ချက်ထဲမှာ တိတိကျကျမပါဘူး"

မင်းတို့ထက် ရာဇဝင်ပြောင်တဲ့ လုပ်ဆောင်ချက်တွေကို နယ်ချဲ့ ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေးအတွက်ပါ လူငယ်နိုင်ငံရေး သမားဘဝက ပါဝင်လှုပ်ရှားခဲ့ကြသူတွေဖြစ်ပေမယ့်လည်း ငါ့ပါတီမှ ငါ့ပါတီ၊ ငါအရေးမှ ငါအရေးဆိုတဲ့ အတ္တမာနအစွဲဝင်သွားလို့ လမ်းလွဲ တိမ်းချော်ကျသွားခဲ့ရသူတွေလည်းပါတယ်။ သင်ခန်းစာ မင်းတို့ ယူရမှာ"

"ဘယ်သူတွေလဲ ဆရာ"

"သခင်စိုး၊ သခင်သန်းထွန်း၊ ဗိုလ်ဇေယျ၊ ဗိုလ်ရန်အောင်၊ ဗိုလ်ကျော်ဇော၊ သခင်နု (ပြည်ပြေးစင်ပြိုင်အစိုးရ)၊ စိန်ဝင်း စင်ပြိုင် အစိုးရ၊ ဟန်ညောင်ဝေ စင်ပြိုင်အစိုးရနဲ့ အခုမင်းတို့အထက်က CRPH နဲ့ NUG ဆိုတဲ့ တရားမဝင်အစုအဖွဲ့တွေပဲ"

"ဟာ ရှေ့ကအဖွဲ့တွေ အများကြီးပဲ"

"ဟုတ်တယ် ညာတာ လိမ်တာ လူတွေက အလွန်တပ်မက်တတ် တာ။ **"သိုက်စာဖတ်ကာ ဥစ္စာရှာ၊ မကြာချမ်းသာ တွေ့နိုးနိုး"** ဆိုတဲ့ စကားလိုပဲ လူလိမ်လူညာတွေ ရေးထားကြတဲ့ သိုက်စာကိုဖတ်ပြီး သိုက်တူးကြတဲ့ သိုက်ရူးတွေရဲ့ဘဝနဲ့အတူတူပဲ။ အညာခံကြရတာ"

"သိုက်ရူးဆိုတာ ဘာလဲဆရာ"

"သူတို့လည်း အခက်အခဲကြားက အမျိုးမျိုးစွန့်စားပြီး အခုလို သုံးနှစ်နီးပါး ရပ်တည်ရှင်သန်လှုပ်ရှားနိုင်ခဲ့တာ ချီးကျူးစရာ မဟုတ်ဘူးလား"

"ချီးကျူးချင်ရင် ချီးကျူးပါလေ မတားပါဘူး"

"ဆရာက မချီးကျူးနိုင်ဘူးလား"

"လက်တွေ့ပကတိ အမှန်တရားကို အထောက်အထားအရ ကြည့်လေ။ ပြည်သူတွေကို တရားမဲ့ သတ်ဖြတ်နေတယ်။ ရဟန်းသံဃာတော်တွေ၊ ဆရာ ဆရာမတွေကို (စွပ်စွဲချင်သလို စွပ်စွဲပြီး) ရက်ရက်စက်စက် နှိပ်စက် သတ်ဖြတ်နေတယ်။ ကိုယ်က စွပ်စွဲတာမဟုတ်ဘူး၊ မင်းတို့ PDF ကိုယ်တိုင်က မှတ်တမ်းတင်ဂုဏ်ယူပြီး ဗီဒီယိုရိုက်ကူး၊ ပြည်သူကိုခြိမ်းခြောက် မျှဝေပြသနေလို့ တို့မှာ အထိတ်တလန့်မြင်ရကြားရတာ အထင်အရှား။ ယုတ်မာမိုက်ကန်းပုံတွေကို ပြည်သူသိကြရတာလေ။ လက်ခံနိုင်ဖွယ်မရှိဘူး"

"တော်လှန်ရေးရဲ့ အဟန့်အတားဒလန်တွေ"

"ဒါက မင်းတို့စွပ်စွဲတာပါ။ သာမန်ပြည်သူတွေပါ။ အတိုက်အခံ အငြင်းအခုံ ဘာမှမပြောချင်ပါဘူးကွာ။ မင်းတို့လက်ထဲမှာ သေနတ်ရှိတယ်။ ဓားရှိတယ်။ ငါ့လက်ထဲမှာ ရေးစရာ မင်တံပဲရှိတယ်။ ကြောက်လို့ ရှောင်တာ၊ ပြေးတာမဟုတ်ပါဘူး။ ကိုယ်ကအမှန်တရားကိုတော့ အများသိမြင်အောင် ရဲရဲရေးမှာပါပဲ။ ကောင်းကျိုးမထွက်ပေါ်နိုင်တဲ့ အငြင်းအခုံစကားတွေ ပြောမနေချင်တော့လို့ပါ"

"ဒါဆိုကျွန်တော်တို့ကို အကျိုးရှိအောင် ဘာများပြောပေးနိုင်မလဲ"

"မင်းတို့အသက်အရွယ် နှစ်ဆယ်၊ သုံးဆယ်။ လူ့ဘဝမှာ အရေးအကြီးဆုံးနဲ့ တန်ဖိုးအရှိဆုံး အရွယ်အပိုင်းအခြားပဲ။ မှန်တာ၊ မှားတာထား။ ဘဝရဲ့အကောင်းဆုံးစွမ်းအားတွေ၊ ထက်သန်မှု၊ တက်ကြွမှု၊ စွန့်စားရဲမှု၊ စွန့်လွှတ်နိုင်မှု၊ ကာယခွန်အားသန်မာမှု၊ ထိုက်သင့်တဲ့ အသိဉာဏ်ပြည့်စုံမှု၊ ကိုယ်ပိုင်စွမ်းရည်တွေ ရှိပါလျက် ကယ်နဲ့ လေထဲတိုက်အိမ်ဆောက်၊ ကိုယ်ကျိုးသက်သက် အကြောင်းပြုပြီး (တကယ်က နိုင်ငံအတွက်၊ လူထုအတွက် မထမ်းရွက်ဘဲ လက်တွေ့မှာ ဖျက်ဆီးမီးရှို့နေတဲ့) ခေါင်းဆောင်သိုက်ရူးတွေ ဘူးသွင်းခံရပြီး ခေတ်သစ်နယ်ချဲ့ရဲ့ လှည့်စားမှိုင်းတိုက်ခြင်းကြောင့် နွေဦးတော်လှန်ရေး၊ ဒီမိုကရေစီအရေးတော်ပုံ ဘာဘာညာညာ၊ ပျားသကာ လူးထားတဲ့ မူးယစ်ဆေးဝါးအဆိပ်ကို စားမိနေကြသူတွေ။ လမ်းမှားနေကြတာ။ သနားကြင်နာပါတယ်။ စိတ်မကောင်းဘူး။ သမိုင်းကို လေ့လာကြပါ"



"ခရီးမထွက်ခင်၊ မြေပုံကို သေသေချာချာလေ့လာကြပါ။ ဘယ်လမ်းလျှောက်ရင် ဘယ်စခန်းရောက်မှာလဲ။ သေသေချာချာ သိအောင် မြေပုံကိုကြည့်ပါ။ သမိုင်းအမြင်မရှိဘဲ နိုင်ငံရေးလုပ်လို့ မရဘူး။ အခုတော့ . . . . ။

"ဒါဆို ကျွန်တော်တို့ အသက်နဲ့ရင်းပြီး လက်နက်ကိုင်တိုက်ခိုက် နေရတာက ဘယ်သူ့အကျိုးအတွက် ရည်ရွယ်ချက်နဲ့လုပ်နေတာ ဖြစ်မလဲ "

"ရှင်းရှင်းပြောရရင် ခေတ်သစ်နယ်ချဲ့ရဲ့ လက်ကိုင်တုတ် ရုပ်သေးဘဝ ကပြနေကြရတာပဲ"

"ဟာ ဟုတ်ရဲ့လားဆရာ၊ ဟုတ်ပါ့မလား"

"မယုံလို့ ရှေ့ဆက်လျှောက်လေလေ **ရှေ့တိုးထမ်းပိုး၊ နောက်ဆုတ် လှည်းထုပ်** ဆိုတဲ့ နွားလှည်းမှာ ထမ်းပိုးတင်ပြီး ရုန်းနေရတဲ့ နွားတိရစ္ဆာန် ဘဝနဲ့ အတူတူပဲဆိုတာ သိမြင်လာရမယ်။ နဖားကြိုးထိုးခံထားရတယ်၊ ကြိမ်တုတ်နဲ့အရိုက်ခံရမယ်၊ နားရတဲ့အခါ ကောက်ရိုးလေးကျွေးပြီး ချောင်းရေ ကန်ရေလေး သောက်ချင်သောက်ရမယ်။ မိမိကိုယ်ကို နွားဘဝရောက်နေရတာ မသေမချင်းခံပေဦး"

"ကျွန်တော်တို့ နွေဦးတော်လှန်ရေးက ဘာလို့မအောင်မြင်နိုင်ဘူး လို့ ဆရာက အပြတ်ပြောနိုင်တာလဲ"

" ကိုယ်ပြောတာက နှစ်ပေါင်းများစွာ လူ့သမိုင်းကို စိတ်ဝင်တစား လေ့လာဆည်းပူးထားလို့၊ သမိုင်းနိယာမသဘောတွေကို သိမြင်လို့ ပြောတာ။ မင်းတို့ရဲ့ လုပ်ဆောင်ချက် ကောင်းခြင်း၊ မကောင်းခြင်း အပေါ် မူတည်ပြီး ထောက်ခံခြင်း၊ ကန့်ကွက်ခြင်းမရှိဘူး။ ဒီလမ်းကို ရွေးရင် ဒီလမ်းရဲ့အဆုံး နေရာတစ်ခုကို ရောက်မှာပဲ၊ ဘယ်လမ်းကို သွားနေတာလဲ"

"ကျွန်တော်တို့ ဘယ်လမ်းကို တကယ်တမ်းသွားနေပါသလဲ"

"အမှန်ပြောရရင် မပြန်လမ်းပေါ့ကွယ်"

"ဟုတ်လား"

"ဟုတ်တယ်။ မင်းတို့က ပထမလူတော့မဟုတ်ဘူး။ ရှေ့မှာ

"ရှေးအဆက်ဆက်က ကြွယ်ဝပြည့်စုံတဲ့ မင်းတွေ၊ မိဖုရားတွေ၊ သူကြွယ်သူဌေးတွေဟာ ရတနာရွှေအိုး၊ ငွေအိုးတွေကို မြေကြီးထဲ တစ်နေရာရာ တူးမြှုပ်ပြီး ဖုံးကွယ်သိုဝှက်ထားခဲ့တယ်ဆိုပါစို့။ အဲဒါကို ထိုက်တဲ့လူရစေတော့လို့ မြေပုံညွှန်းရေးထားခဲ့တာကို သိုက်စာလို့ ခေါ်တယ်။ အကျယ်မပြောတော့ပါဘူး။ ဉာဏ်ကောင်းတဲ့ လူလည် လူနပ်တွေက နောက်လိုက်နောက်ပါ တပည့်တပန်းတွေ ယုံလောက်အောင် ဆွဲဆောင်ပြောဆိုပြီး သူထင်မှတ်တဲ့နေရာကို လူမသိသူမသိ ညဉ့်နက်သန်းခေါင်မှာ ပေါက်တူး၊ ပေါက်ပြား၊ တူးရွင်းတွေနဲ့ တူးကြဖော်ကြတော့တာပေါ့ကွာ။ ရတနာရွှေအိုး၊ ငွေဒင်္ဂါးသေတ္တာ စသဖြင့် တွေ့နိုးနိုး"

"တွေ့ကြမှာပေါ့"

"သိုက်တူးလို့၊ သိုက်ဖော်လို့ ချမ်းသာတဲ့လူဆိုတာ သူတို့ကပဲ သိုသိပ်လို့၊ လျှို့ဝှက်ကြလို့လားတော့မသိ။ အခုထိ ကိုယ်တော့ မတွေ့ဖူးသေးပါဘူး။ ဉာဏ်လည်း ထက်မြက်၊ အတွေးအခေါ်အယူအဆလည်း အသင့်အတင့်ရှိပေမယ့် ဖြတ်လမ်းက ချမ်းသာချင်တဲ့ လောဘဇော အလွန်တက်တဲ့ လူစားကို သိုက်ရူးလို့ ခေါ်တာပဲ။ သိုက်စာနဲ့အောင်ပြီး ချမ်းသာတဲ့လူတော့ မရှိသလောက်ရှားပါတယ်။

"CRPH၊ NUG လူကြီးတွေကရော . . . ."

"တစ်ဦးချင်း ပုဂ္ဂိုလ်ရေးအရည်အချင်း ဘယ်သူ့ကိုမှ လေ့လာ မထားမိလို့ သူတို့ရဲ့ ခေါင်းဆောင်နိုင်စွမ်း ဘယ်ရွေ့ဘယ်မျှရှိကြသလဲ မသိပါဘူး။ ဘာမှမပြောလိုဘူး။"

"သူတို့အကြောင်း ဂဃနဏမသိဘဲနဲ့ ဆရာက သိုက်ရူးလိုလို ပြောတာတော့ များနေပြီဆရာရေ"

"ပြောခွင့်ရှိပါတယ်၊ စိတ်ထဲရှိတာပြောပါ"

"နိုင်ငံရေးအတွက် လက်နက်ကိုင်တယ်ဆိုရင် ငါဘာလဲ၊ ငါဘာလုပ်နေလဲ၊ ငါဟာ ဘယ်သူ့အကျိုးရှိအောင် တိုက်နေတာလဲ၊ အဖြူအမည်း သဲသဲကွဲကွဲ မြင်နိုင်စွမ်းတော့ရှိရမယ်။ ပြောင်းလဲမှု ဖြစ်မယ်။ လုပ်တော့လုပ်နေမိတာ၊ ဘာအတွက်မှန်း မသိပါဘူးဆိုရင် အရူးပဲ။ ဦးနှောက်ကိုကောင်းအောင် မိမိဘာသာ သုံးသပ်ဆင်ခြင်ရ မှာပဲ။ (U-trun နောက်ပြန်လှည့်ခဲ့) ရှေ့ဆက်အသက်ရှင်ရဦးမယ့် ရက်တွေ၊ လတွေ၊ နှစ်တွေ မိသားစုအကျိုး၊ လူမျိုး၊ တိုင်းပြည်ကောင်းကျိုး တွေကို လမ်းကောင်းလမ်းမှန်နဲ့ ပါဝင်သယ်ပိုးနိုင်တဲ့ အခွင့်အလမ်း တွေ (ယခုမမြင်နိုင်သေးသော်ငြားလည်း) ပကတိအမှန်မှာ ရှိနေကြ ပါတယ်"

"ကိုယ်မမြင်မိ၊ မသိရှိတဲ့ အခွင့်အရေး၊ ပေးထားချက်တွေ ရှိနေပါ သေးတယ်။ အေးကွာ လူဆိုတာ မှားတတ်တယ်။ သေးသေးဖွဲဖွဲလည်း မှားဖူးတယ်။ ကြီးကြီးမားမားလည်း မှားဖူးတယ်။ ဆရာ သင်ပြ ညွှန်ကြားတာ မဆင်မခြင် လိုက်လုပ်မှာပဲဆိုတဲ့ အင်္ဂုလိမာလဆိုသူ ဗလလည်း သန်မာထွားကျိုင်းပြီး ဉာဏ်ရည်လည်းထက်ပါလျက် အယူလွဲလို့ လူသတ်သမား လူရမ်းကားကြီးဖြစ်တဲ့အပြင် မွေးမိခင် အမေကိုပင် သူကသတ်မလို့ လိုက်ဖမ်းတဲ့ကောင်။ မင်းတို့ထက် ဆိုးတာပေါ့။ နမူနာယူပေါ့။ အဆုံးတစ်နေ့ အမှန်တရားတွေ့လာတော့ မီးဖွားခြင်းမှာ ဝေဒနာသက်သာစေတဲ့ အင်္ဂုလိမာလသုတ်နဲ့ မိခင်လောင်း တွေကို ကူညီကယ်တင်နိုင်စွမ်းတဲ့ ရဟန်းသံဃာတော်တစ်ပါးအဖြစ် ပြောင်းလဲဖြစ်ပေါ်လာသေးတာပဲ။ ပြုပြင်လိုက်ပါ"။ ။

# ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ထိုင်ဝမ် (တရုတ်-တိုင်ပေ) White Jade Wang Enterprise Co.,Ltd ဥက္ကဋ္ဌ Mr. Wang Cheng အား လက်ခံတွေ့ဆုံ



**နေပြည်တော် နိုဝင်ဘာ ၂၃**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် ထိုင်ဝမ် (တရုတ်-တိုင်ပေ) White Jade Wang Enterprise Co.,Ltd ဥက္ကဋ္ဌ (သုဓမ္မမဏိဇောတဓရ) Mr. Wang Cheng အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် သာသနာတော်ထွန်းကားပြန့်ပွားရေး၊ သာသနာပြုလုပ်ငန်းများဆောင်ရွက်ရေး၊ ပိဋကတ် သုံးပုံတွင် စာအုပ်ပေါင်း ၄၀ ၊ အဋ္ဌကထာ ၅၁ အုပ်၊ ဋီကာ ၂၆ အုပ် ကွန်ပျူတာစာစီ၍ ရိုက်နှိပ်ထုတ်ဝေရန် စီစဉ်နေမှုဆိုင်ရာကိစ္စရပ်များကို အပြန်အလှန် ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြပြီး ထိုင်ဝမ်(တရုတ်-တိုင်ပေ) White Jade Wang Enterprise Co.,Ltd ဥက္ကဋ္ဌ Mr. Wang Cheng က သာသနာတော်ထွန်းကားပြန့်ပွားရေး ဗုဒ္ဓစာပေများရိုက်နှိပ်ရန်နှင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအတွက် အလှူငွေများ ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီးက လက်ခံ၍ ဂုဏ်ပြုလက်ဆောင်များ ပြန်လည်ပေးအပ်သည်။

အဆိုပါတွေ့ဆုံပွဲသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**

# Naypyitaw State Academy ဆေးသိပ္ပံပညာမဟာဌာန (Faculty of Medicine) ဖွင့်ပွဲ ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၃**

ပညာရေးဝန်ကြီးဌာန Naypyitaw State Academy ဆေးသိပ္ပံပညာမဟာဌာန (Faculty of Medicine) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက အဆိုပါ Academy ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ဒေါက်တာမျိုးသိန်းကျော်၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဦးမင်းသိန်း၊ ဒေါက်တာစိုးဝင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တပ်မတော်ဆေးဝန်ထမ်း ညွှန်ကြားရေးမှူးရုံး ဒုတိယဆေးဝန်ထမ်းညွှန်ကြားရေးမှူး၊ ဆေးတက္ကသိုလ်ပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆေးကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော်ရှိ ပြည်သူ့ဆေးရုံကြီးများမှ ဆေးရုံအုပ်ကြီးများ၊ ပါမောက္ခများနှင့် ဖိတ်ကြားထားသူများ၊ ဆရာ ဆရာမများနှင့် Naypyitaw State Academy, Faculty of Medicine သို့ တက်ရောက်ကြမည့် သစ်လွင် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံဆေးကောင်စီဥက္ကဋ္ဌတို့က Naypyitaw State Academy ဆေးသိပ္ပံပညာမဟာဌာန (Faculty of Medicine) ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက နေပြည်တော်ကို ပညာရေးမြို့တော်ဖြစ်လာစေရန်နှင့် နေပြည်တော်တွင် နိုင်ငံတကာအဆင့်မီ အဆင့်မြင့်ပညာရပ်မျိုးစုံကို ရွေးချယ်သင်ယူလေ့လာနိုင်ရန်ရည်ရွယ်၍ Naypyitaw State Academy ကို ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၉ ရက်တွင် စတင်တည်ထောင်ဖွင့်လှစ်ခဲ့ပါကြောင်း၊ Naypyitaw State Academy အား ကြောင်းကျိုးဆက်စပ်တွေးခေါ်မှုကို အခြေခံသည့် သင်ကြားသင်ယူမှုကို အားပေးချီးမြှောက်ပြီး အသုံးချ သုတေသနများနှင့် နိုင်ငံတော်၏ လူမှုစီးပွားဘဝ မြင့်မားရေးကို ဖော်ဆောင်ပေးနိုင်မည့် ပညာရှင်များ မွေးထုတ်ရာ ဦးဆောင်တက္ကသိုလ် တစ်ခုဖြစ်စေရန် ရည်မှန်းကြိုးပမ်း ဆောင်ရွက်လျက်ရှိပါကြောင်း၊



Naypyitaw State Academy ကို စတင်ဖွင့်လှစ်စဉ်ကတည်းက Faculty System ဖြင့် တည်ထောင်ဖွင့်လှစ်ခဲ့ပြီး ဝိဇ္ဇာပညာမဟာဌာန၊ သိပ္ပံပညာမဟာဌာန၊ စီးပွားရေးပညာမဟာဌာန၊ ဥပဒေပညာမဟာဌာန၊ ဆေးသိပ္ပံပညာမဟာဌာန၊ လူမှုရေးပညာမဟာဌာန၊ အားကစားပညာမဟာဌာနဆိုသည့် မဟာဌာနကြီး ခုနစ်ခုဖြင့် Comprehensive University အဖြစ် မြန်မာနိုင်ငံတွင် ပထမဦးဆုံးတည်ထောင်ဖွင့်လှစ်နိုင်ခဲ့သည့် တက္ကသိုလ်ဖြစ်ပါကြောင်း၊ ယနေ့တွင် ပညာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဆေးသိပ္ပံပညာမဟာဌာနကို စတင်ဖွင့်လှစ်နိုင်ပြီး ဆေးပညာပထမနှစ်သင်တန်းတွင် ကျောင်းသား ကျောင်းသူ ၃၁ ဦးကို စတင်လက်ခံသင်ကြားမည်ဖြစ်ပါကြောင်း၊ Naypyitaw State Academy တွင် ကျောင်းသားဗဟိုပြုသင်ကြားမှုစနစ်ကို အကောင်အထည်ဖော်နိုင်ရန်၊ အရည်အသွေးရှိသော သင်ကြားသင်ယူမှုစနစ်ကို ထိရောက်စွာဆောင်ရွက်နိုင်ရန် ခေတ်မီသင်ရိုးညွှန်းတမ်းများ၊ ခေတ်မီလက်တွေ့ခန်းသုံးပစ္စည်းများ၊ Internet Access နှင့် e-library ပစ္စည်းများကို ပြည့်စုံစွာ ဖြည့်ဆည်းပေးထားပြီးဖြစ်ပါကြောင်း၊ ဆက်လက်၍လည်း လိုအပ်သည်များကို နှစ်အလိုက်ဖြည့်ဆည်းပေးသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက ပြည်သူလူထုအတွက် အရည်အသွေးပြည့်ဝသော ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုပေးရာတွင် အဓိကကျသည့် ဆရာဝန်များအား မွေးထုတ်ပေးနိုင်မည့် ခြောက်ခုမြောက် ဆေးတက္ကသိုလ်အဖြစ် Naypyitaw State Academy တွင် ဆေးသိပ္ပံပညာမဟာဌာန ဖွင့်လှစ်နိုင်မှုအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ သင်ရိုးညွှန်းတမ်းအနေဖြင့်လည်း ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၏ ဆေးတက္ကသိုလ် ငါးခုနှင့် တပ်မတော်ဆေးတက္ကသိုလ်တို့တွင် လက်ရှိသင်ကြားလျက်ရှိသည့် နိုင်ငံတကာအဆင့်မီ သင်ရိုးညွှန်းတမ်းဖြစ်သည့် မျှော်မှန်းရလဒ်အခြေခံသော စုစည်းချိတ်ဆက် သင်ကြားခြင်းသင်ရိုးညွှန်းတမ်း Outcome Based Integrated Curriculum ဖြင့် အသုံးပြုသင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ သင်ကြားရေးအတွက် အတွေ့အကြုံရှိပြီး အရည်အချင်းပြည့်မီသည့် ဆရာ ဆရာမများကို ခန့်ထားပြီးဖြစ်ပြီး လိုအပ်သလို ဆက်လက်ခန့်အပ်ပေးသွားမည်ဖြစ်ပါကြောင်း။

**သင်ကြားပို့ချပေးသွားမည်**

သင်ကြားရေးပိုင်းအတွက် အဓိကလိုအပ်သည့် (Learning Teaching Aids) သင်ထောက်ကူပစ္စည်းများကိုလည်း ခေတ်မီနည်းပညာမြင့်၊ အရည်အသွေးမြင့် သင်ထောက်ကူပစ္စည်းများ ဖြည့်ဆည်းပေးထားပါကြောင်း၊ ဆေးလက်တွေ့လေ့လာမှုများ ဆောင်ရွက်နိုင်ရန်အတွက် နေပြည်တော်ရှိ သင်ကြားရေးဆေးရုံကြီးများတွင် အတွေ့အကြုံရင့်ကျက်သည့် ဘာသာရပ် ဆိုင်ရာ ပါမောက္ခ/ဌာနမှူးများ၊ အထူးကုဆရာဝန်ကြီးများက သင်ကြားပို့ချပေးသွားမည်ဖြစ်ပါကြောင်း။

ကျောင်းသား ကျောင်းသူများအတွက် နေထိုင်သွားလာရေး အဆင်ပြေစေရန်အတွက် အဆောင်နေထိုင်လိုသူများကို အဆောင်များစီစဉ်ထားပြီး ယခု ဆေးသိပ္ပံပညာမဟာဌာနကို နိုင်ငံတကာအရည်အသွေးအသိအမှတ်ပြု မဟာဌာနကြီးဖြစ်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး "Quality Culture" အရည်အသွေးအလေးထားသည့် ဓလေ့ထုံးစံဖြစ်သည့် တက္ကသိုလ်ပညာရေးစံတစ်ခု ပုံဖော်နိုင်ရေးသည် လွန်စွာအရေးကြီးပါကြောင်း၊ ကျောင်းသား ကျောင်းသူများ အနေဖြင့်လည်း နိုင်ငံတော်နှင့်ပြည်သူတစ်ရပ်လုံးက အားကိုးအားထားပြုရသော ပညာပြည့်ဝနှလုံးလှသော ဆရာဝန်ကောင်းများ၊ နိုင်ငံတော်၏ ကျေးဇူးတရားကို ယုံကြည်ချက်၊ ခံယူချက်၊ ခိုင်ခိုင်မာမာဖြင့် ပြည်သူလူထုကို ကျေးဇူးဆပ်နိုင်သော အဖိုးတန် နိုင်ငံ့သားကောင်းရတနာများ ဖြစ်အောင် ကြိုးစားကြစေလိုကြောင်း ပြောကြားသည်။

**လက်ဆောင်ပစ္စည်းများပေးအပ်**

ဆက်လက်၍ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြား ရေးမှူးချုပ်နှင့် Naypyitaw State Academy ဒုတိယပါမောက္ခချုပ်(စီမံ) တို့က ပြည်ထောင်စုဝန်ကြီးများနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့ကို Naypyitaw State Academy, Faculty of Medicine ဖွင့်ပွဲ အထိမ်းအမှတ် လက်ဆောင်ပစ္စည်းများကို ပေးအပ်ခဲ့ပြီး အခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် အခမ်းအနား တက်ရောက်လာကြသူများသည် Function Hall အတွင်း ခင်းကျင်းပြသထားသော ဆေးသိပ္ပံပညာမဟာဌာနတွင် အသုံးပြုမည့် သင်ထောက်ကူပစ္စည်းများနှင့် စာအုပ်စာတမ်းများ၊ Naypyitaw State Academy အတွင်းရှိ လက်တွေ့ခန်း၊ စာသင်ခန်းများနှင့် Smart Lecture Room အတွင်း ဆေးပညာအခြေခံနှစ် ဘာသာရပ်သင်ခန်းစာများ အဆင့်မီသင်ကြားနေမှုကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# လှည်းကူးမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**လှည်းကူး နိုဝင်ဘာ ၂၃**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပုလဲရောဦးကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော ရေပေးဝေရေးလုပ်ငန်းဖြစ်သည့် အမြင့်တင်ရေစင်နှင့် ရေစက်ရုံတည်ဆောက်ခြင်းလုပ်ငန်း၊ VDP စီမံကိန်းဖြင့် ဆောင်ရွက်လျက်ရှိသော ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများကို ယမန်နေ့ နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဘသိန်း၊ မြို့နယ်ဦးစီးမှူး ဒေါ်သန္တာစိုးနှင့် စီမံကိန်းတာဝန်ခံတို့က ကမ်းနီကျေးရွာတွင် အမြင့်တင်ရေစင်နှင့် ရေစက်ရုံ တည်ဆောက်ခြင်းလုပ်ငန်း၊ ဝါးယားကုန်းကျေးရွာတွင် VDP စီမံကိန်း ရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူလူထု ထည့်ဝင်ငွေကျပ်၁၀ သိန်းဖြင့် ဆောင်ရွက်လျက်ရှိသော အရှည် ပေ ၆၄၀ ၊ အကျယ် ၁၀ ပေ၊ ဒု ခြောက်လက်မ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေသည့် အခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြပြီး လိုအပ်သည်များကို တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

**မြင့်ဦး**

# တက္ကသိုလ်များ စတင်ဖွင့်လှစ်၊ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားလျက်ရှိ



နေပြည်တော် နိုဝင်ဘာ ၂၃

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ယနေ့နံနက်ပိုင်းတွင် တက္ကသိုလ် ပါမောက္ခချုပ်များနှင့် ပညာရေးဒီဂရီကောလိပ်ကျောင်းအုပ်ကြီးများအား ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တွေ့ဆုံသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်း၊ အမြဲတမ်း အတွင်းဝန် ဒေါက်တာစိုးဝင်း၊ ပညာရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ်ပြည်ထောင်စုဝန်ကြီးက ယနေ့သည် တက္ကသိုလ်၊ ဒီဂရီကောလိပ်များအားလုံး စတင်ဖွင့်လှစ်သည့်နေ့ဖြစ်၍ ကျောင်းသား ကျောင်းသူများသည် သက်ဆိုင်ရာ တက္ကသိုလ်၊ ဒီဂရီကောလိပ်များသို့ရောက်ရှိ ပညာသင်ယူနေကြပြီဖြစ်ကြောင်း၊ ကျောင်းစတင် ဖွင့်လှစ်သည့်နေ့မှစ၍ စာသင်ခန်းအသီးသီးတွင် သက်ဆိုင်ရာဘာသာရပ်အလိုက် ဆရာ ဆရာမများက မိမိတို့၏ သင်ကြားရေးတာဝန်များကို မပျက်မကွက် ကြိုးပမ်းထမ်းဆောင်ကြစေလိုကြောင်း၊ ကျောင်းအပ်လက်ခံရေးလုပ်ငန်းစဉ်များတွင်လည်း ကျောင်းသားများ အခက်အခဲမရှိ အဆင်ပြေချောမွေ့စေရန် ဘာသာရပ်ဆိုင်ရာ ပါမောက္ခများနှင့် သက်ဆိုင်ရာဝန်ထမ်းများ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနိုင်ရေးအတွက် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ သက်ဆိုင်ရာပါမောက္ခ၊ ဌာနမှူးများ၊ ဆရာ ဆရာမများနှင့် ဝန်ထမ်းများက လိုအပ်သည်များကို ဝိုင်းဝန်းလက်တွဲ၍ ပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ ဘာသာရပ်ဆိုင်ရာ သင်ကြားသင်ယူမှု လုပ်ငန်းများ တိုးတက်ကောင်းမွန်ရေးအတွက် စဉ်ဆက်မပြတ် လေ့လာ ကြိုးပမ်းသွားကြရန်လိုကြောင်း၊ မိမိတို့ တက္ကသိုလ်များ၏ ဥပစာရပ်ကောင်းမွန်ရေးနှင့် တက္ကသိုလ်ပတ်ဝန်းကျင်တွင် သန့်ရှင်းသာယာလှပရေးကို အလေးထားဆောင်ရွက်စေလိုကြောင်း၊ မိမိတို့တက္ကသိုလ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးဆိုင်ရာ စီမံခန့်ခွဲရေးလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်း၊ အမြဲတမ်းအတွင်းဝန်နှင့် အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က ရှေ့ဆက်ဆောင်ရွက်ရမည့်လုပ်ငန်းများကို ရှင်းလင်းဆွေးနွေး တင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် နေပြည်တော်နည်းပညာတက္ကသိုလ်၌ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေမှု ကြည့်ရှုအားပေး



နေပြည်တော် နိုဝင်ဘာ ၂၃

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်နည်းပညာတက္ကသိုလ်၌ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေမှုကို သွားရောက် ကြည့်ရှုအားပေးသည်။

**လှည့်လည်ကြည့်ရှု**

အဆိုပါတက္ကသိုလ်သို့ရောက်ရှိစဉ် ပြည်ထောင်စုဝန်ကြီးသည် ကျောင်းသား ကျောင်းသူများ ကျောင်းအပ်နှံမှု၊ ကျောင်းတက်ရောက်မှု၊ စာသင်ခန်းများ၌ သင်ကြားသင်ယူမှုလုပ်ငန်းများ စတင်ဆောင်ရွက်နေမှု၊ သင်ကြားသင်ယူမှု အထောက်အကူပြုစနစ် (Learning Management System – LMS) ကို အသုံးပြု၍ သင်ကြားနေသော သင်ခန်းစာများ၊ ခေတ်မီ သင်ထောက်ကူပစ္စည်းများ၊ ခေတ်မီလက်တွေ့ခန်းသုံးပစ္စည်းများ၊ Language Lab နှင့် ကွန်ပျူတာခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားကာ ကျောင်းသား ကျောင်းသူများကို ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးသည်။

နေပြည်တော် နည်းပညာတက္ကသိုလ်ကို ၂၀၂၂–၂၀၂၃ ပညာသင်နှစ်တွင် စတင်ဖွင့်လှစ်ရာ ယခု ၂၀၂၃–၂၀၂၄ ပညာသင်နှစ်တွင် ပထမနှစ်နှင့် ဒုတိယနှစ်ကျောင်းသား ကျောင်းသူများ တက်ရောက်လျက်ရှိပြီး မြို့ပြအင်ဂျင်နီယာဘာသာရပ်၊ အီလက်ထရွန်နစ် အင်ဂျင်နီယာဘာသာရပ်၊ လျှပ်စစ်စွမ်းအား အင်ဂျင်နီယာဘာသာရပ်၊ စက်မှုအင်ဂျင်နီယာ ဘာသာရပ်၊ ကွန်ပျူတာ အင်ဂျင်နီယာနှင့် သတင်းအချက်အလက်နည်းပညာဘာသာရပ်၊ ဗိသုကာ ဘာသာရပ်နှင့် စိုက်ပျိုးရေးအင်ဂျင်နီယာ ဘာသာရပ်များ သင်ကြားပေးလျက်ရှိကြောင်းနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေနိုင်ရန်နှင့် နိုင်ငံတော်အတွက် လိုအပ်သည့် အင်ဂျင်နီယာ ပညာရှင်များကို ပိုမိုမွေးထုတ်လေ့ကျင့်ပေးနိုင်မည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နည်းပညာတက္ကသိုလ်(မအူပင်)၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် အင်ဂျင်နီယာဘွဲ့ကြိုသင်တန်းများ ဖွင့်လှစ်

မအူပင် နိုဝင်ဘာ ၂၃

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့ နည်းပညာတက္ကသိုလ်(မအူပင်)၌ ၂၀၂၃–၂၀၂၄ ပညာသင်နှစ် အင်ဂျင်နီယာဘွဲ့ကြိုသင်တန်းများကို ယနေ့နံနက် ၉ နာရီမှစတင်၍ သင်တန်းနှစ်များအားလုံး ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

နည်းပညာတက္ကသိုလ်(မအူပင်)တွင် အင်ဂျင်နီယာဘွဲ့ကြိုသင်တန်းများကို BE ပထမနှစ်မှ ဆဋ္ဌမနှစ် အထိ သင်တန်းများ ဖွင့်လှစ်ထားရှိရာ ယနေ့ထိ ကျောင်းသား ကျောင်းသူ ၄၈၀ ခန့် အပ်နှံထားရှိပြီး ပထမနှစ်မှစတင်၍ သင်တန်းကာလမှာ ခြောက်နှစ်ဖြစ်ကြောင်း သိရသည်။



**ခရိုင်(ပြန်/ဆက်)**

# ကွန်ပျူတာတက္ကသိုလ်(ပင်လုံ)၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် သင်ခန်းစာများ စတင်သင်ကြားပေး

လွိုင်လင် နိုဝင်ဘာ ၂၃

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ကွန်ပျူတာတက္ကသိုလ်(ပင်လုံ)တွင် ၂၀၂၃–၂၀၂၄ ပညာသင်နှစ်အတွက် တက်ရောက်လျက်ရှိသည့် ဒုတိယနှစ်မှ ပဉ္စမနှစ်အထိကျောင်းသား/သူများကို နိုဝင်ဘာ ၁၄ ရက် နံနက်ပိုင်းက ကျောင်းအပ်စတင်လက်ခံခဲ့ပြီး ကျောင်းသားသစ်များကို နိုဝင်ဘာ ၁၆ ရက်က ကျောင်းအပ်လက်ခံခဲ့ရာ ယနေ့မှစတင်၍ နှစ်အလိုက် သင်ခန်းစာများ သင်ကြားပေးနေပြီဖြစ်ကြောင်း သိရသည်။

၂၀၂၃–၂၀၂၄ ပညာသင်နှစ်အတွက် ကျောင်းလာရောက်အပ်နှံသည့် ကျောင်းသား ကျောင်းသူများကို ကွန်ပျူတာတက္ကသိုလ်(ပင်လုံ) ဒုတိယပါမောက္ခချုပ် ဒေါက်တာဒေါ်မြင့်မြင့်ခိုင်နှင့် ဌာနမှူးများ၊ ဆရာ ဆရာမများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုကြပြီး ကျောင်းအပ်နှံရေးအတွက် အခက်အခဲမရှိစေရန် ဖောင်ဖြည့်သွင်းခြင်း ၊ ကျောင်းလခပေးသွင်းခြင်းများကိုအဆင်ပြေချောမွေ့စွာ ကူညီဆောင်ရွက်ပေးကာ ကျောင်းစည်းကမ်း၊ အဆောင်နေစည်းကမ်းများနှင့် သင်ကြားစီမံကိန်းများကို ရှင်းလင်းပြောကြားပြီး လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# လှည်းကူးပညာရေးဒီဂရီကောလိပ်၌ ပုံမှန်သင်တန်းနှင့် ဘွဲ့ရသင်တန်းများ စတင်ဖွင့်လှစ်



လှည်းကူး နိုဝင်ဘာ ၂၃

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့ ပညာရေးဒီဂရီကောလိပ်၌ လေးနှစ်သင် ပညာရေးဒီဂရီကောလိပ်နှင့် ဘွဲ့ရသင်တန်းများကို ယနေ့ နံနက်ပိုင်းက စတင်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

**တက်ရောက်သင်ယူလျက်ရှိ**

အဆိုပါသင်တန်းများကို ၂၀၂၃–၂၀၂၄ ပညာသင်နှစ် လေးနှစ်သင် ပညာရေးဒီဂရီကောလိပ်တွင် ကျောင်းသာ ကျောင်းသူ ၅၅၁ ဦးနှင့် လုပ်ငန်းခွင်အကြို မူလတန်းဆရာအတတ်ပညာသင်တန်း PPGS အမှတ်စဉ် (၁၀/၂၃)တွင် ကျောင်းသား ကျောင်းသူ ၆၈ ဦး စုစုပေါင်း ၆၁၉ ဦးတို့ တက်ရောက်သင်ယူလျက်ရှိကြောင်း သိရသည်။

**ဉာဏ်ဟိန်း**

# နိုင်ငံတစ်ဝန်းရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များတွင် ၂၀၂၃ - ၂၀၂၄ ပညာသင်နှစ် စတင်ဖွင့်လှစ်သင်ကြား



အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) ၂၀၂၃-၂၀၂၄ ပညာသင်နှစ် သင်တန်းများ အားလုံး နိုဝင်ဘာ ၂၃ ရက်တွင် စတင်ဖွင့်လှစ်ရာ ကျောင်းတက်ရောက်လာသည့် ကျောင်းသား ကျောင်းသူများကို တွေ့ရစဉ်။ မျိုးယဉ်နု(ရန်ကုန်)



မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း မော်လမြိုင်တက္ကသိုလ်၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် စတင်ဖွင့်လှစ်သင်ကြားနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ ခရိုင်(ပြန်/ဆက်)



ကွန်ပျူတာတက္ကသိုလ်(ပုသိမ်)၌ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားလျက်ရှိသည်ကို တွေ့ရစဉ်။ ခရိုင်(ပြန်/ဆက်)



နည်းပညာတက္ကသိုလ်(ပုသိမ်)၌ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားလျက်ရှိသည်ကို တွေ့ရစဉ်။ ခရိုင်(ပြန်/ဆက်)



ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်)၌ ၂၀၂၃- ၂၀၂၄ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲအခမ်းအနား ကျင်းပစဉ်။ အေးမဥ္ဇူ



မိတ္ထီလာစီးပွားရေးတက္ကသိုလ်၌ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားလျက်ရှိသည်ကို တွေ့ရစဉ်။ သိန်းမြင့်ကျော်(မိတ္ထီလာ)



အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)၌ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားလျက်ရှိသည်ကို တွေ့ရစဉ်။ မျိုးယဉ်နု(ရန်ကုန်)



မကွေးတက္ကသိုလ်၌ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားလျက်ရှိသည်ကို တွေ့ရစဉ်။ ကျော်မင်းဦး(ပြန်/ဆက်)



ကွန်ပျူတာတက္ကသိုလ်(မကွေး)၌ မောင်မယ်သစ်လွင်ကြိုဆိုပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၃ ရက် နံနက်ပိုင်းက ကျင်းပစဉ်။ ဇော်ဘီ



မိတ္ထီလာစီးပွားရေးတက္ကသိုလ်သို့ ကျောင်းတက်ရောက်လာသည့် ကျောင်းသား ကျောင်းသူများကို တွေ့ရစဉ်။ သိန်းမြင့်ကျော်(မိတ္ထီလာ)

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ
# စမတောင်လှူငယ်ပရဟိတဂေဟာကျောင်းအတွက် ငွေပဒေသာပင်လှူဒါန်းပြီး သရက်ကုန်းကျေးရွာရှိ မြေပဲစိုက်တောင်သူများနှင့် တွေ့ဆုံ



**နေပြည်တော် နိုဝင်ဘာ ၂၃**

နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးသန်းထွန်းဦးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့ မွန်းလွဲပိုင်းတွင် လယ်ဝေးမြို့နယ် တည်ထောင် ကျေးရွာအုပ်စု အတွင်းရှိစမတောင်မဟာပရဟိတ လူငယ်ဖွံ့ဖြိုးရေး ဥယျာဉ်ကျောင်း ဦးစီးပဓာန နာယကဆရာတော် အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တဉာဏိန္ဒအား သွားရောက် ဖူးမြော်ကြည်ညိုပြီး နေပြည်တော် စည်ပင်သာယာရေး ကော်မတီနှင့် နေပြည်တော်ဖွံ့ဖြိုးရေး ဘဏ်တို့မှ လှူဒါန်းသည့် အလှူငွေကျပ် သိန်း ၉၀၊ နေပြည်တော်ကောင်စီမှ ငွေပဒေသာပင် ငါးပင်အတွက် ငွေကျပ် ၁၀ သိန်း၊ ဆန် ၂၄ ပြည်အိတ် ၁၀ အိတ်နှင့် ဆီငါး ပိဿာ၊ ဗလာစာအုပ် ၇၇ ဒါဇင်၊ ဘောပင် ၆၇ ဒါဇင်၊ အဝတ်အထည် မျိုးစုံ ၄၅၀ တို့နှင့် လှူဖွယ်ပစ္စည်း များကို ဆက်ကပ်လှူဒါန်းသည်။

**ဖြည့်ဆည်းဆောင်ရွက်**

ထို့နောက် နေပြည်တော် ကောင်စီဥက္ကဋ္ဌသည် သရက်ကုန်း ကျေးရွာတောင်သူ ဦးမြင့်ဆွေ၏ မြေပဲစိုက်ခင်းသို့ ရောက်ရှိ ပြီး ယာယီရှင်းလင်းဆောင်၌ တောင်သူများနှင့် တွေ့ဆုံကာ စပါးအပါအဝင် အခြားသီးနှံများ၊ နေကြာ၊ မြေပဲ၊ နှမ်း စသည့် ဆီထွက်သီးနှံများကို သီးထပ်များ ပြည့်ပြည့်ဝဝ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်း တိုးတက်ကောင်းမွန် စေရေး၊ တောင်သူများအား သီးနှံ တစ်ခုချင်းစီအလိုက် ကျွမ်းကျင် ပညာရှင်များဖြင့် စိုက်ပျိုးနည်း စနစ်များ ပညာပေးဆောင်ရွက်စေ ရေးမှာကြား၍ တောင်သူများ၏ လိုအပ်ချက်များကို ပေါင်းစပ် ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေး သည်။

ယင်းနောက် နေပြည်တော် ကောင်စီဥက္ကဋ္ဌသည် သရက်ကုန်း ကျေးရွာ တောင်သူဦးမြင့်ဆွေ၏ ၁ ဒသမ ၃၅ ဧက စိုက်ခင်းတွင် စိုက်ပျိုးထားသည့် တွန်တာနီမြေပဲ မျိုးစိုက်ခင်း အောင်မြင်ဖြစ်ထွန်း နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီးအပါအဝင် တိုင်းဒေသကြီး/ပြည်နယ်များသို့ စက်သုံးဆီသယ်ယူပို့ဆောင်သည့် စက်သုံးဆီသယ်ယာဉ်(Bowser)များအား စစ်ဆေးကြပ်မတ်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၃**

ရန်ကုန်တိုင်းဒေသကြီး သီလဝါဆိပ်ကမ်းဒေသကြီးရှိ Terminal များသို့ ပြည်ပမှ စက်သုံးဆီတင်သင်္ဘောများ အဆက်မပြတ်ဝင်ရောက် လျက်ရှိပြီး Terminal များရှိ စက်သုံးဆီများကို စက်သုံးဆီတင်သွင်း သိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီးအပါအဝင် တိုင်းဒေသကြီး/ပြည်နယ်များရှိ စက်သုံးဆီအရောင်းဆိုင်များသို့ စက်သုံးဆီသယ်ယာဉ်များဖြင့် နေ့ည မရွေး အဆက်မပြတ် ဖြည့်တင်းသယ်ယူပို့ဆောင် ဖြန့်ဖြူးလျက်ရှိသည်။

ထိုသို့ ပို့ဆောင်ဖြန့်ဖြူးပေးလျက်ရှိရာ နိုဝင်ဘာ ၂၂ ရက်တွင် ရန်ကုန်တိုင်းဒေသကြီးအပါအဝင် နိုင်ငံတစ်ဝန်းရှိ စက်သုံးဆီအရောင်း ဆိုင် ၂၀၅၅ ဆိုင်သို့ ဆီသယ်ယာဉ် ၁၂၉၄ စီးဖြင့် 92 Ron ဂါလန် (တစ်သန်း တစ်သိန်း သုံးသောင်းကျော်)၊ 95 Ron ဂါလန် (နှစ်သိန်း ရှစ်သောင်းကျော်)၊ ဒီဇယ်ဆီ ဂါလန် (ခုနစ်သိန်း လေးသောင်းကျော်)၊ ပရီမီယမ်ဒီဇယ်ဆီ (တစ်သန်း တစ်သိန်း ကိုးသောင်းကျော်)ကို ပို့ဆောင် ဖြန့်ဖြူးပေးနိုင်ခဲ့သည်။

စက်သုံးဆီ သယ်ယူပို့ဆောင်ခြင်းလုပ်ငန်းများဖြစ်သည့် ဆီတင် သင်္ဘောများမှ Terminal များသို့ စက်သုံးဆီဖြည့်တင်းမှုများ၊ Terminal များမှ ဆီတင်ယာဉ်များသို့ စက်သုံးဆီဖြည့်တင်းထုတ်ခွာမှုများနှင့် တိုင်းဒေသကြီး/ပြည်နယ်များသို့ ဆီတင်ယာဉ်များဖြင့် စက်သုံးဆီ ပို့ဆောင်မှုအခြေအနေများကို စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူး ခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ၏ လမ်းညွှန်မှုဖြင့် ရေနံထွက်ပစ္စည်း ကြီးကြပ်စစ်ဆေးရေးဦးစီးဌာန သက်ဆိုင်ရာ တာဝန်ရှိသူများက လုပ်ထုံးလုပ်နည်းများနှင့်အညီ ကြီးကြပ်စစ်ဆေးခြင်း၊ စက်သုံးဆီ ဖြည့်တင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန် အတွက် လိုအပ်သည်များ ဖြည့်ဆည်းကူညီခြင်းများ ဆောင်ရွက်ပေး လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# လယ်သမားများပူးပေါင်းပါဝင်သော သုတေသနလုပ်ငန်းများနှင့် မျိုးမွေးမြူရေးလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်ရန် မှန်ကန်သော စုဖွဲ့မှုပြုလုပ်ရန်လိုအပ်



**နေပြည်တော် နိုဝင်ဘာ ၂၃**

စိုက်ပျိုးရေး သုတေသနဦးစီး ဌာန၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် တောင်သူများကိုယ်တိုင် ပူးပေါင်း ပါဝင်သော သက်လျှင်အထွက် ကောင်း စပါးမျိုးလိုင်းများ မျိုးရွေးချယ်ပွဲကို ယနေ့နံနက်ပိုင်း က နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ရှိ တဲကြီးကုန်းကျေးရွာ၌ ကျင်းပ သည်။

အဆိုပါ မျိုးရွေးချယ်ပွဲသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဒေါက်တာတင်ထွဋ် တက်ရောက်အားပေး ရွေးချယ်ပြီး တောင်သူများနှင့် တွေ့ဆုံကာ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက် ရန်အတွက် သက်ဆိုင်ရာ ဦးစီး ဌာနများနှင့်အတူ တောင်သူများ ၏ ပူးပေါင်းပါဝင်မှုသည် အလွန် အရေးကြီးကြောင်း၊ အပင် သက်တမ်းအလိုက် တန်ဖိုးရှိသည့် မျိုးလိုင်းများမှ သန့်စင်ရွေးထုတ် ခြင်းလုပ်ငန်းနှင့်အတူ မျိုးစေ့ ထုတ်လုပ်မှုဆိုင်ရာ လုပ်ငန်းစဉ် ကွင်းဆက် တစ်လျှောက်ကို တောင်သူများ ကိုယ်တိုင် ကျွမ်းကျင်စွာ ဆောင်ရွက်နိုင်ရန် လိုကြောင်း၊ သီးနှံများစီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်သကဲ့သို့ သီးနှံ မျိုးကောင်းမျိုးသန့် မျိုးစေ့များ ထုတ်လုပ်ခြင်းကိုလည်း တောင်သူ များ စီးပွားဖြစ် ဆောင်ရွက်လာ ရန်လိုကြောင်း၊ သို့မှသာ ဒေသ အလိုက် မျိုးကောင်းမျိုးသန့် လွှမ်းခြုံမှု အားကောင်းလာပြီး သီးနှံအရည်အသွေးနှင့် အထွက် နှုန်းမြင့်မားသော လယ်ယာအကျိုး စီးပွားကို တောင်သူအားလုံးရရှိ နိုင်ကြမည်ဖြစ်ကြောင်း ဆွေးနွေး ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး သည် စိုက်ပျိုးရေးသုတေသန ဦးစီးဌာနမှ သုတေသီများ၊ နေပြည်တော် ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနမှ တာဝန်ရှိသူများ၊ ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ် အဆင့်မြင့် သုတေသနဗဟိုဌာန ပါမောက္ခနှင့် ဆရာ ဆရာမများ၊ ဘွဲ့လွန်ကျောင်းသား ကျောင်းသူ များနှင့် တွေ့ဆုံပြီး စပါးအပါအဝင် သီးနှံများ၏ အထွက်နှုန်းမြင့်မား စေရေးအတွက် ထုတ်လုပ်မှု ကွင်းဆက် တစ်လျှောက်တွင် တောင်သူ လယ်သမားများ၊ လုပ်ငန်းရှင်များ ပူးပေါင်းပါဝင်ရေး သည် ပဓာနကျကြောင်း၊ ရေရှည် တည်တံ့သော ပူးပေါင်းပါဝင်မှု လုပ်ငန်းများ ဆောင်ရွက်နိုင်ရေး အတွက် စိုက်ပျိုးရေးသုတေသန ဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် စိုက်ပျိုးရေး တက္ကသိုလ်တို့တွင် လယ်သမားများ ပါဝင်သော သုတေသနလုပ်ငန်းများ(Farmer Participatory Research)၊ ပူးပေါင်းပါဝင်သော မျိုးမွေးမြူ ရေးလုပ်ငန်းများနှင့် မျိုးရွေးချယ် ရေးလုပ်ငန်းများကို စဉ်ဆက် မပြတ်ဆောင်ရွက်နိုင်ရန် မှန်ကန် သော စုဖွဲ့မှုပြုလုပ်နိုင်ရေးကို ရှေ့လုပ်ငန်းစဉ်အဖြစ် ဆောင် ရွက်သွားရန် ဆွေးနွေးမှာကြားခဲ့ ကြောင်း သိရသည် **သတင်းစဉ်**

# ဇေယျာသီရိမြို့နယ်၌ ခရမ်းချဉ်သီးအခြေခံ တန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်လှစ်

**နေပြည်တော် နိုဝင်ဘာ ၂၃**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အသေးစားစက်မှု လက်မှုလုပ်ငန်းဦးစီးဌာနမှဖွင့်လှစ်သည့် ခရမ်းချဉ်သီးအခြေခံ တန်ဖိုး မြှင့်စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက ဇေယျာသီရိမြို့နယ် သာယာကုန်းကျေးရွာ ရွာဦးဓမ္မာရုံ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးသိန်းတိုး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ငြိမ်းအေးနှင့် တာဝန်ရှိသူများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇေထက်အောင်၊ သာယာကုန်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများ၊ သင်တန်းနည်းပြများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးသိန်းတိုးက အဖွင့်အမှာစကားပြောကြားပြီး စီမံကိန်းကော်မတီဝင်များအား စီမံကိန်းဝတ်စုံများ ပေးအပ်သည်။ ယင်းနောက် အဆိုပါသင်တန်းသို့ တက်ရောက်လာသည့် သင်တန်းသား သင်တန်းသူများက တစ်ဦးချင်းမိတ်ဆက်သည်။

အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ဖွင့်လှစ်သည့် ကျေးလက်နေ မိသားစုဝင်ငွေတိုးရေးစီမံကိန်းလုပ်ငန်းဆိုင်ရာ One Region One Product ပေါ်ထွန်းလာစေရေးစီမံကိန်း ခရမ်းချဉ်သီး အခြေခံ တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းသို့ သာယာကုန်းကျေးရွာအုပ်စုမှ သင်တန်းသား သင်တန်းသူ ၁၅ ဦး တက်ရောက်သင်ကြားပြီး အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနမှ နည်းပြများက ခရမ်းချဉ်သီးယို အချို/အစပ်၊ ခရမ်းချဉ်သီးအနှစ်၊ ခရမ်း ချဉ်သီးဆော့ပြုလုပ်နည်းများကို နိုဝင်ဘာ ၂၃ ရက်မှ ၂၉ ရက်အထိ စာတွေ့လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ထွန်းလင်း(ဇေယျာမြေ)**



# မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် နိုဝင်ဘာ ၂၃**

လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

# မြန်မာနိုင်ငံအစိုးရအနေဖြင့် နယ်စပ်ဒေသများတွင် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် ဆောင်ရွက်နေမှုအခြေအနေများ၊ ရန်ကုန်မြို့ရှိကျောင်းများတွင် တပ်မှဝင်ရောက်တပ်စွဲသည်ဟု ထုတ်ပြန်နေသော ကောလာဟလသတင်းများ၊ မူဆယ်မြို့နယ် ကောင်းခံကျေးရွာအနီးရှိ Seven ဟွာကျင့် ကုန်တင်ကုန်ချကားကြီးဝင်း MNDAA နှင့် TNLA ပူးပေါင်းအကြမ်းဖက်သမားများက ကားများအပေါ် Drop ဗုံးများဖြင့် တိုက်ခိုက်ခဲ့မှုအခြေအနေများ၊ ၂၃-၁၁-၂၀၂၃ ရက်နေ့ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်တို့တွင် ထိတွေ့တိုက်ပွဲများဖြစ်ပွားမှု အခြေအနေများနှင့် လက်ရှိကောလာဟလသတင်းမျိုးစုံ ထုတ်လွှင့်နေမှုများသည် ယခင်ဗကပမှပြုလုပ်ခဲ့သည့် နည်းလမ်းဟောင်းများအတိုင်း လုပ်ဆောင်နေမှု အခြေအနေများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်

ကျွန်တော်တို့မြန်မာနိုင်ငံအစိုးရအနေနဲ့ နယ်စပ်ဒေသတွေမှာ အခုဖြစ်ပေါ်နေတယ်လို့ပြောနေတဲ့ Online လိမ်လည်မှုအပြင် တရားမဝင်လုပ်ငန်းများ ပပျောက်စေရေး၊ တရားဥပဒေစိုးမိုးရေး၊ တည်ငြိမ်အေးချမ်းရေးအတွက် ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလို ဆောင်ရွက်လျက်ရှိရာမှာ ဒီနေ့မှာတော့ နိုဝင်ဘာလ ၂၃ ရက်နေ့ နယ်စပ်ဒေသတွေမှာ တရားမဝင် ဝင်ရောက်နေထိုင်တဲ့ တရုတ်နိုင်ငံသားအမျိုးသား ၇၈၈ ဦး၊ အမျိုးသမီး ၁၄၄ ဦး ပေါင်း ၉၃၂ ဦးကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ တာဝန်ရှိသူများထံ လွှဲပြောင်းပေးခဲ့ပါတယ်။ အောက်တိုဘာလ ၃၁ ရက်နေ့ကနေ နိုဝင်ဘာလ ၂၃ ရက်နေ့ထိ စုစုပေါင်း ၆၁၃၈ ဦး လွှဲပြောင်းခဲ့ပြီးဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ နှစ်နိုင်ငံနယ်ကြားဒေသ၊ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး လုပ်ငန်းများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရနဲ့ တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ပထမဦးဆုံး ပြောကြားလိုပါတယ်။

ဒုတိယအနေနဲ့ကတော့ ရန်ကုန်မှာရှိတဲ့ကျောင်းတွေမှာ တပ်တွေက ဝင်ရောက်တပ်စွဲတယ်ဆိုတဲ့ ကောလာဟလသတင်းဖြစ်ပါတယ်။ ဒီသတင်းနဲ့ပတ်သက်ပြီး မှန်ကန်မှုလည်းမရှိပါဘူး၊ အခြေအမြစ်လည်း မရှိပါဘူး။ ဒီဟာနဲ့ပတ်သက်ပြီး မနေ့ကလည်း ပြောပြီးဖြစ်ပါတယ်။ ကျောင်းတွေပိတ်လိုက်ရတယ်၊ ကျောင်းတွေမှာ လုံခြုံရေးစိုးရိမ်ရတယ်ဆိုတဲ့ ကောလာဟလတွေ ထွက်ပေါ်လာပါတယ်။ ပေါ်တာဆွဲတယ်ဆိုတဲ့ ကောလာဟလတွေ ထွက်ပေါ်လာပါတယ်။ ကျွန်တော်တို့အနေနဲ့ ရန်ကုန်မြို့မှာ ပုံမှန်ကင်းလှည့်တာတွေ၊ ပုံမှန်ဆောင်ရွက်တဲ့ လုပ်ငန်းတွေပဲ လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း ပြောလိုပါတယ်။

ဒီနေ့မှာတော့ မနက် ၉ နာရီ ၄၅ မိနစ်လောက်မှာ မူဆယ်မြို့နယ် ကောင်းခံကျေးရွာအနီးမှာရှိတဲ့ Seven ဟွာကျင့်ကုန်တင်ကုန်ချကားကြီးဝင်း MNDAA နဲ့ TNLA ပူးပေါင်းအဖွဲ့ သောင်းကျန်းသူအဖွဲ့က ကောင်းခံရွာရဲ့ တောင်ဘက်ကနေ Drone တွေနဲ့ကားတွေပေါ် Drop Bomb များ ကြဲချခဲ့တာရှိပါတယ်။ အဲဒီမှာ ကျွန်တော်တို့ တရုတ်နိုင်ငံဘက်မှ မြန်မာနိုင်ငံဘက်ကို Export တင်သွင်းလာတဲ့ကား ၂၅၈ စီး ရှိပါတယ်။ အဓိကတော့ လူသုံးကုန်ပစ္စည်းတွေ၊ ဆေးဝါးပစ္စည်းတွေ၊ အဝတ်အထည်တွေ၊ ဆောက်လုပ်ရေးသုံးပစ္စည်းတွေ တင်ထားတဲ့ ကားတွေဖြစ်ပါတယ်။ ဒီကားတွေဟာ လမ်းမှာ ကျွန်တော်တို့ မူဆယ်-မန္တလေး လမ်းမကြီးတစ်လျှောက်မှာ TNLA နဲ့ MNDAA အဖွဲ့တွေက ကားလမ်းတွေဖျက်ဆီးပြီး တံတားတွေချိုးထားတဲ့အတွက် ဒီနေရာမှာ ရပ်တန့်ထားတဲ့ကားတွေဖြစ်ပါတယ်။ အဲဒီ ၂၅၈ စီးထဲက အစီး ၁၂၀ လောက် မီးလောင်ပျက်စီးခဲ့ပါတယ်။ ဒါကိုကျွန်တော်တို့ မူဆယ်မှာရှိတဲ့ မီးသတ်တပ်ဖွဲ့က မီးသတ်ကားလေးစီး၊ လုံခြုံရေးဆောင်ရွက်ပေးနေတဲ့ တပ်မတော်သားတွေ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်တွေ ပူးပေါင်းပြီး မီးငြိမ်းသတ်ခဲ့ရပါတယ်။ မီးလောင်လွယ်တဲ့ပစ္စည်းတွေဖြစ်တဲ့အတွက်ကြောင့်မလို့ မီးအရှိန်ပြင်းပါတယ်။ ဒီညနေပိုင်း ၄ နာရီလောက်မှ မီးငြိမ်းသတ်နိုင်ခဲ့ပါတယ်။ ကားအစီး ၁၂၀ လောက် မီးလောင်ပျက်စီးခဲ့ရပါတယ်။ ဒါနဲ့ပတ်သက်ပြီး ဒီနေရာသည် စစ်ရေးနဲ့ဆိုင်တဲ့နေရာလည်း မဟုတ်ပါဘူး။ ဒါပြည်သူလူထုနဲ့ဆိုင်တဲ့နေရာပဲဖြစ်ပါတယ်။ နှစ်နိုင်ငံကုန်သွယ်ရေးအတွက် အဓိကအချက်အချာကျတဲ့နေရာဖြစ်ပါတယ်။ ပြီးရင် တရုတ်နိုင်ငံဘက်ကနေ တင်သွင်းလာတဲ့ မြန်မာနိုင်ငံအတွက် အခြေခံလိုအပ်ချက်ဖြစ်တဲ့ လူသုံးကုန်၊ ဆေးဝါး၊ ဆောက်လုပ်ရေးသုံးပစ္စည်းတွေဖြစ်ပါတယ်။ ဒါတွေကို ပစ်မှတ်ထားပြီး တိုက်ခိုက်လာခြင်းသည် ပြည်သူလူထုကို တိုက်ရိုက်စော်ကားတာဖြစ်ပါတယ်။ ပြည်သူလူထုနဲ့ ပတ်သက်တဲ့ စီးပွားရေးကို တိုက်ရိုက်ထိပါးစော်ကားတာဖြစ်ကြောင်း ပြောကြားလိုပါတယ်။




တိုက်ပွဲဖြစ်စဉ်များအနေနဲ့ကတော့ ကျွန်တော်တို့ ရှမ်းပြည်နယ်အရှေ့မြောက်ပိုင်းမှာ နမ့်စလပ်မှာတော့ ထိတွေ့တိုက်ပွဲဖြစ်ပွားနေတာရှိပါတယ်။ နှစ်ပတ်ခန့်ရှိပြီ ဖြစ်ပါတယ်။ တပ်မတော်အနေနဲ့ အင်အားဖြည့်တပ်တွေလည်း ရောက်ရှိနေပြီ ဖြစ်ပါတယ်။ ဒီညနေပိုင်းမှာတော့ အင်အားဖြည့်တပ်တွေရောက်ရှိပြီး ရန်သူအနေနဲ့ အကျအဆုံးများစွာရှိတယ်လို့ ကျွန်တော်တို့ သိရပါတယ်။ လောက်ကိုင်မှာတော့ မြို့ထဲကို ရှော့တိုက်ဒုံးနဲ့ ခုနစ်လုံးပစ်ခတ်ခဲ့တာရှိပါတယ်။ လောက်ကိုင်မြို့ပတ်ဝန်းကျင်မှာ တိုက်ပွဲငယ်တွေဖြစ်ပွားခဲ့တာရှိပါတယ်။ ကယားပြည်နယ်ဘက်မှာတော့ ဖယ်ခုံဘက်မှာ ထိတွေ့တိုက်ပွဲအနည်းငယ်ရှိပါတယ်။ ရခိုင်ပြည်နယ်ဘက်မှာတော့ စစ်တွေပုံမှန်အတိုင်းပဲ ဖြစ်ပါတယ်။ လုံခြုံရေးဆောင်ရွက်လျက်ရှိပါတယ်။ ထရွှန်အိုင်ဘက်မှာတော့ Drop Bomb ချပြီး တိုက်ခိုက်ခဲ့တာရှိပါတယ်။ ဒီနေရာမှာ ပြောချင်တာကတော့ ကျွန်တော်တို့ ဒီအချိန်မှာ ဖြစ်ပေါ်နေတဲ့ အခြေအနေတွေနဲ့ပတ်သက်ပြီး ပြည်ဖျက်မီဒီယာတွေအနေနဲ့၊ အနောက်နိုင်ငံအထောက်အပံ့ပေးထားတဲ့မီဒီယာတွေအနေနဲ့ တရုတ်နဲ့မြန်မာဆက်ဆံရေး ပိုမိုပျက်ပြားလာအောင်၊ တစ်ဦးနဲ့တစ်ဦးအထင်အမြင်လွဲအောင် လုပ်ဆောင်နေတာတွေရှိပါတယ်။ ဒီမူဆယ်မှာရှိတဲ့ ကျင်ဆန်းကျော့ဂိတ်နဲ့ပတ်သက်ပြီး MNDAA၊ TNLA အကြမ်းဖက်သောင်းကျန်းသူတွေ Drop Bomb ချပြီး ပစ်ခတ်တာကို တပ်မတော်က ပစ်ခတ်သယောင်မျိုးလုပ်ခဲ့တာကို အယုတ်ချက်ချင်းထုတ်လွှင့်နေခဲ့တာ တွေ့ရပါတယ်။ ဘယ်သူတွေလုပ်တယ်ဆိုတာ ဒီနယ်မြေမှာရှိတဲ့ ဒေသခံတွေ သိပါတယ်။ ဘယ်သူတွေက မီးငြိမ်းသတ်ပေးနေရတယ်ဆိုတာ ဒီနယ်မြေမှာရှိတဲ့ ဒေသခံတွေရော၊ သက်သေတွေရောရှိတယ်လို့ပြောချင်ပါတယ်။ ဒီလိုအချိန်မျိုးမှာတော့ ကောလာဟလ သတင်းမျိုးစုံထုတ်လွှင့်မှာဖြစ်ပါတယ်။ ကျွန်တော်ပြောခဲ့သလိုပဲ နိုင်ငံတစ်နိုင်ငံမှာ လူမှုစီးပွားဘဝ တည်ငြိမ်အေးချမ်းရေးက အရေးကြီးပါတယ်။ လူမှုရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ ကာကွယ်ရေးကဏ္ဍတွေမှာ ကောလာဟလသတင်းမျိုးစုံ ထုတ်လွှင့်မှာဖြစ်ပါတယ်။ ဒါတွေဟာ ခုမှလုပ်တာမဟုတ်ပါဘူး။ ယခင်ကတည်းကတိုင် ဗကပရဲ့နည်းလမ်းဟောင်းတွေပဲ ဖြစ်ပါတယ်။ ဥပမာအနေနဲ့ ပြောရမယ်ဆိုရင် ၁၉၆၇ လောက်မှာ မြန်မာနိုင်ငံမှာ အရေးအခင်းတစ်ခု ဖြစ်ခဲ့ဖူးတယ်။ အဲတာနဲ့ပတ်သက်ပြီးတော့ကျ ဗကပ က အဲဒီတုန်းက ဥက္ကဋ္ဌဖြစ်နေတဲ့ ဗသိန်းတင်က အသံလွှင့်စကားတစ်ခု ပြောခဲ့ဖူးတယ်။ ၁၉၆၇ ခုနှစ် ဇူလိုင်လ ၈ ရက်နေ့ပေါ့။ ဒီမှာဆိုရင် သူတို့ရဲ့နယ်မြေ တစ်နိုင်ငံလုံးရဲ့ ၅၀ ရာခိုင်နှုန်း တိုးတက်လာပြီတို့၊ တစ်ပြည်လုံးရဲ့ ၆၀ ရာခိုင်နှုန်းကို တိုက်ခိုက်ရေးအင်အားတွေ ဖုံးလွှမ်းနိုင်ပြီဆိုတဲ့ဟာမျိုး ထုတ်လွှင့်ခဲ့ပါတယ်။ ဒ့ါအပြင် မနှစ်ကအောက်တိုဘာလမှာဆိုရင် ကျွန်တော်တို့တပ်တွေက ရန်ကုန်မှာရှိတဲ့ နေဝင်းရဲ့အိမ်နဲ့ နှစ်မိုင်လောက်ရှိတဲ့ လက်နက်ကိုင်ဌာနတစ်ခုကို ဝင်ရောက်စီးနင်းခဲ့တယ်။ နိုဝင်ဘာလမှာ ရန်ကုန်မြို့ဆင်ခြေဖုံးက သမဝါယမဆိုင်တွေကို ဝင်ရောက် သိမ်းပိုက်ခဲ့ပြီး ပစ္စည်းတွေကို ပြည်သူလူထုကိုဝေခဲ့တယ်ဆိုပြီးတော့ ပြည်ပအသံလွှင့်ဌာနတစ်ခုကနေ ချိတ်ဆက်အသံလွှင့်ခဲ့တာမျိုး၊ သူတို့ကိုယ်ပိုင်အသံလွှင့်ဌာနကနေ ချိတ်ဆက်အသံလွှင့်ခဲ့တာမျိုးတွေထိ လုပ်ခဲ့တာဖြစ်ပါတယ်။ ဒါမျိုးအလုပ်မျိုးတွေကို ဒီနည်းလမ်းဟောင်းတွေအတိုင်းပဲ ဆက်လက်ကျင့်သုံးနေမှာဖြစ်ပါတယ်။ ဒီတော့ ကျွန်တော်တို့အနေနဲ့ ပြောနိုင်တာ၊ ပြောရမှာ၊ ပြောချင်တာကတော့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေနဲ့ ကျွန်တော်တို့ရဲ့ ရည်မှန်းချက်တွေ၊ ကျွန်တော်တို့ရဲ့ ဦးတည်ချက်တွေ၊ ရှေ့လုပ်ငန်းစဉ်တွေအတိုင်းပဲ ကျွန်တော်တို့ ဆက်လက်လုပ်ဆောင်လျက်ရှိပါတယ်။ ကျွန်တော်တို့ရဲ့ ရှေ့လုပ်ငန်းစဉ်မှာ နိုင်ငံရေးမျှော်မှန်းချက်၊ အမျိုးသားရေးရည်မှန်းချက်တွေ ရှိပြီးဖြစ်ပါတယ်။ ပြည်သူလူထုလိုလားတောင့်တတဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို ကျွန်တော်တို့ မလွဲမသွေ ဆက်လက်လျှောက်လှမ်းမှာဖြစ်ပါတယ်။ တိုင်းရင်းသားပြည်သူလူထုလိုလားတဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်ကိုအခြေခံတဲ့ ပြည်ထောင်စုစနစ်ကို ကျွန်တော်တို့ တည်ဆောက်သွားမှာဖြစ်ပါတယ်။ ဒီနည်းလမ်းတွေမှအပ ကျွန်တော်တို့မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲဖို့၊ ရပ်တည်နိုင်ဖို့ အခြားသော နည်းလမ်းမရှိပါဘူး။ ဒါကြောင့် ဒီအချိန်မှာ ပြည်သူလူထုတစ်ရပ်လုံး၊ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအနေနဲ့ စည်းလုံးညီညွတ်စွာနဲ့ လက်တွဲဆောင်ရွက်ရမယ့်အချိန်ဖြစ်ကြောင်း ပြောကြားလိုပါတယ်။

**အားလုံးကိုကျေးဇူးတင်ပါတယ်။**

## ဗလငါးတန်ဖွံ့ဖြိုးရေး စကားဝိုင်းဆွေးနွေးပွဲနှင့် ပြိုင်ပွဲများကျင်းပ

**စစ်ကိုင်း နိုဝင်ဘာ ၂၃**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် (စစ်ကိုင်း) ပညာရေးဘွဲ့ ၅ နှစ်သင်တန်းတွင် တက်ရောက်နေကြသော ကျောင်းသား ကျောင်းသူများ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍများတွင် အသိပညာဗဟုသုတ ရရှိစေရန် အဆိုပါတက္ကသိုလ်၌ ဗလငါးတန်ဖွံ့ဖြိုးရေး စကားဝိုင်းဆွေးနွေးပွဲနှင့် ပြိုင်ပွဲများ ကျင်းပသည်။

ထိုသို့ကျင်းပရာတွင် “လူငယ်နှင့် စာပေ” ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲကို နိုဝင်ဘာ ၁၃ ရက်တွင်လည်းကောင်း၊ အထွေထွေ ဗဟုသုတ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကို နိုဝင်ဘာ ၁၅ ရက်မှ ၁၇ ရက်အထိ လည်းကောင်း၊ အင်္ဂလိပ်စာ စကားရည်လုပြိုင်ပွဲကို နိုဝင်ဘာ ၂၀ ရက်တွင်လည်းကောင်း၊ မြန်မာစာ စကားရည်လုပြိုင်ပွဲကို နိုဝင်ဘာ ၂၁ ရက်တွင် လည်းကောင်း ကျင်းပခဲ့ပြီး ပြိုင်ပွဲများသို့ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ/ဌာနမှူးများ၊ ဌာနခွဲမှူးများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်အားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# နယ်စပ်ဒေသများတွင် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေသူများအား ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာတာဝန်ရှိသူများထံသို့ ဆက်လက်လွှဲပြောင်းပေးအပ်

နေပြည်တော် နိုဝင်ဘာ ၂၃

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ အပါအဝင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို အလေးထားဆောင်ရွက် လျက်ရှိပြီး အချို့သောပြည်ပနိုင်ငံသားများအနေဖြင့် နယ်စပ်ဒေသများမှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိကြောင်း သိရှိရသည့်အတွက် အုပ်ချုပ်ရေးအဖွဲ့အစည်းများမှ လိုအပ်သည့် စိစစ်မှုများပြုလုပ်ကာ ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့လွှဲပြောင်းပေးအပ်ခြင်းများကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင်လည်း တရုတ်နိုင်ငံသား အမျိုးသား ၇၈၈ ဦး၊ အမျိုးသမီး ၁၄၄ ဦး စုစုပေါင်း ၉၃၂ ဦးကို စိစစ်ဖော်ထုတ် ရရှိခဲ့ပြီး ထပ်မံလွှဲပြောင်းပေးနိုင်ခဲ့ခြင်းကြောင့် ၂၀၂၃ ခုနှစ် အောက်တိုဘာ ၃၀ ရက်မှ နိုဝင်ဘာ ၂၃ ရက်အထိ တရုတ်နိုင်ငံသား အမျိုးသား ၅၆၁၂ ဦး၊ အမျိုးသမီး ၅၂၆ ဦး စုစုပေါင်း ၆၁၃၈ ဦးတို့ကို ဖော်ထုတ်ရရှိခဲ့ပြီး ဥပဒေနှင့်အညီ လိုအပ်သည့် စိစစ်ခြင်းများဆောင်ရွက်ခဲ့ကာ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တာဝန်ရှိသူများထံသို့ စနစ်တကျ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်းများ ဆောင်ရွက်နိုင်ခဲ့သည်။

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများမှ တရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိသည့် ပြည်ပနိုင်ငံသားများအား စိစစ်ဖော်ထုတ်ခြင်းနှင့် ပြန်လည်လွှဲပြောင်းခြင်း လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# မော်လမြိုင်တက္ကသိုလ်ဝန်ထမ်းများ ကျောင်းပြင်ပ ပြောင်းရွှေ့နေထိုင်ခွင့် ပိတ်ပင်ခံရဟု Social Media များတွင် သတင်းတု၊ သတင်းမှားများ ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၂၃

ကယားပြည်နယ်ရှိ လွိုင်ကော်တက္ကသိုလ်အား အကြမ်းဖက်သောင်းကျန်းသူများက ဝင်ရောက်တိုက်ခိုက်ခဲ့ပြီး ဆရာ ဆရာမများနှင့် ဝန်ထမ်းမိသားစုဝင်များအား ဖမ်းဆီးခေါ်ဆောင်ခဲ့သည့် ဖြစ်စဉ်ဖြစ်ပွားခဲ့မှုကြောင့် မော်လမြိုင်တက္ကသိုလ်ရှိ ဆရာဆရာမများနှင့် ဝန်ထမ်းများသည်လည်း စိုးရိမ်စိတ်များဖြင့် နီးစပ်ရာဆွေမျိုးနေအိမ်များနှင့် ကျောင်းပြင်ပ ပြောင်းရွှေ့နေထိုင်ကြသူများ များပြားလာခြင်းကြောင့် မော်လမြိုင်တက္ကသိုလ် ပါမောက္ခချုပ်က နိုဝင်ဘာ ၁၆ ရက်တွင် အရေးပေါ်အစည်းအဝေး ပြုလုပ်၍ တက္ကသိုလ်ရှိဝန်ထမ်းများအနေဖြင့် ကျောင်းအတွင်း ပြန်လည်နေထိုင်ကြရန်နှင့် ကျောင်းပြင်ပ ပြောင်းရွှေ့နေထိုင်ခွင့်များ ပိတ်ပင်ခဲ့ကြောင်း Social Media များတွင် သတင်းတု၊ သတင်းမှားများ ရေးသားဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။




အဆိုပါ သတင်းနှင့်ပတ်သက်၍ မော်လမြိုင်တက္ကသိုလ် ပါမောက္ခချုပ်၏ ပြောကြားချက်အရ နိုဝင်ဘာ ၁၆ ရက်တွင် ပြုလုပ်ခဲ့သည့် အစည်းအဝေးမှာ ပုံမှန်အစည်းအဝေးသာဖြစ်ပြီး Social Media များတွင် ရေးသားဖြန့်ဝေနေမှုများသည် လုပ်ကြံသတင်းအမှားများသာဖြစ်ပြီး နိုင်ငံတော်အစိုးရ၏ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးဆောင်ရွက်နေမှုများကို ထိခိုက်စေရန်နှင့် ပြည်သူများမှ အထင်အမြင်လွဲမှားစေရန်အတွက် အကြမ်းဖက်မှုကို အားပေးသည့် မီဒီယာအချို့မှ ယခုကဲ့သို့ ရည်ရွယ်ချက်ရှိရှိ သတင်းတု၊ သတင်းမှားများ လုပ်ကြံရေးသားဖြန့်ဝေခြင်းသာဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ရခိုင်ပြည်နယ်မြောက်ပိုင်းမှာ တိုက်ပွဲဖြစ်ပွားမှုများကြောင့် စာသင်ကျောင်း ၁၂၀၀ ခန့် ပိတ်ထားရကြောင်း မဟုတ်မမှန် သတင်းများ လူမှုကွန်ရက်စာမျက်နှာတွင် ရေးသား ဖြန့်ဝေလျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၂၃

ရခိုင်ပြည်နယ်တွင် AA လက်နက်ကိုင် သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် ရခိုင်ပြည်နယ်(မြောက်ပိုင်း) ဘူးသီးတောင်၊ မောင်တော၊ ရသေ့တောင်၊ ပုဏ္ဏားကျွန်း၊ ပေါက်တော၊ မင်းပြား၊ မြေပုံ၊ ကျောက်တော်၊ မြောက်ဦးနှင့် စစ်တွေ စသည့် မြို့နယ် ၁၀ မြို့နယ်၌ စာသင်ကျောင်းပေါင်း ၁၂၀၀ ခန့် ပိတ်ထားရကြောင်း မဟုတ်မမှန် သတင်းများ လူမှုကွန်ရက်စာမျက်နှာများတွင် ရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ ရခိုင်ပြည်နယ် မြောက်ပိုင်းတွင် စာသင်ကျောင်းများ ပိတ်ထားမှု မရှိဘဲ ကျောင်းများ ပုံမှန်အတိုင်း ဖွင့်လှစ်လျက်ရှိပါကြောင်း ရခိုင်ပြည်နယ် ပညာရေးမှူးရုံးမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။

သို့ဖြစ်ပါ၍ ဒေသခံတိုင်းရင်းသားများအနေဖြင့် လူမှုကွန်ရက်စာမျက်နှာများတွင် ပြည်ဖျက်မီဒီယာနှင့် အကြမ်းဖက်မှုအားပေးသည့် မီဒီယာအချို့တို့မှ ပညာရေးနှင့် ပတ်သက်၍ မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိသည့် လုပ်ကြံသတင်းများကို ယုံကြည်ခြင်း မရှိကြရန်နှင့် မိမိတို့၏ သားသမီးများ၏ ပညာရေးကို ဆက်လက်အားပေးသွားကြရန် လိုအပ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။




**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် နိုဝင်ဘာ ၂၃

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့် ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီး ပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၂၂ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Susu Lwin” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် မြို့သစ်ရပ်ကွက်နေ စုစုလွင်အား နံနက် ၁၀ နာရီ ၄၅ မိနစ်တွင်လည်းကောင်း၊ “Khai Shwe Yi Lynn” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ် အမှတ်(၈)ရပ်ကွက်နေ အိခိုင်ဇင်အား မွန်းလွဲ ၂ နာရီခွဲတွင်လည်းကောင်း၊ “ASHIN KOR WAE DA” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရခိုင်ပြည်နယ် စစ်တွေမြို့နယ် စက်ရုံစုရပ်ကွက် တေဇာရာမဘုန်းကြီးကျောင်း ဒေသအခေါ် သရက်အုပ်ကျောင်းမှ တိုက်အုပ်ဆရာတော် ဦးကောဝိဒ(ခ)ငြိမ်းချမ်းဝင်းအား မွန်းလွဲ ၂ နာရီ ၃၅ မိနစ်တွင်လည်းကောင်း၊ “Khaing Thu Zar” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် အောင်မင်္ဂလာရပ်ကွက်နေ ခိုင်သူဇာအား ညနေ ၅ နာရီ ၅ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ပန်းတနော်မြို့နယ်၌ ကျေးလက်လမ်းတံတား လုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

ပန်းတနော် နိုဝင်ဘာ ၂၃

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်အတွင်းရှိ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် ကျေးလက်လမ်းတံတားလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို နိုဝင်ဘာ ၂၂ ရက် နံနက်ပိုင်းက ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန (ရုံးချုပ်)နေပြည်တော် ဒုတိယညွှန်ကြားရေးမှူးချုပ်(ထိန်းသိမ်းရေး) ဦးနေဦးက ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ပန်းတနော်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ပြည်ထောင်စုငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ပိန်းချောင်း-ဇရပ်လှကြီး-စံကျ-အစုကြီးလမ်း ကွန်ကရစ်ခင်းခြင်း၊ ပဆင‌လမ်းမှ ဆုတောင်းပြည့် -အိမ်မဲလမ်းသို့ ဆက်သောလမ်း ကွန်ကရစ်ခင်းခြင်း၊ ထွန်းပအရှေ့စု-ပျဉ်ဘိုး-ကူးတို့ဆိပ်-ထွန်းပတောင်-ထွန်းပမြောက်-မယ်လမ်းပျော်လမ်း ကျောက်ချောခင်းခြင်းနှင့် မတ်-နွေလမ်းစု-မွေ့ပင်-တော်တရလေး လမ်းပေါ်ရှိတံတား တည်ဆောက်ခြင်းလုပ်ငန်းများကို သွားရောက်ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ ပန်းတနော်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ(မြို့ပြ)တာဝန်ခံ ဒေါ်စုမြတ်မွန်နှင့် မအူပင်ခရိုင် လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဒေါ်အေးနန္ဒာစိုးတို့က လမ်းခင်းခြင်းဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ကုမ္ပဏီများ၏ လမ်းတာဝန်ခံအင်ဂျင်နီယာများကလည်း မိမိတို့တာဝန်ယူဆောင်ရွက်ရသော လမ်း/တံတားလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြပြီး ဒုတိယညွှန်ကြားရေးမှူးချုပ် (ထိန်းသိမ်းရေး) ဦးနေဦးက လုပ်ငန်းများ အချိန်မီပြီးစီးရေးနှင့် အရည်အသွေးပြည့်မီစေရေး အလေးထားဆောင်ရွက်သွားရန်နှင့် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။ **ပြည့်ဖြိုးကျော်(ပြန်/ဆက်)**

# ကမ္ဘောဒီးယားနိုင်ငံ၌ ယခုနှစ်အတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ၅ ဒသမ ၆ ရာခိုင်နှုန်းရှိလာဟု ဝန်ကြီးချုပ်ပြောကြား

ဖနောင်ပင် နိုဝင်ဘာ ၂၃

ကမ္ဘောဒီးယားနိုင်ငံသည် ယခုနှစ်တွင် ၎င်း၏ စီးပွားရေးတိုးတက်မှုကို ၅ ဒသမ ၆ ရာခိုင်နှုန်းဖြင့် ထိန်းသိမ်းခဲ့ပြီး ၂၀၂၄ ခုနှစ်တွင် ၆ ဒသမ ၆ ရာခိုင်နှုန်းသို့ မြင့်တင်သွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် ဟွန်မာနက်က နိုဝင်ဘာ ၂၃ ရက်တွင် ပြောကြားသည်။

ကမ္ဘောဒီးယားနိုင်ငံ၏ အဓိက စီးပွားရေးလုပ်ငန်းများမှာ အထည်ချုပ်၊ ဖိနပ်လုပ်ငန်းနှင့် ခရီးသွားကုန်ပစ္စည်းများ တင်ပို့မှု၊ ခရီးသွားလုပ်ငန်း၊ စိုက်ပျိုးရေး၊ အိမ်ခြံမြေ နှင့် ဆောက်လုပ်ရေးလုပ်ငန်းတို့ ဖြစ်သည်။

ကမ္ဘောဒီးယားနိုင်ငံသည် ၂၀၃၀ ပြည့်နှစ်တွင် အလယ်အလတ်ဝင်ငွေ အထက်ရှိသည့်နိုင်ငံ ဖြစ်လာရန်နှင့် ၂၀၅၀ ပြည့်နှစ်တွင် အဆင့်မြင့်သော စီးပွားရေးနိုင်ငံဖြစ်လာရန် ရည်မှန်းချက်ကြီးကြီးမားမားချမှတ်ခဲ့သည်ဟု 2023 Cambodia Outlook Conference တွင် ၎င်းက မှတ်ချက်ပြုပြောကြားသည်။

ကမ္ဘောဒီးယားနိုင်ငံသည် ၂၀၂၇ ခုနှစ်တွင် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဆင့်မှ လွတ်မြောက်ရမည်ဟု ခန့်မှန်းထားကြောင်း ၎င်းကထပ်လောင်း ပြောကြားခဲ့သည်။

တစ်ချိန်တည်းတွင် ကမ္ဘောဒီးယားသည် ဒေသတွင်း နိုင်ငံအသီးသီးသို့ ကုန်ပစ္စည်း တင်ပို့ရောင်းချသည့် ဈေးကွက်များကို တရုတ်၊ ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံတို့အထိ ချဲ့ထွင်ခဲ့ပြီး အမေရိကန်နှင့် ဥရောပ ဈေးကွက်များအပေါ် မှီခိုအားထားမှုအားလုံးကို တဖြည်းဖြည်းလျှော့ချလိုက်ကြောင်း ၎င်းက ပြောကြားခဲ့သည်။



အခြေခံအဆောက်အအုံ ရင်းနှီးမြှုပ်နှံမှုနှင့် ဒေသတွင်း လွတ်လပ်သောကုန်သွယ်မှု သဘောတူညီချက်များ၏ အကျိုးကျေးဇူးများကြောင့် ကမ္ဘောဒီးယားနိုင်ငံ၏ ပြည်တွင်း အသားတင်ကုန်ထုတ်လုပ်မှု တန်ဖိုးသည် ၂၀၂၃ ခုနှစ်တွင် ၅ ဒသမ ၄ ရာခိုင်နှုန်းနှင့် ၂၀၂၄ ခုနှစ်တွင် ၅ ဒသမ ၈ ရာခိုင်နှုန်းအထိ တိုးတက်လာမည်ဟု မျှော်လင့်ထားကြောင်း ကမ္ဘာ့ဘဏ်က ပြောကြားသည်။

ကမ္ဘောဒီးယားနိုင်ငံသည် လက်ရှိတွင် တရုတ်-အာဆီယံ လွတ်လပ်သော ကုန်သွယ်မှုဆိုင်ရာ သဘောတူညီချက်နှင့် ဒေသတွင်း ပြီးပြည့်စုံသည့် ဘက်စုံ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူညီချက်(RCEP)၏ အဖွဲ့ဝင်နိုင်ငံဖြစ်သည်။ ထို့ပြင် တရုတ်၊ တောင်ကိုရီးယား၊ ယူအေအီးတို့နှင့် လွတ်လပ်သောကုန်သွယ်မှု သဘောတူညီချက်များ ရရှိထားသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ**

# ထိုင်းနိုင်ငံ၌ စမတ်စီးတီးများ ဖွံ့ဖြိုးတိုးတက်ရေး အရှိန်အဟုန်မြှင့်လုပ်ဆောင်

ဗန်ကောက် နိုဝင်ဘာ ၂၃

ထိုင်းနိုင်ငံသည် နိုင်ငံ၏ ဒစ်ဂျစ်တယ်စွမ်းဆောင်ရည်များနှင့် မြို့ပြနေပြည်သူများအတွက် ရေရှည်တည်တံ့သော အနာဂတ်ဆီသို့ အရောက်လှမ်းနိုင်ရန် နိုင်ငံ၏ ဒစ်ဂျစ်တယ်စွမ်းဆောင်ရည်နှင့် လူနေမှုဘဝ အရည်အသွေးကို မြှင့်တင်ရန်ရည်ရွယ်ပြီး စမတ်မြို့များ ဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်မြှင့်လုပ်ဆောင်လျက်ရှိသည်။

ရေရှည်တည်တံ့ခိုင်မြဲသော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ မြို့ပြဖွံ့ဖြိုးတိုးတက်မှုနှင့် စမတ်မြို့များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာကို မဟာဗျူဟာကျကျ အသုံးချလျက်ရှိကြောင်း ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဖူသမ်ဝီချာယာချိုင်က Thailand Smart City Expo 2023 ဖွင့်ပွဲအခမ်းအနား၌ ပြောကြားသည်။

ကမ္ဘာ့စိန်ခေါ်မှုများကြားတွင် စမတ်မြို့ကြီးများသည် ထိရောက်သောမူဝါဒများချမှတ်ရန်၊ ပြဿနာများကို လျင်မြန်စွာဖြေရှင်းရန်နှင့် စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူဖြစ်စေကြောင်း ဖူသမ်ဝီချာယာချိုင်က ဆိုသည်။



နိုဝင်ဘာ ၂၁ ရက်မှ ၂၄ ရက်အထိ ကျင်းပလျက်ရှိသည့် အဆိုပါ စမတ်စီးတီးပြပွဲတွင် တရုတ်နိုင်ငံ၏ ဟွာဝေးကုမ္ပဏီအပါအဝင် ပြည်တွင်းကုမ္ပဏီ ၃၀၀ ကျော်ကို စမတ်စီးတီးပေါ်ပေါက်လာစေရန် အစပျိုးမှုများနှင့် ဒစ်ဂျစ်တယ် အသွင်ကူးပြောင်းမှုပုံစံများကို ပြသလျက်ရှိသည်။

လက်ရှိတွင် ရာယောင်ပြည်နယ်နှင့် ပင်လယ်ကမ်းခြေ အပန်းဖြေမြို့ဖြစ်သည့် ပတ္တာရားကဲ့သို့သော ထိုင်းနိုင်ငံ၏ အရှေ့ဘက် စီးပွားရေးစင်္ကြံတွင် စမတ်မြို့ပြစီမံကိန်းများစွာကို ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံအတွင်း၌ ပြည်နယ် ၂၅ ခုရှိ မြို့ပေါင်း ၃၆ မြို့ကို စမတ်မြို့များအဖြစ် ဇူလိုင်လတွင် အတည်ပြုခဲ့ပြီး အစိုးရက မြို့ပြဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ် မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**

**ဘာသာပြန် – အောင်ကျော်ကျော်**

# အစ္စရေးနှင့်ဟားမတ်အကြား ရေရှည်တည်မြဲသည့် အပစ်အခတ်ရပ်စဲရေးရရှိရန် အီရန်နိုင်ငံခြားရေးဝန်ကြီး တိုက်တွန်း

ဘေရွတ် နိုဝင်ဘာ ၂၃

ဟားမတ်စ်နှင့် အစ္စရေးတို့အကြား ရေရှည်တည်တံ့သော အပစ်အခတ်ရပ်စဲရေး မအောင်မြင်ပါက ဒေသတွင်းအခြေအနေ ပိုမိုဆိုးရွားလာမည်ဟု အီရန်နိုင်ငံခြားရေးဝန်ကြီး ဟူစိမ်အမ်မာအဒိုလာဟင်က နိုဝင်ဘာ ၂၂ ရက်တွင် သတိပေးခဲ့ကြောင်း လက်ဘနွန်အစိုးရအဖွဲ့က ပြောကြားသည်။

ဘေရွတ်တွင် လက်ဘနွန်ဝန်ကြီးချုပ် နာဂျစ်မီကာတီနှင့် တွေ့ဆုံစဉ် ၎င်းက ဟားမတ်စ်နှင့် အစ္စရေးတို့ကြား ရရှိခဲ့သော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အပစ်အခတ်ရပ်စဲရေးကို ချီးကျူးပြောကြားခဲ့ပြီး အမြဲတမ်း အပစ်အခတ်ရပ်စဲရေးရရှိရန်လိုအပ်ကြောင်း ပြောကြားခဲ့သည်။

## ငြိမ်းချမ်းသောဖြေရှင်းမှုဆီသို့ ဦးတည်

ဂါဇာဒေသတွင် အပစ်အခတ်ရပ်စဲရေးကို အကောင်အထည်ဖော်ရန် လိုအပ်ကြောင်း၊ ဂါဇာကမ်းမြောင်အပေါ် အစ္စရေး၏ တိုက်ခိုက်မှုများကို အဆုံးသတ်ရန်နှင့် ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းသော ဖြေရှင်းမှုဆီသို့ဦးတည်သွားရန် လိုအပ်ကြောင်း မီကာတီက မှတ်ချက်ပြုပြောကြားခဲ့သည်။

လက်ဘနွန်တောင်ပိုင်းကို ရန်စမှုများ ရပ်တန့်ရန်နှင့် အထူးသဖြင့် အရပ်သားများနှင့် သတင်းထောက်များကို ပစ်မှတ်ထားနေခြင်းမှ ရပ်တန့်ရန် အစ္စရေးကို နိုင်ငံတကာက သတိပေးရမည်ဟု ၎င်းက ပြောကြားသည်။

အဒိုလာဟင်က နိုဝင်ဘာ ၂၂ ရက်တွင် ဘေရွတ်မြို့သို့ ရောက်ရှိခဲ့ပြီး ဒေသတွင်း တည်ငြိမ်မှုနှင့် ပါလက်စတိုင်းနိုင်ငံသားများ၏ အခွင့်အရေးများကို မြှင့်တင်ရန် လက်ဘနွန် တာဝန်ရှိသူများနှင့် ဆွေးနွေးခဲ့သည်။

## သဘောတူညီမှုရရှိခဲ့

ဂါဇာကမ်းမြောင်ဒေသတွင် အစ္စရေးနှင့် ပါလက်စတိုင်း လက်နက်ကိုင်အဖွဲ့ ဟားမတ်စ်တို့ကြား လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အပစ်အခတ်ရပ်စဲရေးအတွက် သဘောတူညီမှုရရှိခဲ့သည်။ ယင်းအပစ်အခတ်ရပ်စဲရေးသဘောတူညီချက်အရ အစ္စရေးအကျဉ်းထောင်များမှ အမျိုးသမီးနှင့် ဆယ်ကျော်သက် ပါလက်စတိုင်းအကျဉ်းသား ၁၅၀ ခန့်ကို အစ္စရေးက လွှတ်ပေးရမည်ဖြစ်ပြီး အပြန်အလှန်အားဖြင့် ဟားမတ်စ်အဖွဲ့က ၎င်းတို့ ထိန်းသိမ်းထားသည့် ကလေးများနှင့် အမျိုးသမီးများကို လွှတ်ပေးမည်ဟု အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟု ၏ရုံးမှ ပြောကြားခဲ့သည်။

ဂါဇာကမ်းမြောင်တွင် အမြဲတမ်း အပစ်အခတ်ရပ်စဲရေးရရှိရန်နှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ခြွင်းချက်မရှိ ချက်ချင်းဝင်ရောက်လာမှုကို လွယ်ကူချောမွေ့စေမည့် တံခါးပေါက်တစ်ခုအဖြစ် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို လက်ဘနွန် နိုင်ငံခြားရေးဝန်ကြီးဌာနက ကြိုဆိုခဲ့သည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ**

# အိန္ဒိယနိုင်ငံရှိ ဥမင်လိုဏ်ခေါင်းတစ်ခုအတွင်း ပိတ်မိလျက်ရှိသည့် အလုပ်သမား ၄၁ ဦးကို ရှာဖွေကယ်ဆယ်လျက်ရှိ

နယူးဒေလီ နိုဝင်ဘာ ၂၃

အိန္ဒိယနိုင်ငံ မြောက်ပိုင်း၌ ဥမင်လိုဏ်ခေါင်းတစ်ခုအတွင်း ပိတ်မိလျက်ရှိသည့် အလုပ်သမား ၄၁ ဦးကို ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

ဥမင်လိုဏ်ခေါင်းသည် ဥတ္တရာခန်ပြည်နယ်တွင် တည်ရှိပြီး နိုဝင်ဘာ ၁၂ ရက်က မြေပြိုကျမှု ဖြစ်ပွားခဲ့သည်။

ကယ်ဆယ်ရေး လုပ်သားများသည် လိုဏ်ခေါင်းအတွင်း၌ ပိတ်မိလျက်ရှိသည့် အလုပ်သမား ၄၁ ဦးကို ကယ်တင်နိုင်ရေးအတွက် ကယ်ဆယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ လုပ်ဆောင်လျက်ရှိသည်။

ကယ်ဆယ်ရေးသမားများသည် ဗီဒီယိုလင့်ခ်တစ်ခုကို ထူထောင်ကာ အလုပ်သမားများနှင့် ဆက်သွယ်နိုင်ခဲ့သည်။ နိုဝင်ဘာ ၂၀ ရက်က ထုတ်ပြန်ခဲ့သည့် ဗီဒီယိုဖိုင်တွင် လိုဏ်ခေါင်းအတွင်း ပိတ်မိနေသူအချို့ကို ပထမဆုံးအကြိမ် မြင်တွေ့ခဲ့ရကြောင်း သိရသည်။



အလုပ်သမားများ ပိတ်မိနေသည့်နေရာကို ရှာဖွေရေးအတွက် ကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်သူများသည် ပိုက်လိုင်းမှတစ်ဆင့် လိုဏ်ခေါင်းအတွင်းသို့ ကင်မရာအသေးတစ်ခုကို ပေးပို့ခဲ့သည်။ အစားအသောက်နှင့် အခြားလိုအပ်သောပစ္စည်းများကို ပေးပို့ရန်အတွက် ယင်းပိုက်လိုင်းကို အသုံးပြုခဲ့ကြသည်။

ကယ်ဆယ်ရေးသမားများက သံမဏိပိုက်ကို တပ်ဆင်နိုင်ရန် အပျက်အစီးများကို ဖယ်ရှားလျက်ရှိသည်။ အဆိုပါလမ်းကြောင်းမှတစ်ဆင့် ပိတ်မိနေသူများကို ကယ်ဆယ်နိုင်မည်ဖြစ်ကြောင်း၊ ပိတ်မိနေသည့်အလုပ်သမားများသည် မီတာ ၆၀ ခန့်အကွာတွင်ရှိကြောင်း ကယ်ဆယ်ရေးသမားများက ပြောသည်။

လက်ရှိတွင် အပျက်အစီးများကို ဖယ်ရှားပြီး ဥမင်လိုဏ်ခေါင်းအတွင်းသို့ ၃၉ မီတာရှိသော သံမဏိပိုက်ကို ထည့်သွင်းနိုင်ခဲ့ကြောင်း သိရသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**

**ဘာသာပြန် – အောင်ကျော်ကျော်**

# လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၃**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Grand Sirius Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် NETA U နှင့် NETA V အမျိုးအစား လျှပ်စစ်သုံးယာဉ်များ၊ N.P.K Motors Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Leapmotor T03 (Luxury) အမျိုးအစား လျှပ်စစ်သုံးယာဉ်များ၊



Essential Motors Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် BYD Atto3 အမျိုးအစား လျှပ်စစ်သုံးယာဉ်များ၊ Myanmar Great Motor Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Aiqar Arrizo E အမျိုးအစား လျှပ်စစ်သုံး ယာဉ်များနှင့် Myanmar Arr Thit Man Motor Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Changan Benni E-Star အမျိုးအစား လျှပ်စစ်သုံးယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တရားမဝင် သစ်မျိုးစုံ၊ စက်လှေများ၊ စက်သုံးဆီများ၊ စားသောက်ကုန်ပစ္စည်းများနှင့် ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၂၃**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၂၀ ရက်တွင် ကချင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဝိုင်းမော်မြို့နယ် စန်းကားကျေးရွာအုပ်စု ရောဝတီမြစ်ကမ်းစပ်၌ တရားမဝင် ရွှေတူးဖော်ရာတွင် အသုံးပြုသည့် လေးလုံးထိုးအင်ဂျင်တပ်စက်လှေ လေးစင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး မြန်မာ့သတ္တုတွင်းဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



စစ်ကိုင်းတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။

ထို့ပြင် နိုဝင်ဘာ ၂၂ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မန္တလေးမြို့အဝင် မြစ်ငယ်တံတားအနီး၌ ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထွက် ကြက်သွန်ဖြူ ၂၅ ကီလိုဂရမ်ပါ အိတ် ၁၁၀၀ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၅၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Shwe Chan Truck တစ်စီးနှင့် Mitsubishi Fuso Truck တစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၀၅၀၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် နိုဝင်ဘာ ၂၂ ရက်တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ကြီးမြို့ (၄)မိုင် ပူးပေါင်းစစ်ဆေးရေးဂိတ်၌ တန့်ယန်း-မိုင်းရယ် - ကျေးသီး - လဲချား - လွိုင်လင် - တောင်ကြီး လမ်းကြောင်းအတိုင်း မောင်းနှင်လာသော ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထွက် ကြက်သွန်ဖြူ ၂၅ ကီလိုဂရမ်ပါ အိတ် ၁၁၀၀၊ အာလူး ကီလိုဂရမ် ၅၀ ပါ အိတ် ၅၉၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၅၂၄၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Dong Feng Tractor Head နှစ်စီးနှင့် နောက်တွဲယာဉ် နှစ်တွဲ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၄၀၀၀၀၀၀၀) စုစုပေါင်းခန့်မှန်းတန်ဖိုး ငွေကျပ် ၄၀၅၂၄၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ နိုဝင်ဘာ ၂၂ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကလေးမြို့ မင်္ဂလာဥယျာဉ်ရပ်ကွက်၌ တရားမဝင်စက်သုံးဆီ ဒီဇယ်ဆီ (ချက်ဆီ) ဂါလန် ၂၁၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂၅၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် နိုဝင်ဘာ ၂၂ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လှည်းကူးမြို့နယ် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ် (၆/၇)နှင့် (၇/၀)အကြား၌ ယာဉ်တစ်စီးပေါ်မှ တရားမဝင် ကျွန်းသစ် သုည ဒသမ ၈၁၆ တန်၊ အခြားသစ် သုည ဒသမ ၂၂၉ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၃၁၆၀)နှင့် အဆိုပါသစ်များ တင်ဆောင်လာသည့် Toyota Voxy တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၅၆၅၃၁၆၀ ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် နိုဝင်ဘာ ၂၃ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်အတွင်း၌ တရားမဝင် သစ်မာ ၂ ဒသမ ၃၅၉ တန်(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၇၉၈၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ နိုဝင်ဘာ ၂၀ ရက်၊ ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၃ မှု၊(ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၄၆၃၂၂၉၆၀)ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၂၀) ယနေ့ စတင်ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၃**

နိုင်ငံတကာ ရက်သတ္တပတ်ကြောင့် ခေတ္တရပ်နားထားသည့် ၂၀၂၂ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၂၀)ကို နိုဝင်ဘာ ၂၄ ရက်မှ ၂၇ ရက်အထိ ပြန်လည်ကျင်းပမည်ဖြစ်သည်။

ပွဲစဉ်(၂၀)အဖြစ် နိုဝင်ဘာ ၂၄ ရက်တွင် သုဝဏ္ဏကွင်း၌ ရခိုင်ယူနိုက်တက်အသင်းနှင့် GFA အသင်း၊ နိုဝင်ဘာ ၂၅ ရက်တွင် YUSC ကွင်း၌ လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းနှင့် မဟာယူနိုက်တက်အသင်း၊ သုဝဏ္ဏကွင်း၌ အား/ကာသိပ္ပံအသင်းနှင့် ရတနာပုံအသင်း၊ နိုဝင်ဘာ ၂၆ ရက်တွင် သုဝဏ္ဏကွင်း၌ ဟံသာဝတီအသင်းနှင့် ရန်ကုန်အသင်း၊ နိုဝင်ဘာ ၂၇ ရက်တွင် YUSC ကွင်း၌ ဒဂုံစတားအသင်းနှင့် မြဝတီအသင်း၊ သုဝဏ္ဏကွင်း၌ ကချင်ယူနိုက်တက်အသင်းနှင့် ရောဝတီအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ယခုရာသီ MNL ပြိုင်ပွဲပြီးဆုံးရန် ပွဲစဉ်လေးခုသာ လိုတော့ပြီး ထိပ်ဆုံးသုံးသင်းနှင့် တန်းဆင်းနှစ်သင်းမှာ ပွဲမကုန်ဆုံးမီ အဖြေထွက်ပေါ်ဖွယ်ရှိနေပြီး အဆင့် ၄ မှ အဆင့် ၁၀ အထိ ရပ်တည်နေသည့် အသင်းများမှာ ရမှတ် ခြောက်မှတ်သာ ကွာဟသဖြင့် လက်ကျန်ပွဲများမှာ ပြိုင်ဆိုင်မှု ပြင်းထန်ဖွယ်ရှိနေသည်။

**ကိုညီလေး**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၄-၁၁-၂၀၂၂ သောကြာနေ့

**MRTV HD**

- ၀၆:၀၀ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်နှင့်အဖွဲ့၏မေတ္တသုတ်၊ရတနသုတ် တေဗ္ဗုဂ်သုတ်၊အန္တရာယ်ကင်းပရိတ်တရားတော်
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ ဝိုးမှသည်...ရွှေ
- ၀၉:၄၀ Soccer View
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၀:၃၀ လူမှုစီးပွားသတင်းများ
- ၁၂:၃၅ မြန်မာဇာတ်လမ်းတွဲ **'လျှို့ဝှက်လရောင်'** (အပိုင်း-၁၁)
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'တားဆီးကျော်ဖြတ်စုံစမ်းဖော်ထုတ်'** (အပိုင်း-၁၅)
- ၁၅:၂၀ ၂၀၂၂ခုနှစ်၊အကြိမ်(၆၀)မြောက်တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဖလားတပ်မတော် (ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားတိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)စခန်းမှူးရုံးအသင်း)
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- ၁၉:၁၀ မြန်မာဇာတ်လမ်းတွဲ **'လျှို့ဝှက်လရောင်'** (အပိုင်း-၁၂)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ **"တန်ဆောင်တိုင်ည"** တေးဂီတဖျော်ဖြေပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်

**mitv**

- 07:01 Evergreen Classic: Myitta Phyan Mha Lenn Senn Mal (Thida Theint)
- 07:09 A Grate Musician of A Horn Violin
- 07:32 Natural Lake: Fish Breeding Business
- 07:45 Tastes of Home Land: Salt and Pepper Prawns
- 08:01 News
- 08:28 Ecotourism: Pyarswal Elephant Camp And Mawlaik Golf Course
- 08:40 Shan Traditional Festival
- 09:01 Lest We Forget Great Gratitude Of Parents: Kedara Parrot King Drama (Part-2) The Duet Dance of Kedara Parrot King
- 09:24 Sarus Crane in Myanmar
- 09:35 Artistic Values & Aesthetic Traditions
- 10:01 News

**MRTV NRC**

**မွန် (၀၆:၀၀ မှ ၀၈:၀၀)** သစ်တိုသီးဝက်သားချက်နဲ့မျှစ်ဟင်းရည်

**ရခိုင် (၀၈:၀၀ မှ ၁၀:၀၀)** အမှောင်ကမ္ဘာထဲမှ စွမ်းအားရှင်လေးများ

**ရှမ်း (၁၀:၀၀ မှ ၁၂:၀၀)** ရှမ်းဘာသာစကားပြောကြရအောင်နော် (သစ်သီးဝလံ)(အပိုင်း-၂)

**ဝ (၁၂:၀၀ မှ ၁၄:၀၀)** ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၁၇)

**ကချင် (၁၄:၀၀ မှ ၁၆:၀၀)** လက်ကိုင်ဖုန်းနှင့်ကျန်းမာရေး

**ကယား (၁၆:၀၀ မှ ၁၈:၀၀)** လိဆူတိုင်းရင်းသားတို့ပျော်မွေ့ရာအိုင်စန့်ကျေးရွာ

**ပအိုဝ်းကရင် (၁၈:၀၀ မှ ၁၉:၀၀)** အူရင်းသီး

**အနောက်ပိုးကရင် (၁၉:၀၀ မှ ၂၀:၀၀)** ထမင်းကြမ်းခဲ၏တန်ဖိုး(ဇာတ်လမ်းတို)

**အရှေ့ပိုးကရင် (၂၀:၀၀ မှ ၂၁:၀၀)** သွားပိုးစားခြင်းအကြောင်းသိကောင်းစရာ

**ချင်း (လိုင်ရိုး) (၂၁:၀၀ မှ ၂၂:၀၀)** အုံ့ပွယ်သစ္စာရှင် အောက်ချင်းမောင်နံ

**ချင်း (ချိုး) (၂၂:၀၀ မှ ၂၃:၀၀)** နွဲ့စိုတူပျော်ပီးမြင်းမိုရ်ပွဲတော်

**MRTV NEWS**

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၄၅ ECONOMIC REVIEW (Part-59) 'ထွက်ကုန်၊ထုတ်ကုန်တိုးမြှင့်ရေး'
- ၀၉:၀၀ ပြည်တွင်းသတင်း(LIVE)
- ၀၉:၁၅ ရသစုံစွာ ကျဲမြေကမ္ဘာ
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း(LIVE)
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၁၈:၄၅ Save Our Planet Program
- ၁၉:၀၀ ပြည်တွင်းသတင်း(LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း(LIVE)
- ၂၁:၀၀ ပြည်တွင်းသတင်း(LIVE)

**MRTV PARLIAMENT**

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၁၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'တောင်းပန်ပါတယ်'**
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
- ၁၀:၁၀ PR SYSTEM စကားဝိုင်း (MWD)
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (အင်ဒိုနီးရှားနိုင်ငံ)
- ၁၁:၁၀ ရှေ့သို့ချီမည်...ပန်းတိုင်ဆီ (အပိုင်း-၁၂)
- ၁၈:၀၀ Economic Review (အပိုင်း-၂၉) 'စီးပွားရေးရှုထောင့်မှ အလုပ်သမားကဏ္ဍ'

**MRTV FARMERS' Channel**

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- ၀၆:၂၅ ဓာတ်မြေဩဇာသုံးစွဲမှုလျှော့ချဖို့ သဘာဝမြေဩဇာပြုလုပ်သုံးစွဲကြပါစို့
- ၀၆:၄၀ စိုက်ပျိုးမွေးမြူသုတဘာဏ်
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၈:၀၀ Thirteen-Live-2022(နိုင်ငံခြားဇာတ်လမ်း)
- ၂၂:၀၀ ညို့(ဇာတ်လမ်း)
- ၂၃:၄၅ Pumpkin & Squash Harvest (How To Tell When They're Ready to Pick) Garden Answer

**MRTV SPORTS**

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၄၀ Sports Diary
- ၁၆:၃၀ MNL 2022 Match (Replay)
- ၁၈:၀၀ အားကစားသတင်း
- ၁၉:၃၅ Soccer View

MRTV Application

Android iOS Huawei

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

https://mrtv.gov.mm

■ ကျောဖုံးမှ

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ယနေ့ နံနက် ၉ နာရီ ၄၅ မိနစ်ခန့်တွင်လည်း MNDAA၊ TNLA အဖွဲ့နှင့် PDF အမည်ခံပူးပေါင်းအကြမ်းဖက်သမားများသည် လုံခြုံရေးတပ်ဖွဲ့ဝင်များ လုံခြုံရေးဆောင်ရွက်ထားမှုမရှိသည့် စစ်ရေးပစ်မှတ်မဟုတ်သော မြန်မာ-တရုတ်နှစ်နိုင်ငံကုန်သွယ်ဂိတ် ကျင်စန်းကျေးအတွင်းရှိ ဆဲဗင်းဟွာကျင့်ကုမ္ပဏီသွင်းကုန် ကားဝင်းအတွင်းသို့ Drone ယာဉ်များဖြင့် Drop Bomb များပစ်ချ တိုက်ခိုက်ခဲ့ရာ ကားဝင်းအတွင်း ရပ်နားထားသည့် မော်တော်ယာဉ်များပေါ်သို့ ဗုံးသီးများ ကျရောက် ပေါက်ကွဲမှုကြောင့် မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ပြီး ယာဉ်တစ်စီးမှတစ်စီး ဆက်လက်လောင်ကျွမ်းမှု ဖြစ်ပေါ်ခဲ့ရသည်။

## ငြိမ်းသတ်နိုင်ခဲ့

ထိုကဲ့သို့ မီးလောင်ကျွမ်းမှုများ ဖြစ်ပေါ်ခဲ့သဖြင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်ဌာနေတပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ မီးသတ်ယာဉ်များအသုံးပြုကာ မီးငြိမ်းသတ်နိုင်ရေး ကြိုးပမ်း ဆောင်ရွက်ခဲ့ကြပြီး အနီးဝန်းကျင်ရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များမှလည်း အလျင်အမြန်သွားရောက် ပူးပေါင်းကာ မီးငြိမ်းသတ်ခြင်းနှင့် လိုအပ်သည့် ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ရာ ညနေ ၄ နာရီ ၄၅ မိနစ်ခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

## မီးလောင်ပျက်စီး

MNDAA၊ TNLA အဖွဲ့နှင့် PDF အမည်ခံပူးပေါင်းအကြမ်းဖက်သမားများ၏ယခုအကြမ်းဖက်လုပ်ရပ်ကြောင့် ကားဝင်းအတွင်း ရပ်နားထားသည့် သွင်းကုန်မော်တော်ယာဉ် ၂၅၈ စီးရှိသည့်အနက် အိမ်သုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ အဝတ်အထည်နှင့် အိမ်ဆောက်ပစ္စည်းများ တင်ဆောင်ထားသည့် မော်တော်ယာဉ် ၁၂၀ ခန့် မီးလောင်ပျက်စီးဆုံးရှုံးခဲ့ရပြီး စီးပွားရေးလုပ်ငန်းရှင်များနှင့် ဒေသခံပြည်သူလူထုတို့၏ လူမှုစီးပွားဘဝများစွာ ထိခိုက်နစ်နာမှုဖြစ်ပေါ်ခဲ့ရကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ အနေဖြင့် ဒေသတည်ငြိမ် အေးချမ်းရေးအတွက် အကြမ်းဖက်မှုချေမှုန်းရေး စစ်ဆင်ရေးကို ပြည်သူလူထုနှင့် ပူးပေါင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**





MNDAA၊ TNLA အဖွဲ့နှင့် PDF အမည်ခံပူးပေါင်းအကြမ်းဖက်သမားများက မြန်မာ-တရုတ်နှစ်နိုင်ငံကုန်သွယ်ဂိတ် ကျင်စန်းကျေးအတွင်းရှိ ဆဲဗင်းဟွာကျင့်ကုမ္ပဏီ သွင်းကုန်ကားဝင်းအတွင်းသို့ Drop Bomb များဖြင့် ပစ်ချတိုက်ခိုက်မှုကြောင့် မော်တော်ယာဉ်များ မီးလောင်ပျက်စီးမှု(အပေါ်ပုံ)နှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်ဌာနေတပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ ပူးပေါင်း၍ မီးငြိမ်းသတ်စဉ်။(ယာပုံ)



# ကျော့သောင်းမြို့၌ ရေစုကန်ဆောက်ရွက်နေမှု ကွင်းဆင်းကြည့်ရှု

**ကျော့သောင်း နိုဝင်ဘာ ၂၃**

တနင်္သာရီတိုင်းဒေသကြီး ကျော့သောင်းမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ ရေလုံလောက်စွာရရှိစေရေး ရေသန့်စင်စက်ရုံ(၁၂)မိုင်ရှိ ရေစုကန်တည်ဆောက်နေမှုကို တနင်္သာရီတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးကြီး ခင်ကျော်က ယနေ့နံနက်၉ နာရီက ကွင်းဆင်းကြည့်ရှုပြီး တည်ဆောက်နေမှု အမြန်ပြီးစီးစေရေးနှင့် စနစ်တကျရှိစေရေး တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါ (၁၂)မိုင်ရေစုကန်တည်ဆောက်နေမှုကို ၂၀၂၂ခုနှစ် ဒီဇင်ဘာလမှ စတင်ခဲ့ပြီး ဂါလန် သုံးသိန်းဆံ့ ရေစုကန်နှစ်ကန်သည် ယခုအခါ ၉၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# ဘားအံမြို့၌ အကြမ်းဖက်သမားများအား ဆန့်ကျင်ရှုတ်ချပွဲ ကျင်းပ

**ဘားအံ နိုဝင်ဘာ ၂၃**

ကရင်ပြည်နယ် ဘားအံမြို့တွင် အကြမ်းဖက်သမားများအား ဆန့်ကျင်ရှုတ်ချပွဲကို ယနေ့ နံနက် ၈ နာရီက ဘားအံမြို့ မြို့မဘောလုံးအားကစားကွင်း၌ ကျင်းပသည်။

အကြမ်းဖက်သမားများအား ဆန့်ကျင် ရှုတ်ချပွဲသို့ တက်ရောက်လာသော ဘားအံ၊ မြဝတီမြို့နယ်တို့မှ ပြည်သူများက အကြမ်းဖက်မှုများအား (ဆန့်ကျင်ကြ၊ ဆန့်ကျင်ကြ)၊ သတင်းမှားများ ထုတ်ပြန်သော မီဒီယာများ(အလိုမရှိ၊ အလိုမရှိ)၊ ကြေညာချက်အမှားများထုတ်ပြန်နေသော မီဒီယာများ (အလိုမရှိ၊ အလိုမရှိ)စသော ကြွေးကြော်သံများဖြင့် ကြွေးကြော်ခဲ့ကြသည်။

ထို့နောက် ဘားအံ၊ မြဝတီမြို့တို့မှ ပြည်သူများက "အကြမ်းဖက်မှုများအား (ဆန့်ကျင်ကြ၊ ဆန့်ကျင်ကြ)၊ သတင်းမှားများ ထုတ်ပြန်သော မီဒီယာများ (အလိုမရှိ၊ အလိုမရှိ)၊ ကြေညာချက်အမှားများ ထုတ်ပြန်နေသော မီဒီယာများ(အလိုမရှိ၊ အလိုမရှိ)၊ ဖာပွန်၊ ကော့ကရိတ်မြို့နယ်အတွင်းရှိ တံတားများ၊ ဌာနဆိုင်ရာအဆောက်အအုံများ ဖျက်ဆီးခဲ့သော အကြမ်းဖက်လုပ်ရပ်များ အလိုမရှိ" စသည့် ပိုစတာများ ကိုင်ဆောင်၍ စုစုပေါင်းအင်အား ၂၀၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူ့အတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# သာယာရှုမဆုံး တန်ဆောင်မုန်း

စိန်ငွေးလှိုင်(ဟိုပုံးမြေ)



ပုသိမ်မြို့ ရွှေမုဋ္ဌောစေတီတော်မြတ်ကြီးတွင် (၃၁)ကြိမ်မြောက် မသိုးသင်္ကန်းကပ်လှူပွဲ ကျင်းပစဉ်။

တန်ဆောင်မုန်းလမှာ မြောက်လေဆော်သွေးလျက်ရှိပြီး ငွေနှင်းမှုန်တို့ရွှဲရွှဲစိုအောင် ကျနေတာကို မြင်ရတဲ့မြင်ကွင်းမှာ နုပျိုလှပနေပါတယ်။ ဗေဒင်အလိုအားဖြင့် တန်ဆောင်မုန်းလရဲ့ စန်းယှဉ်နက္ခတ်မှာ ကြတ္တိကာနက္ခတ်ဖြစ်ပြီး ကျီးတာရာကလည်း ထွန်းလင်းနေပါတယ်။ ရှေးအခါက "တန်ဆောင်မှုန်းလ"လို့ ခေါ်ဝေါ်ကြရာ "တန်ဆောင်" ဆိုသည်မှာ မီးတိုင်ကို ခေါ်ဆိုခြင်းဖြစ်ပြီး "မှုန်း"ဆိုတာက ခြယ်မှုန်းခြင်းကိုဆိုလိုခြင်း ဖြစ်ပါတယ်။ ဒ့ါကြောင့် "မီးတိုင်များ ပျံ့နှံ့ထွန်းလင်းသောလ"လို့ အဓိပ္ပာယ်ရရှိပြီး ကာလကြာတဲ့အခါ "တန်ဆောင်မုန်းလ" လို့ ပြောင်းလဲသွားပါတယ်။ အထိမ်းအမှတ်ပန်းမှာ ခဝဲပန်း ဖြစ်ပါတယ်။ မုံရွေးဆရာတော်ကြီးရဲ့ ဆယ့်နှစ်လရာသီ မိုးဘွဲ့တွင် တန်ဆောင်မုန်းတွင်း ဆီးနှင်းတစ်ပြိုက် မိုးတစ်ပြိုက်လို့ ဆိုထားခဲ့ရာ ဆီးနှင်းများ ကျလိုက်၊ မိုးများ ရွာလိုက် ဖြစ်နေတတ်ပါတယ်။

ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့မှာ တန်ဆောင်မုန်းလလို့ ဆိုလိုက်တာနဲ့ ကထိန်ပွဲကို တွေးမြင်မိကြပါတယ်။ မြို့တိုင်း၊ နယ်တိုင်းမှာ ကထိန်ပွဲကို ခြိမ့်ခြိမ့်သဲ ကျင်းပကြပါတယ်။ "ဘုရားမှာစိန်၊ ကျောင်းမှာသိမ်၊ သင်္ကန်းမှာကထိန်" ဆိုတဲ့စကားအရ ကထိန်ခင်းရာမှာ သင်္ကန်းကို အဓိကထားကြပါတယ်။ ဒ့ါပြင် ငွေ၊ ရဟန်းအသုံးအဆောင်ပစ္စည်းတွေနဲ့ ပဒေသာပင်သီးကာ လှူဒါန်းကြပါတယ်။ ပဒေသာပင်ဆိုတာ ကမ္ဘာဦးလူသားတို့ စားဝတ်နေရေးအတွက် ဖန်တီးပေးတဲ့ အပင်တစ်မျိုးဖြစ်ပါတယ်။ ဒီအကြောင်းအရာကို အတုယူပြီး လိုတိုင်းတ ရပါစေဆိုတဲ့ဆန္ဒနဲ့ ကထိန်ပွဲမှာ ပဒေသာပင်တွေ ပြုလုပ်လှူဒါန်းကြခြင်းဖြစ်ပါတယ်။ ကထိန်ခင်းရာမှာ အလှူရှင်ဟာ တစ်ဦးတည်းဖြစ်နိုင်သလို စုပေါင်းပြီးလည်း လှူဒါန်းကြပါတယ်။ စုပေါင်းလှူဒါန်းခြင်းကို ဘုံကထိန်လို့ ခေါ်ဆိုပြီး ဘုံကထိန်လှည့်လည်ခြင်းဟာ မြန်မာလူမျိုးတို့ရဲ့ ကျော်ကြားလှတဲ့ အစဉ်အလာတစ်ရပ်ဖြစ်ပါတယ်။

## ကထိန်ပွဲပေါ်ပေါက်လာပုံ

"ကထိန်" ဆိုသည်မှာ "ကထိန"ဆိုတဲ့ ပါဠိကို မြန်မာဝေါဟာရသို့ ပြောင်းလဲထားခြင်း ဖြစ်ပါတယ်။ "ကထိန" ဆိုတဲ့ စကားဟာ အရောင်ဆိုးခြင်း၊ ဖြတ်ခြင်း၊ ချုပ်ခြင်း၊ လှူဒါန်းခြင်း၊ ခင်းကျင်းခြင်းစတဲ့ သင်္ကန်းနဲ့စပ်သမျှ လုပ်ဆောင်မှုအားလုံးကို ခြုံငုံခေါ်ဝေါ်ခြင်းဖြစ်ပါတယ်။ "ရဟန်းတော်များ သင်္ကန်းရှားပါးခြင်းမှ ကင်းကြပါစေ"ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ကထိန်သင်္ကန်းကပ်လှူခြင်းဟာ ထူးခြားတဲ့ ဝိနည်းကံ အလှူတစ်ခုဖြစ်ပါတယ်။

ကထိန်ပွဲပေါ်ပေါက်လာပုံမှာ ဗုဒ္ဓဘုရားရှင်သက်တော်ထင်ရှားရှိစဉ်အခါက ဘဒ္ဒဝဂ္ဂီညီနောင်သုံးကျိပ်တို့ဟာ ပုထုဇဉ်များပီပီ မိဂဒါဝုန်တောမှာ ဇနီးမယားတို့နဲ့ ပျော်ပါးနေကြရာ အမျိုးသမီးတစ်ဦးဟာ လက်ဝတ်ရတနာတွေကို ခိုးယူထွက်ပြေးပါတယ်။ မင်းသားတို့က လိုက်လံရှာဖွေရာ ဥရုဝေလတောရဲ့ သစ်ပင်အောက်တွင် သီတင်းသုံးနေတော်မူတဲ့ ဘုရားရှင်ကို တွေ့မြင်ခဲ့ပါတယ်။ မင်းသားတို့က "အရှင်ဘုရား၊ ဤအနီးအနားတွင် မိန်းမတစ်ဦးကို တွေ့မိပါသလား"လို့ မေးမြန်းတဲ့အခါ မြတ်စွာဘုရားက "မင်းသားတို့၊ မည်သည့်အကြောင်းကြောင့် မိန်းမတစ်ဦးကို လိုက်လံရှာဖွေနေသနည်း"ဟု ပြန်လည်မေးမြန်းတော်မူပါတယ်။ ရှာဖွေရခြင်းရဲ့ အကြောင်းစုံကို လျှောက်တင်လိုက်ရာ မြတ်စွာဘုရားက "ပျောက်နေသောမိန်းမကို ရှာဖွေခြင်းနှင့် မိမိကိုယ်ကိုရှာဖွေခြင်းဟူသော ရှာဖွေခြင်းနှစ်မျိုးတွင် မည်သည့်အရာက သင်တို့အတွက် ပို၍မြတ်သနည်း"လို့ မိန့်ကြားတော်မူပါတယ်။ မင်းသားတို့ဟာ ပါရမီရင့်သန်သူများဖြစ်ကြတာကြောင့် အမှန်တရားကို ချက်ချင်းသိမြင်ကြရာ "မိမိကိုယ်ကို ရှာဖွေခြင်းက ပို၍မြတ်ကြောင်း" လျှောက်တင်ပါတယ်။ မြတ်စွာဘုရားက မင်းသားတို့ကို အနုပုဗ္ဗိကထာတရားလေးပါးနဲ့ သစ္စာလေးပါးတရားတို့ကို ဟောကြားတော်မူတဲ့အခါ အချို့သော မင်းသားတို့မှာ သောတပတ္တိ မဂ်ဖိုလ်နဲ့ သကဒါဂါမိမဂ်ဖိုလ်တို့ကို ရရှိကြပါတယ်။ မင်းသားတို့က ရဟန်းဝတ်ခွင့်ပြုဖို့ လျှောက်ထားတဲ့အခါ မြတ်စွာဘုရားက ရဟန်းဝတ်ပေးတော်မူပါတယ်။ ဆက်လက်ပြီး ရဟန်းတို့ဟာ အရညကင် ဓုတင်၊ ပိဏ္ဍပါတ်ဓုတင်၊ ပံသုကူဓုတင်နဲ့ တိစီဝရိတ်ဓုတင်တွေ ကျင့်ကြံကြပါတယ်။ တစ်နေ့သောအခါ ရဟန်းတို့မှာ သာဝတ္ထိပြည်ရှိ ဇေတဝန်ကျောင်းတော်တွင် သီတင်းသုံးနေတော်မူတဲ့ မြတ်စွာဘုရားကို ဖူးမြော်ဖို့ ခြေကျင်ခရီးနဲ့ လာရောက်ကြပါတယ်။ ဝါဆိုဝါကပ်ရမယ့်အချိန်ဖြစ်တဲ့ ဝါဆိုလပြည့်ကျော် ၁ ရက်နေ့မှာ နီးကပ်လာပါတယ်။ သာဝတ္ထိမြို့နဲ့ သာကေတမြို့တို့မှာ ခြောက်ယူဇနာသာကွာဝေးပေမယ့် ဝါတွင်းကာလမှာ ရဟန်းများ ခရီးမထွက်ရဆိုတဲ့ ပညတ်ချက်ကြောင့် ဆက်လက်မသွားရောက်နိုင်ဘဲ သာကေတမြို့မှာ ဝါဆိုဝါကပ်ရပါတယ်။ ရဟန်းတို့ဟာ သီတင်းကျွတ်လပြည့်ညမှာ ပဝါရဏာပြုပြီး သာဝတ္ထိသို့ ခရီးဆက်ကြပါတယ်။ ဓုတင်ဆောင် ရဟန်းများဖြစ်တာကြောင့် သပိတ်၊ နှစ်ထပ်သင်္ကန်းစတဲ့ ဝန်စည်စလယ်တွေကို ပခုံးထက်မှာလွယ်ကာ ပင်ပင်ပန်းပန်း ခရီးဆက်ခဲ့ရပါတယ်။ ဘုရားရှင်ထံရောက်တဲ့အခါ မိုးရေစိုသင်္ကန်းနဲ့ပင် ကန်တော့ကြရပါတယ်။ နှစ်ထပ်သင်္ကန်းကိုထားခဲ့ပြီး သင်းပိုင်၊ ဧကသီတို့နဲ့ လာမယ်ဆိုပါက ယခုလိုပင်ပန်းမှာ မဟုတ်ကြောင်းကို ဘုရားရှင်က သုံးသပ်တော်မူပါတယ်။ ဒါ့ကြောင့် ခရီးသည်ရဟန်းတို့ကို အကြောင်းပြုပြီး ပုရိမဝါ (ပထမဝါ)ကပ်ခြင်းနဲ့ ပြည့်စုံတဲ့ ရဟန်းတို့ကို သင်္ကန်းကပ်လှူခွင့် ဒါမှမဟုတ် ကထိန်ခင်းခွင့်ပြုကြောင်း ဘုရားရှင်က ပညတ်တော်မူလိုက်ပါတယ်။ အဲဒီအချိန်ကစပြီး ကထိန်သင်္ကန်းကပ်လှူတာ ပေါ်ပေါက်လာပါတယ်။

## ကထိန်ခင်းခြင်းအကျိုး

ကထိန်သင်္ကန်း ကပ်လှူခြင်းကြောင့် ရရှိနိုင်တဲ့ အကျိုးခြောက်ပါးမှာ "အရပ်လေးမျက်နှာသို့ ဘေးမသီရန်မခဘဲ အတားအဆီးမရှိ သွားလာနိုင်ခြင်း၊ သူတစ်ပါးတို့မှ မိမိစည်းစိမ်ဥစ္စာများကို နိုင်ထက်စီးနင်း လုယက်ယူငင်မှုမပြုနိုင်ခြင်း၊ ဥစ္စာများရှာဖွေရာတွင် သူတကာတို့ထက် ထူးကဲကာ အစုလိုက် အပုံလိုက်ရရှိခြင်း၊ စားကောင်းသောက်ဖွယ်အထူးပေါများပြီး အစားအစာအတွက် ဘေးမဖြစ်နိုင်ခြင်း၊ မိမိပိုင်ပစ္စည်းများကို ကာလကြာမြင့်စွာ မေ့လျော့နေသော်လည်း မဆုံးရှုံးနိုင်ခြင်းနဲ့ ရုပ်ရည်ချောမောလှပခြင်း"တို့ ဖြစ်ကြပါတယ်။

ကထိန်ခင်းခြင်း ဒါမှမဟုတ် ကထိန်သင်္ကန်းကပ်လှူခြင်းကို သီတင်းကျွတ်လပြည့်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့အထိ တစ်လတာအတွင်းသာ လှူဒါန်းခွင့်ရှိပါတယ်။ ဘုန်းကြီးကျောင်းတစ်ကျောင်းမှာ တစ်ကြိမ်သာ ခင်းခွင့်ရှိတာကြောင့် ထူးခြားလေးနက်မှုရှိတဲ့ အလှူအတန်းတစ်ခုဖြစ်ပါတယ်။ ကထိန်ခင်းပေးမယ့်ပုဂ္ဂိုလ်ဟာ ဝါမကျိုးမပေါက်တဲ့ သီလဝန္တရဟန်း ဖြစ်ရပါမယ်။ ပစ္ဆိမဝါ (ဒုတိယဝါ)မှာ ဝါဆိုကြတဲ့ ရဟန်းတွေမှာ ကထိန်ခင်းခွင့်မရှိပါဘူး။ ကထိန်ခင်းပေးမယ့် ရဟန်းဟာ သိမ်တော်အတွင်းမှာ ကပ်လှူမယ့်သင်္ကန်းကို ကိုင်ဆောင်ကာ ကမ္မဝါစာရွတ်ဖတ်ရပါတယ်။ သင်္ကန်းကို အလှူခံပြီးရင် ကံဆောင်ခြင်းနဲ့ ကထိန်ခင်းခြင်းကိစ္စတို့ကို တစ်နေ့တည်း အပြီးဆောင်ရွက်ရပါတယ်။ ကထိန်ခင်းရာမှာ တိုက်တွန်းမှုတစ်ခုခုမပါဝင်ဘဲ မိမိသဒ္ဓါတရားစိတ်နဲ့ သံဃိကဒါနအဖြစ် ကပ်လှူရပါမယ်။ ကထိန်ဒါယကာဒါယိကာမများက "ကထိနစီဝရံ၊ သံဃဿဒေမ"လို့ နှုတ်ကရွတ်ဆိုကာ ကပ်လှူရပါမယ်။ "ကထိနစီဝရံ- ဤကထိန်သင်္ကန်းကို၊ သံဃဿ- သံဃာအားလုံးအားရည်စူး၍၊ ဒေမ-သဒ္ဓါကြည်ဖြူစွာဖြင့် ဆက်ကပ်လှူဒါန်းပါ၏ အရှင်ဘုရား"လို့ အဓိပ္ပာယ်ရရှိပါတယ်။ အပေါ်ဝတ်ရုံသင်္ကန်း(ဧကသီ)၊ ခါးဝတ်သင်္ကန်း(သင်းပိုင်)၊ နှစ်ထပ်သင်္ကန်း(ဒုကုဋ်) ဆိုတဲ့ သင်္ကန်းသုံးမျိုးအနက် တစ်မျိုးမျိုးကို ကပ်လှူနိုင်ကြောင်း လေ့လာသိရှိရပါတယ်။

ကထိန်ခင်းရာမှာ လှူဒါန်းသူသာ ကုသိုလ်ရရုံတင်မကဘဲ ကပ်လှူခံရတဲ့ ရဟန်းမှာလည်း ကောင်းကျိုးငါးမျိုးကို ခံစားရပါတယ်။ ဒီအကျိုးတွေကတော့ "ထင်ရှားရှိသော ရဟန်းတို့ကို မပန်ကြားဘဲ မြို့တွင်းရွာတွင်း ဆွမ်းဖိတ်ရာအိမ်သို့ သွားလာနိုင်ခြင်း၊ အဓိဋ္ဌာန်တင်ဆောင်ပြီးသော သင်္ကန်းကို မယူဘဲ သွားနိုင်နေနိုင်ခြင်း၊ အလိုရှိတိုင်း သင်္ကန်းကို အဓိဋ္ဌာန်ဝိကပ္ပနာမပြုမူ၍ ထားနိုင်ခြင်း၊ ထမင်းစားကြွပါ စသည်ဖြင့် မအပ်သောဖိတ်ကြားခြင်းရှိသည့် ဂဏဘောဇဉ်ကို ဘုဉ်းပေးနိုင်ခြင်း၊ ကထိန်ခင်းသောကျောင်းတိုက်၌ တပေါင်းလပြည့်နေ့အတွင်း ရရှိသောသင်္ကန်းကို ကထိန်အနုမောဒနာပြုသော ရဟန်းတို့သာရနိုင်ခြင်း"တို့ ဖြစ်ကြပါတယ်။

## မသိုးသင်္ကန်းကပ်လှူပွဲ

တန်ဆောင်မုန်းလတွင် ထူးခြားတဲ့ နောက်ထပ်အလှူပွဲတစ်ခုကတော့ မသိုးသင်္ကန်းကပ်လှူပွဲဖြစ်ပါတယ်။ မသိုးသင်္ကန်းမှာ ကထိန်သင်္ကန်းမှ ဆင်းသက်လာဟန်တူပါတယ်။ အကြောင်းမှာ ကထိန်ပြီးမြောက်ကြောင်း အင်္ဂါရပ်များအနက်မှ "အသန္နိဓိကတေန- မသိုးသောသင်္ကန်းဖြင့်၊ ကထိနံ- ကထိန်သည်၊ အတ္ထတံ- အခင်းမည်သည်၊ ဟောတိ- ဖြစ်၏" လို့ မြတ်စွာဘုရားက ဟောကြားတော်မူခဲ့ပါတယ်။ မသိုးသင်္ကန်းဆိုတာက နောက်တစ်နေ့မကူးစေဘဲ အရုဏ်မတက်မီ နေ့ချင်းပြီး ရက်လုပ်တဲ့သင်္ကန်းကို ခေါ်ဆိုခြင်းဖြစ်ပါတယ်။ မသိုးသင်္ကန်းရက်လုပ်ကပ်လှူပုံအဆင့်ဆင့်မှာ တန်ဆောင်မုန်းလဆန်း ၁၄ ရက်နေ့ ညနေခင်းအချိန်တွင် မသိုးသင်္ကန်းကပ်လှူပွဲလာရောက်ဖို့ လူအများကို ဖိတ်ကြားလိုက်ပါတယ်။ ကမကထ ပြုလုပ်သူတွေက ဝါစေ့တွေကို မြေတလင်းမှာ စတိသဘောကြဲပက်လိုက်ပါတယ်။ ပြီးလျှင် ဝါကောက်ခြင်း၊ ဝါဖန်ခြင်း၊ ဝါဖတ်ခြင်း၊ ဗိုင်းတောင့်ပြုလုပ်ခြင်း၊ ဗိုင်းငင်ခြင်း၊ ချည်ချခြင်း၊ ချည်စာနယ်ခြင်း၊ ချည်သေ့ခြင်း၊ ရက်ကန်းတိုင်ခြင်း၊ နပ်သွင်းခြင်း၊ ရက်ကန်းရက်ခြင်းနဲ့ ချုပ်လုပ်ခြင်းတို့ကို ညတွင်းချင်းပြီးစီးအောင် ပြုလုပ်ကြရပါတယ်။ နံနက်အချိန်မှာ မြတ်စွာဘုရားကိုရည်စူးပြီး စေတီပုထိုးများသို့ သွားရောက်ကပ်လှူကြပါတယ်။ မြတ်စွာဘုရားလက်ထက်မှာ မိထွေးတော်ဂေါတမီက နန်းတွင်းသူများနဲ့အတူ တန်ဆောင်မုန်းလဆန်း ၁၄ ရက်နေ့ ညမှာ၊ ညတွင်းချင်း အပြီးပြုလုပ်တဲ့ သင်္ကန်းနဲ့ ဘုရားရှင်ကို ဆက်ကပ်ခဲ့ဖူးကြောင်း မှတ်သားရပါတယ်။

စာမျက်နှာ ၁၇ သို့ ☆

# ၂၀၂၂ ခုနှစ်တွင် ပေါ်ထွန်းလာသော ဆင်ဖြူတော်ကလေး “ရဋ္ဌနန္ဒက” မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိ



နေပြည်တော် နိုဝင်ဘာ ၂၃

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်းဆင်ဝိုင်းမှ ဆင်မ ဇာနန်းလှ အသက် ၃၃ နှစ်က ဆင်ဖြူတော် (အထီး)ကလေး တစ်စီးကို ၂၀၂၂ ခုနှစ် ဇူလိုင် ၂၃ ရက် နံနက် မင်္ဂလာအချိန် ၆ နာရီခွဲတွင် မွေးဖွားခဲ့ပြီး အဆိုပါ ဆင်ဖြူတော်လေးမှာ မွေးဖွားစတွင် အရပ်အမြင့် နှစ်ပေငါးလက်မ၊ ကိုယ်လုံး လုံးပတ် သုံးပေ တစ်လက်မ၊ ကိုယ်အလေးချိန် ပေါင် ၁၈၀ ခန့် ရှိသည်။

ဆင်ဖြူတော်ကလေး၏ ဘွဲ့နာမံတော်မှာ “ရဋ္ဌနန္ဒက” ဖြစ်ပြီး အဆိုပါ ဆင်ဖြူတော်လေးသည် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ရှစ်ချက်အနက် မျက်လုံးပုလဲရောင်ဖြစ်ခြင်း၊ ကျောကုန်းမှာ ငှက်ပျောကိုင်းသဏ္ဌာန်ဖြစ်ခြင်း၊ အမွေးအဖြူရောင်ဖြစ်ခြင်း၊ အမြီးတံခါးပိတ်ဖြစ်ခြင်း၊ အရေပြားမှာဩဇာကွက်ဖြစ်ခြင်း၊ အသားအရေပန်းရောင်ဖြစ်ခြင်း၊ ခြေဖဝါးတွင် ရှေ့ခြေသည်းငါးခုစီနှင့် နောက်ခြေသည်း လေးခုစီပါရှိခြင်း၊ နားကြီးခြင်း စသည့် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ခုနစ်ချက် ကိုက်ညီသော ဆင်ဖြူတော်လေး ဖြစ်သည်။

ဆင်ဖြူတော်လေး “ရဋ္ဌနန္ဒက” သည် ယခုအသက် တစ်နှစ်၊ လေးလသားအရွယ်တွင် အရပ်အမြင့် လေးပေ၊ ကိုယ်လုံး လုံးပတ် ခြောက်ပေငါးလက်မ၊ ကိုယ်အလေးချိန် ၉၆၈ ပေါင်ရှိလာပြီး ရတနာဆင်ဖြူတော် ထိန်းသိမ်းစောင့်ရှောက်ရေး ဥယျာဉ် နေပြည်တော်ရှိ ရတနာဆင်ဖြူတော်ဆောင်တွင် မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိကြောင်းနှင့် ဆင်ဖြူတော်လေး “ရဋ္ဌနန္ဒက”မှာ ငယ်စဉ်ကတည်းကပင် လူနှင့်ယဉ်ပါးသည့် ဆင်ဖြူတော်လေးဖြစ်ပြီး ပိုမိုယဉ်ပါးလာစေရန်၊ ဆင်နှင့်လူသားတို့အကြား ကောင်းမွန်စွာ ဆက်ဆံတတ်စေရန် လေ့ကျင့်သင်ကြားခြင်းစနစ် “Peace Human and Elephant Interaction Training” ဖြင့် လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## မွန်ပြည်နယ် သမဝါယမအသင်းစုချုပ်၏ နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေး ကျင်းပ



မော်လမြိုင် နိုဝင်ဘာ ၂၃

မွန်ပြည်နယ်သမဝါယမအသင်းစုချုပ်၏ နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယနေ့နံနက်ပိုင်းက ပြည်နယ်သမဝါယမအသင်းစုချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ပြောကြား**

အဆိုပါ အစည်းအဝေးတွင် ပြည်နယ်သမဝါယမအသင်းစုချုပ်ဥက္ကဋ္ဌဦးစိုးတင့်က သဘာပတိအဖြစ်ဆောင်ရွက်၍ အမှာစကားပြောကြားပြီး ပြည်နယ်သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ခင်မာအေးက ပြည်နယ်အစိုးရအဖွဲ့၏ နိုင်ငံ့စီးပွားရန်ပုံငွေမှ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အသေးစားကုန်ထုတ်လုပ်မှု လုပ်ငန်းများအတွက် မြို့နယ်ရှစ်မြို့နယ်မှ သမဝါယမအသင်း ၃၆ သင်း၊ မတည်ထောက်ပံ့ငွေကျပ် ၁၅၄၀ ဒသမ ၆ သန်းကို အတိုးနှုန်းသက်သာစွာဖြင့် ပံ့ပိုးပေးနိုင်ခဲ့ပြီး အသင်းသားများအနေဖြင့် အတိုးငွေများအား သတ်မှတ်ကာလ အချိန်မီ ပေးသွင်းနိုင်ခဲ့ပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက်သက်ဆိုင်ရာအမှုဆောင်ကော်မတီဝင်များက အမှုဆောင်ကော်မတီ၏ လုပ်ငန်းအစီရင်ခံစာ၊ ဘဏ္ဍာရေး၊ ရှေ့လုပ်ငန်းစဉ် အစီရင်ခံစာများကို ဖတ်ကြားပြီး ယင်းအစီရင်ခံစာများ၊ အမြတ်ငွေခွဲဝေမှုများအပေါ် အသင်းဝင်များက အကြံပြု ဆွေးနွေးကာ အစည်းအဝေးမှ ချမှတ်သည့် မှတ်တမ်းတင်ချက်၊ ဆုံးဖြတ်ချက်၊ အတည်ပြုချက်များကို သဘာပတိက လက်မှတ်ရေးထိုးအတည်ပြုသည်။

အစည်းအဝေးသို့ ပြည်နယ်သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးနှင့်အဖွဲ့၊ ပြည်နယ်သမဝါယမအသင်းစုချုပ်ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ ပြည်နယ်၊ မြို့နယ်သမဝါယမဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်သမဝါယမအသင်းစုချုပ်မှ အမှုဆောင်များ၊ အခြေခံသမဝါယမအသင်းများမှ အသင်းဝင်ကိုယ်စားလှယ်များ တက်ရောက်ခဲ့သည်။

**စည်သူ (ပြန်/ဆက်)**

☆ စာမျက်နှာ ၁၆ မှ

### တန်ဆောင်တိုင်မီးထွန်းပွဲတော်

တန်ဆောင်တိုင်မီးထွန်းပွဲတော်ကို တန်ဆောင်မုန်းလဆန်း ၁၄ ရက်နေ့မှ လပြည့်ကျော် ၁ ရက်နေ့အထိ ကျင်းပကြရာ ဘုရားကျောင်းကန်တွေနဲ့ နေအိမ်တွေမှာ ရောင်စုံအလှမီးတွေကို ထွန်းညှိကာ မီးပုံးပျံများကိုလည်း လွှတ်တင်ကြပါတယ်။ ဒီပွဲဟာ ဘာသာရေးဆိုင်ရာ ပွဲတော်တစ်ရပ်မဟုတ်ပါ။ ဗုဒ္ဓဘာသာမထွန်းကားမီကပင် မဟာဝိနာယက နတ်မင်း မီးပူဇော်ပွဲကို တန်ဆောင်မုန်းလပြည့်နေ့တိုင်း ကျင်းပလေ့ရှိရာမှ တန်ဆောင်တိုင်ပွဲတော် ပေါ်ပေါက်လာခြင်းဖြစ်တယ်လို့ ဆိုကြပါတယ်။ ဒ့ါအပြင် ဘုရားရှင်လက်ထက်က တန်ဆောင်မုန်းလပြည့်ညမှာ နက္ခတ်စုံလင်တာကြောင့် ကြိတ္တိကာနက္ခတ်ပွဲသဘင်ကို ကျင်းပခဲ့ပါတယ်။ တန်ဆောင်မုန်းလပြည့်ညမှာ ကြယ်တာရာတို့စုံလင်တာကြောင့် ဆေးပေါင်းခတယ်လို့ ယုံကြည်ပြီး မဲဇလီဖူးသုပ်ကို စားသုံးကြပါတယ်။ တန်ဆောင်မုန်းလကို နတ်နိုးတဲ့လလို့လည်း ခေါ်ဆိုကြပါတယ်။ ဗိဿနိုးနတ်မင်းကြီးမှာ ဝါဆိုလဆန်း ၁၂ ရက်နေ့မှစတင်ပြီး အိပ်ပျော်လေ့ရှိရာ တန်ဆောင်မုန်းလဆန်း ၁၂ ရက်နေ့ရောက်မှသာ နိုးတာကြောင့် ဖြစ်ပါတယ်။

### ပံ့သကူပစ်ပွဲ

တန်ဆောင်မုန်းလပြည့်ညမှာ ပံ့သကူပစ်ပွဲကိုလည်း ပြုလုပ်ကြပါတယ်။ ပံ့သကူပစ်ပွဲမှာ ရဟန်းတို့ရဲ့ ကျင့်စဉ်ဓမ္မများဖြစ်တဲ့ ဓုတင် ၁၃ ပါး အနက် ပံသုကူဓုတင်ကို အကြောင်းပြုပြီး ပေါ်ပေါက်လာခြင်းဖြစ်ပါတယ်။ ဒီကျင့်စဉ်မှာ လူတို့ စွန့်ပစ်ထားတဲ့ အဝတ်များကို ကောက်ယူစုဆောင်းပါတယ်။ ပြီးနောက် အရောင်ဆိုးပြီး ချုပ်စပ်ကာ သင်္ကန်းအဖြစ်ဝတ်ရုံပါတယ်။ သင်္ကန်းအဖြစ် အဝတ်ကိုသာ အဓိကထားပြီး ပစ်လှူကြပေမယ့် နောက်ပိုင်းမှာ မုန့်ပဲသရေစာနဲ့ ငွေအချို့တို့ကို ထုပ်ကာစွန့်ကြပါတယ်။ မည်သူ့ထံတွင် ငွေမည်မျှလာရောက်ယူဆောင်ဖို့ ရေးသားထားတဲ့ မဲလိပ်ချနည်းလည်း ရှိပါတယ်။ ပံ့သကူအလှူရဲ့ အကျိုးကျေးဇူးတွေက ဉာဏ်ပညာကြီးခြင်း၊ ဘုန်းတန်ခိုးကြီးခြင်း၊ ခွန်အားကြီးခြင်း၊ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ဟေိဘိက္ခုရဟန္တာဖြစ်နိုင်ခြင်း စတဲ့အကျိုးကျေးဇူးတို့ ရရှိနိုင်ကြောင်း ဘုရားရှင်က ဟောကြားခဲ့ပါတယ်။

“ကထိန်ခင်းခြင်း ဒါမှမဟုတ် ကထိန်သင်္ကန်း ကပ်လှူခြင်းကို ဘုန်းကြီးကျောင်းတစ်ကျောင်းမှာ တစ်ကြိမ်သာ ခင်းခွင့်ရှိတာကြောင့် ထူးခြားလေးနက်မှုရှိတဲ့ အလှူအတန်းတစ်ခုဖြစ်ပါတယ်။ ကထိန်ခင်းပေးမယ့် ပုဂ္ဂိုလ်ဟာ ဝါမကျိုးမပေါက်တဲ့ သီလဝန္တရဟန်း ဖြစ်ရပါမယ်။ ပစ္ဆိမဝါ (ဒုတိယဝါ)မှာ ဝါဆိုကြတဲ့ ရဟန်းတွေမှာ ကထိန်ခင်းခွင့်မရှိပါဘူး။ ကထိန်ခင်းပေးမယ့်ရဟန်းဟာ သိမ်တော်အတွင်းမှာ ကပ်လှူမယ့်သင်္ကန်းကို ကိုင်ဆောင်ကာ ကမ္မဝါစာရွတ်ဖတ်ရပါတယ်။ သင်္ကန်းကို အလှူခံပြီးရင် ကံဆောင်ခြင်းနဲ့ ကထိန်ခင်းခြင်းကိစ္စတို့ကို တစ်နေ့တည်းအပြီး ဆောင်ရွက်ရပါတယ်။ ကထိန်ခင်းရာမှာ တိုက်တွန်းမှုတစ်ခုခုမပါဝင်ဘဲ မိမိသဒ္ဓါတရားစိတ်နဲ့ သံဃိကဒါနအဖြစ် ကပ်လှူရမယ်”

ရှေးမြန်မာမင်းများလက်ထက်က တန်ဆောင်မုန်းလပြည့်ညမှာ ရှင်မာလဲပွဲကို ကျင်းပခဲ့ရာ “မဟာဒသဒိသအတုလပွဲ” လို့လည်း ခေါ်ဆိုကြပါတယ်။ အရိမေတ္တယျဘုရားလောင်းနတ်သားက ရှင်မာလဲမထေရ်ကို ဝေဿန္တရာဇာတ်တော် ဟောပြောဖို့ တောင်းဆိုခဲ့ရာ ဂါထာတစ်ထောင်နဲ့ ဟောကြားခဲ့ပါတယ်။ ဒီအကြောင်းအရာကို အကြောင်းပြုကာ လှေကားအထက်မှာ သစ်သီးတစ်ထောင်၊ ပန်းတစ်ထောင်၊ ထမင်းဆုပ်တစ်ထောင်၊ ဆီမီးတစ်ထောင်တို့ကိုတင်တဲ့ ရှင်မာလဲပွဲကို ဆင်ယင်ကျင်းပခဲ့ကြကြောင်း မှတ်သားရပါတယ်။

### သာမညဖလ အခါတော်နေ့

တန်ဆောင်မုန်းလပြည့်နေ့ဟာ သာမညဖလ အခါတော်နေ့လည်း ဖြစ်ပါတယ်။ ဒီလိုခေါ်ဆိုရတဲ့ အကြောင်းရင်းကတော့ ထီးနန်းစည်းစိမ်ကို ရယူပိုင်ဆိုင်လိုတာကြောင့် ဒေဝဒတ်ရဲ့ တိုက်တွန်းမှုနဲ့ ဖခင်ရင်းကို သတ်မိမှားသူ အဇာတသတ်မင်းရဲ့ ဇာတ်လမ်းဖြစ်ပါတယ်။ အဇာတသတ်ဟာ အမှားကို သိမြင်ပြီး နောင်တကြီးစွာရကာ စားမဝင်အိပ်မပျော် ဖြစ်နေပါတယ်။ ဒီလိုဖြစ်နေစဉ် တန်ဆောင်မုန်းလပြည့်နေ့ညတစ်ညမှာ “အဘယ်သို့သော ရဟန်းသာမဏေ၊ အဘယ်သို့သော ဗြဟ္မဏတို့ထံ ဆည်းကပ်ရလျှင် ကောင်းမည်နည်း”လို့ မင်းချင်းတို့ကို မေးမြန်းပါတယ်။ မင်းချင်းတို့က သူတို့ကိုးကွယ်တဲ့ မိစ္ဆာဒိဋ္ဌိဆရာကြီး ခြောက်ဦးတို့ကို ညွှန်ပြခဲ့ရာ အဇာတသတ်မင်းက သဘောမကျခဲ့ပါ။ ဒီအချိန်မှာ ဗုဒ္ဓဘာသာဝင်ဖြစ်တဲ့ ဆေးဆရာဇီဝကက မည်သို့မျှ မလျှောက်တင်သည်ကို အဇာတသတ်ဘုရင်က “ဆရာဇီဝက အဘယ်ကြောင့် ဆိတ်ဆိတ်နေသနည်း”လို့ မေးမြန်းပါတယ်။ အခွင့်ကောင်းကို စောင့်မျှော်နေသူ ဇီဝကဟာ မြတ်စွာဘုရားရှင်ရဲ့ ဂုဏ်တော်တွေကို ချီးမွမ်းပြောဆိုပါတယ်။ ပြီးနောက် “ဂုဏ်တော်ကိုးပါးနှင့် ပြည့်စုံတော်မူသော အကျွန်ုပ်၏ဆရာ ဗုဒ္ဓဘုရားရှင်သည် ကျွန်တော်မျိုး၏ သရက်ဥယျာဉ်တွင် သီတင်းသုံးလျက်ရှိပါကြောင်း၊ ဘုရားရှင်ကို ဆည်းကပ်ပါမူ အသင်မင်းကြီး၏ စိတ်နှလုံးသည် ကြည်လင်အေးချမ်းလာပါလိမ့်မည်” လို့ လျှောက်တင်ပါတယ်။ အဇာတသတ်မင်းကြီးမှာ ညတွင်းချင်းပင် သရက်ဥယျာဉ်ကို သွားပါတယ်။ ရဟန်းအပေါင်းခြံရံလျက် သီတင်းသုံးနေတဲ့ မြတ်စွာဘုရားကို ဖူးတွေ့ရတဲ့အခါ အကြောင်းစုံကို လျှောက်ထားလိုက်ပါတယ်။ ဘုရားရှင်က “သာမညဖလသုတ်တော်” ကို ဟောကြားတော်မူပါတယ်။ ဒါကို အကြောင်းပြုပြီး တန်ဆောင်မုန်းလပြည့်နေ့ကို “သာမညဖလ အခါတော်နေ့”လို့ ခေါ်ဝေါ်သတ်မှတ်ခဲ့ပါတယ်။

အချုပ်အားဖြင့် တန်ဆောင်မုန်းလဟာ မိုးရာသီကုန်ဆုံးကာ ခြေခင်းလက်ခင်း သာယာပါတယ်။ တောင်သူလယ်သမားတို့မှာ ကောက်ပဲသီးနှံများ ရိတ်သိမ်းချိန်ဖြစ်ပြီး ဝင်ငွေကောင်းတဲ့အချိန် ဖြစ်ပါတယ်။ ဒီအချိန်မှာ ကထိန်ပွဲနဲ့ တိုက်ဆိုင်လျက်ရှိရာ ဗုဒ္ဓဘာသာမြန်မာလူမျိုးတို့ရဲ့ အလှူရေစက်လက်နဲ့မကွာ လှူဒါန်းမှု၊ ဘာသာသာသနာကို ချစ်ခင်မြတ်နိုးမှု၊ စည်းလုံးညီညွတ်မှုတို့ကို ဖော်ညွှန်းနေပါတယ်။ တန်ဆောင်မုန်းလပြည့်ညဟာ လတကာတို့ရဲ့ လပြည့်ညအပေါင်းမှာ အကြည်လင်ဆုံးဖြစ်ပါတယ်။ ဒ့ါအပြင် တန်ဆောင်တိုင်ပွဲတော်၊ မသိုးသင်္ကန်းကပ်လှူပွဲနဲ့ သာမညဖလအခါတော်နေ့ ကျင်းပတာတို့ကြောင့် “သာယာရှုမဆုံး တန်ဆောင်မုန်း”လို့ တင်စားလိုက်ရပါတော့တယ်။ ။

**ကျမ်းကိုး- ဓမ္မပီယဆရာတော် အရှင်သံဝရာလင်္ကာရ ရေးသားသော ဗုဒ္ဓဘာသာမြန်မာ့ဓလေ့ ဆယ့်နှစ်လရာသီပွဲတော်များ၊ ၂၀၀၈ ခုနှစ်၊ အောက်တိုဘာလ။**

# ဧရာဝတီတိုင်းဒေသကြီး အခြေခံပညာကျောင်းသားအားကစားပွဲတော် ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ



ပုသိမ် နိုဝင်ဘာ ၂၃

၂၀၂၃-၂၀၂၄ ပညာသင်နှစ် ဧရာဝတီတိုင်းဒေသကြီး အခြေခံပညာကျောင်းသားအားကစားပွဲတော်ပြိုင်ပွဲအား နိုဝင်ဘာ ၂၀ ရက်မှ စတင်၍ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပုသိမ်မြို့ပေါ် အခြေခံပညာကျောင်းများရှိအားကစားခန်းမများတွင် ကျောင်းသားကျောင်းသူများ ပါဝင်ယှဉ်ပြိုင်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် အားကစားနှင့် ကာယပညာဦးစီးဌာန အားကစားပြိုင်ပွဲရုံ(၂)၌ အမျိုးသား၊ အမျိုးသမီး ကြက်တောင်ပြိုင်ပွဲ ဗိုလ်လုပွဲအား ခရိုင်အုပ်စု(၁)နှင့် ခရိုင်အုပ်စု(၃)တို့၏ ယှဉ်ပြိုင်ကစားနေမှုကို လည်းကောင်း၊ အမှတ်(၆)အခြေခံပညာ အထက်တန်းကျောင်း ပမ္မဝတီခန်းမ၌ အမျိုးသမီးတစ်ဦးချင်း စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအား ခရိုင်အုပ်စု(၆)နှင့် ခရိုင်အုပ်စု(၃)တို့၏ ယှဉ်ပြိုင်ကစားနေမှုနှင့် အမျိုးသားတစ်ဦးချင်း စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် ခရိုင်အုပ်စု(၆)နှင့် ခရိုင်အုပ်စု(၄)တို့၏ ယှဉ်ပြိုင်ကစားနေမှုကိုလည်းကောင်း ကြည့်ရှုအားပေးခဲ့သည်။

ဆက်လက်၍ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ဧရာဝတီတိုင်းဒေသကြီး အခြေခံပညာ ကျောင်းသားအားကစားပွဲတော် ဆုချီးမြှင့်ပွဲအခမ်းအနားကို မွန်းလွဲပိုင်းတွင် ပုသိမ်မြို့ ကိုးသိန်းအားကစားခန်းမ၌ ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ တာဝန်ရှိသူများက တစ်ဦးချင်း ဆုတံဆိပ်နှင့် ဂုဏ်ပြုလက်မှတ်များကို ချီးမြှင့်ခဲ့ပြီး ပြိုင်ပွဲဝင်ကစားသမားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ချောင်းသာမြို့၊ ပုသိမ်မြို့နှင့် ရွှေသောင်ယံမြို့တို့ရှိ တန်ခိုးကြီးဘုရားများနှင့် အထင်ကရနေရာများသို့ အပန်းဖြေခရီးသွားရောက်ခဲ့သည့် တပ်မတော်သား အရာရှိ၊ စစ်သည်များ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ



နေပြည်တော် နိုဝင်ဘာ ၂၃

နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ဆေးရုံ၊ ဆေးခန်းများတွင် တက်ရောက်ကုသ၍ ပြန်လည်ကောင်းမွန်လာသည့် တပ်မတော်သား အရာရှိ၊ စစ်သည်များအား တပ်မတော်အကြီးအကဲ၏ လမ်းညွှန်မှုအရ အနားယူအပန်းဖြေခရီးစဉ်အဖြစ် ဧရာဝတီတိုင်းဒေသကြီး ချောင်းသာကမ်းခြေသို့ မော်တော်ယာဉ်များဖြင့် နိုဝင်ဘာ ၁၈ ရက်တွင် ပို့ဆောင်ပေးခဲ့သည်။

အဆိုပါ အပန်းဖြေခရီးသွားရောက်ခဲ့ကြသည့် တပ်မတော်သားအရာရှိ စစ်သည်များသည် ချောင်းသာကမ်းခြေရှိချောင်းသာ အပန်းဖြေဒေ့ရိပ်သာမှ ယနေ့နံနက်ပိုင်းတွင် ပြန်လည်ထွက်ခွာကြရာ အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများက ရင်းရင်းနှီးနှီး ပို့ဆောင်နှုတ်ဆက်ကြပြီး ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြရာ ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက နွေးထွေးစွာ ကြိုဆိုခဲ့ကြသည်။

ထိုသို့ နိုဝင်ဘာ ၁၈ ရက်မှ ယနေ့အထိ ခြောက်ရက်ကြာ အနားယူအပန်းဖြေခရီး သွားရောက်ခဲ့ကြသည့် တပ်မတော်သားအရာရှိ၊ စစ်သည်များသည် ချောင်းသာကမ်းခြေ၌ လမ်းလျှောက်ခြင်း၊ ကိုယ်လက်ကျန်းမာရေး လေ့ကျင့်ခန်းများ ဆောင်ရွက်ခြင်း၊ သဲသောင်ပြင်၌ဘောလုံး၊ ဘော်လီဘောနှင့် ခြင်းလုံးအားကစားများ ဆောင်ရွက်ခြင်း၊ အနားယူအပန်းဖြေခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ထို့အတူ ပုသိမ်မြို့ရှိ ရွှေမုဋ္ဌောစေတီတော်မြတ်ကြီး၊ ချောင်းသာကမ်းခြေရှိ ဆုတောင်းပြည့် ဇမ္ဗူပတိရုပ်ပွားတော်၊ ကျောက်မောင်နှမစေတီတော်၊ တဂေါင်းမင်္ဂလာမဟာစေတီတော်မြတ်ကြီး၊ ချောင်းသာမြို့ စကားဝါတောင်ပေါ်ရှိ ဒီပါအေးမြ မဟာနဂါးရုံဘုရားနှင့် အနန္တဇိနလောကမာရ်အောင် စေတီတော်မြတ်ကြီးတို့အား ဖူးမြော်ကြည်ညိုခြင်း၊ ချောင်းသာမြို့ စကားဝါတောင် မိုးကုတ်ဝိပဿနာရိပ်သာကျောင်းတိုက်ရှိ ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တတေဇနိယထံ အလှူငွေများ ဆက်ကပ်လှူဒါန်းခြင်း၊ ဘုရားပရိဝုဏ်အတွင်း စုပေါင်းသန့်ရှင်းရေးများ ဆောင်ရွက်ခြင်း၊ ပုသိမ်မြို့ရှိ လောကနန္ဒာစေတီနှင့် နီးဘုရားတို့အား ဖူးမြော်ကြည်ညိုခြင်း၊ ပုသိမ်မြို့ရှိ ရွှေစာပုသိမ်ထီးလုပ်ငန်းသို့ လေ့လာခြင်း၊ သဲဖြူကျွန်းသို့ လေ့လာခြင်း၊ ချောင်းသာမြို့ ရွှေသာယာမြို့မဈေးသရက်တောထိုးမုန့် ပြုလုပ်ပုံလေ့လာခြင်း၊ ကမာခရုလက်မှုပညာအားလေ့လာခြင်း၊ ရွှေသောင်ယံမြို့ Sea & Lake ရှိ ကျောက်စိမ်းပြတိုက်၊ သစ်ပန်းပုပြတိုက်၊ ဒီရေတောတံတားတို့ကို လေ့လာခြင်း၊ ပုသိမ်မြို့ရှိ ရွှေမြင်းပျံပုသိမ်ဟလဝါလုပ်ငန်းစသည့် အထင်ကရနေရာများသို့ သွားရောက်လေ့လာခြင်းများကို ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ အနားယူအပန်းဖြေခရီးစဉ်သွားရောက်ခဲ့သည့် အရာရှိ၊ စစ်သည်များအား သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အလိုက် တိုင်းမှူးများ၊ တာဝန်ရှိသူများက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခြင်း၊ တန်ခိုးကြီးဘုရားစေတီများ၊ အထင်ကရနေရာများ၏ ဗဟုသုတဖြစ်ဖွယ်ရာ အကြောင်းအရာများနှင့် ပတ်သက်၍ လိုက်လံရှင်းလင်းပြသခြင်းများကို ဆောင်ရွက်ပေးခဲ့ရာ အရာရှိ၊ စစ်သည်များအနေဖြင့် စိတ်လက်ပေါ့ပါးစွာဖြင့် ဒေသန္တရဗဟုသုတများကို လေ့လာခဲ့ကြပြီး ၎င်းတို့အတွက် လွန်စွာအကျိုးရှိသည့် ခရီးစဉ်တစ်ခု ဖြစ်ကြောင်း၊ ယခုကဲ့သို့ အပန်းဖြေခရီးစဉ်သွားရောက်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့သည့် တပ်မတော်အကြီးအကဲများကိုလည်း ကျေးဇူးအထူးတင်ရှိကြောင်းနှင့် စိတ်ဓာတ်ခွန်အားများ ပိုမိုရရှိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၄-၁၁-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လှိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၂၁၀ | ၂၂၆၀ | ၂၂၅၅ | ၂၂၂၀ | ၂၂၆၀ | ၂၂၈၅ | ၂၂၆၅ | ၂၂၄၅ | ၂၃၄၅ | ၂၃၆၀ | ၂၂၅၀ | ၂၂၆၀ | ၂၂၉၅ | ၂၃၀၀ | ၂၃၀၀ | ၂၅၃၀ | ၂၈၆၀ |
| 95 Ron | ၂၃၅၀ | ၂၄၀၀ | ၂၄၀၀ | ၂၃၆၀ | ၂၄၀၀ | ၂၄၂၀ | ၂၄၀၅ | ၂၃၈၅ | ၂၄၈၀ | ၂၅၀၀ | ၂၃၉၀ | ၂၄၀၅ | ၂၄၃၅ | ၂၄၃၅ | ၂၄၄၀ | ၂၆၇၀ | ၂၉၆၀ |
| HSD (500 ppm) | ၂၁၂၅ | ၂၁၇၅ | ၂၁၇၀ | ၂၁၃၅ | ၂၁၇၀ | ၂၁၉၅ | ၂၁၉၀ | ၂၁၅၅ | ၂၂၇၅ | ၂၂၇၀ | ၂၁၆၅ | ၂၁၇၅ | ၂၂၁၀ | ၂၂၁၀ | ၂၂၁၅ | ၂၄၄၀ | ၃၁၉၀ |
| HSD (50 ppm) | ၂၂၁၅ | ၂၂၆၀ | ၂၂၆၀ | ၂၂၂၀ | ၂၂၆၀ | ၂၂၈၅ | ၂၂၈၀ | ၂၂၄၅ | ၂၃၆၅ | ၂၃၆၀ | ၂၂၅၅ | ၂၂၆၅ | ၂၃၀၀ | ၂၃၀၀ | ၂၃၀၀ | ၂၅၃၀ | ၃၂၅၀ |
| HSD (10 ppm) | ၂၂၁၅ | ၂၂၆၅ | ၂၂၆၅ | ၂၂၂၅ | ၂၂၆၅ | ၂၂၉၀ | ၂၂၈၅ | ၂၂၅၀ | ၂၃၇၀ | ၂၃၆၅ | ၂၂၅၅ | ၂၂၇၀ | ၂၃၀၀ | ၂၃၀၅ | ၂၃၀၅ | ၂၅၃၅ | ၃၂၅၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၁၀၂ | ၂၁၇၈ |
| 95 Ron | ၂၂၄၇ | ၂၃၁၅ |
| HSD (500 ppm) | ၂၀၁၈ | ၂၀၈၇ |
| HSD (50 ppm) | ၂၁၀၄ | ၂၁၇၆ |
| HSD (10 ppm) | ၂၁၀၈ | ၂၁၇၉ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၁၂၉၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# တောင်ဥက္ကလာပမြို့နယ်၌ သဘာဝဘေးအန္တရာယ် လျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး အသိပညာပေး

တောင်ဥက္ကလာပ နိုဝင်ဘာ ၂၃

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် အမှတ်(၆)ရပ်ကွက် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း သီရိမြန်မာခန်းမ၌ သဘာဝဘေးအန္တရာယ်လျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး အသိပညာပေး(Kaeru Caravan)အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက မြို့နယ်မီးသတ်ဦးစီးဌာနမှ ဆောင်ရွက်ခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းက အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးဇင်မင်းက သဘာဝဘေးအန္တရာယ်လျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး အသိပညာပေးပြုလုပ်ရသည့်ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းအုပ်ဆရာမကြီး ဒေါ်ဒေစီက ကျေးဇူးတင်စကားပြောကြားသည်။ ထို့နောက် ကျောင်းသား ကျောင်းသူများအား ရှာဖွေကယ်ဆယ်ရေးပစ္စည်းများ သရုပ်ပြခြင်း၊ ဂိမ်းကစားနည်း ကိုးမျိုးကို ဂိမ်းကစားခြင်း၊ သိရှိလိုသည်များ ပြန်လည်မေးမြန်းဖြေကြားခြင်းများကို တပ်ဖွဲ့ဝင်အင်အား ၅၀ ဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ခင်ဆွေနှင်း(ပြန်/ဆက်)**

# နိုင်ငံတော်သြဝါဒါစရိယ ရွှေကျင်နိကာယဥပဥက္ကဋ္ဌ မဟာနာယက မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ဒေးဝန်းအရှေ့ မဟာဝိသုဒ္ဓါရုံတိုက်သစ်မဟာနာယက အဘိဇဓမဟာရဋ္ဌဂုရု စည်ရှင်ကျောင်းဆရာတော်ဘုရားကြီး ဘဒ္ဒန္တအဂ္ဂညာနာဘိဝံသ၏ အန္တိမစျာပန သာဓုကီဠန ပူဇာသဘင်အခမ်းအနားကျင်းပ



မန္တလေး နိုဝင်ဘာ ၂၃

နိုင်ငံတော်သြဝါဒါစရိယ ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ မဟာနာယက မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ဒေးဝန်းအရှေ့ မဟာဝိသုဒ္ဓါရုံ တိုက်သစ်မဟာနာယက အဘိဇဓမဟာရဋ္ဌဂုရု စည်ရှင်ကျောင်းဆရာတော်ဘုရားကြီး ဘဒ္ဒန္တအဂ္ဂ ညာနာဘိဝံသ (သက်တော် ၈၅၊ သိက္ခာတော် ၆၆ ဝါ) သည် မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်း လဆန်း ၇ ရက်၊ ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၁၉ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီ ၃၃ မိနစ်တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ပြီး အန္တိမစျာပနသာဓုကီဠန အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက ၎င်းကျောင်းတိုက်ရှိ အောင်မြေသာစည် အလယ်တိုက်ကြီးတွင် ကျင်းပသည်။

## ကြွရောက်တော်မူ

အဆိုပါ အန္တိမစျာပနသာဓုကီဠန ပူဇာသဘင် အခမ်းအနားသို့ နိုင်ငံတော်သြဝါဒါစရိယ သောဋ္ဌသမ ရွှေကျင်သာသနာပိုင်ဆရာတော် သီတဂူကမ္ဘာ့ဗုဒ္ဓ တက္ကသိုလ်များ၏ အဓိပတိ အဘိဇဓမဟာရဋ္ဌဂုရု အဘိဇဓအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တ ဉာဏိဿရ အမှူးပြုသော ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကြည်ခိုင်နှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများ၊ ဒါယကာ၊ ဒါယိကာမများ၊ ရဟန်းသံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များ၊ ဝတ်အသင်းအဖွဲ့များ၊ ဩည့်ပရိသတ်များ၊ ဆွေတော်မျိုးတော်များ၊ ဒေသခံပြည်သူများ တက်ရောက်ပူဇော်ကြပြီး သမ္ဗုဒ္ဓသင်္ခါရာ အနိစ္စာ အစရှိသော သုံးဂါထာကို ရွတ်ဆိုသံဝေဂဉာဏ် ပွားများ၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ဆက်လက်၍နိုင်ငံတော်သြဝါဒါစရိယသောဋ္ဌသမ ရွှေကျင်သာသနာပိုင် ဆရာတော် သီတဂူကမ္ဘာ့ဗုဒ္ဓ တက္ကသိုလ်များ၏အဓိပတိ အဘိဇဓမဟာရဋ္ဌဂုရု အဘိဇဓအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရထံမှ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် ဩည့်ပရိသတ်အားလုံးက ရှစ်ပါးသီလ ခံယူဆောက်တည်ကြသည်။

၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများက ဝိသုဒ္ဓါရုံ စည်ရှင်ဆရာတော်ဘုရားကြီး၏ ဥတုဇရုပ်ကလာပ် တော်အား စိန်ကတ္တီပါလွှမ်း၍ ပူဇော်သည်။

ဆက်လက်၍သံဝေဂိယကထာဝမ်းနည်းကြောင်း သဝဏ်လွှာ၊ သံဝေဂဉာဏ်ပွားကြောင်း မှတ်တမ်းတင် သဝဏ်လွှာနှင့် ထေရုပ္ပတ္တိအကျဉ်းကို ဒီပဲယင်းတိပိဋကရေဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရက ဖတ်ကြား ပူဇော်သည်။ သံဝေဂရစနာဂါထာများကို ဖတ်ကြား ပူဇော်ကြသည်။

၎င်းနောက် လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းရာ နိုင်ငံတော်သြဝါဒါစရိယ သောဋ္ဌသမ ရွှေကျင်သာသနာပိုင်ဆရာတော် သီတဂူကမ္ဘာ့ဗုဒ္ဓ တက္ကသိုလ်များ၏ အဓိပတိ အဘိဇဓမဟာရဋ္ဌဂုရု အဘိဇဓအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရထံသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ကလည်းကောင်း၊ ရွှေကျင်နိကာယဥပဥက္ကဋ္ဌ မဟာ နာယက တွဲဖက်ရွှေကျင်သာသနာပိုင် အဘိဇဓမဟာ ရဋ္ဌဂုရု ဒေါက်တာဘဒ္ဒန္တနန္ဒမာလာဘိဝံသထံသို့ တိုင်းမှူးကလည်းကောင်း လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး အခမ်းအနားတက်ရောက်ကြ သူများက ဆရာတော်၊ သံဃာတော်များအား လှူဖွယ် ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

၎င်းနောက် အခမ်းအနားအစီအစဉ် ဒုတိယပိုင်း အဖြစ် မဟာအောင်မြေမြို့နယ် ရေဦးဆိပ်ကမ်းရှိ စျာပနကွင်းသို့ ဆရာတော်ဘုရားကြီး၏ ရုပ်ကလာပ် တော်အား ပင့်ဆောင်ခြင်းအခမ်းအနားကို ဆက်လက် ကျင်းပရာ အခမ်းအနားမှူးက ဆရာတော်ဘုရားကြီး ၏ ရုပ်ကလာပ်တော်အား ကရဝိက်ယာဉ်ပေါ်သို့ ကြွရောက်တော်မူပါရန် အဘိယာစန နိမန္တန ဂါထာဖြင့် တောင်းပန်လျှောက်ထားပြီး ကရဝိက်ယာဉ် ပေါ်သို့ ပို့ဆောင်ရန်အတွက် ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်အား ပင့်ဆောင်ရာတွင် တပည့် သံဃာတော်များ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဆွေတော်မျိုးတော်များက သတ်မှတ်နေရာအသီးသီး မှ ကရဝိက်ယာဉ်ပေါ်အထိ ပင့်ဆောင်ကြပြီး လောင်တိုက်တော်တည်ရှိရာ ရေဦးဆိပ်ကမ်းရှိ စျာပနကွင်းသို့ ပင့်ဆောင်ကြသည်။

ဆက်လက်ပြီး အခမ်းအနားအစီအစဉ် တတိယ ပိုင်းအဖြစ် အန္တိမစျာပနပူဇာသဘင်ကို ကျင်းပရာ ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်အား ကရဝိက် ယာဉ်တော်ပေါ်မှ လောင်တိုက်ပေါ်သို့ တပည့်သံဃာ တော်များက စတင်ပင့်ဆောင်ကာ လောင်တိုက်တော် ကို လက်ဝဲရစ်လှည့်လည်ပင့်ဆောင်ပြီး ဆရာတော်၏ ဥတုဇရုပ်ကလာပ်တော်ကို မင်္ဂလာပန်းရထားပေါ်သို့ ပင့်ဆောင်ကြသည်။

၎င်းနောက် အခမ်းအနားမှူးက ဆရာတော် ဘုရားကြီး၏ ရုပ်ကလာပ်တော်အား လောင်တိုက် တော်ပေါ်သို့ကြွချီတော်မူပါမည့်အကြောင်း အဘိယာ စန နိမန္တနဂါထာဖြင့် တောင်းပန်လျှောက်ထားပြီး ရုပ်ကလာပ်တော်အား လောင်တိုက်တော်ပေါ်သို့ အစီအစဉ်အတိုင်း ပင့်ဆောင်ကြသည်။

ဆက်လက်၍ သံဃာတော်အရှင်သူမြတ်များ ဦးဆောင်၍ အနိစ္စာ ဝတ သင်္ခါရာအစချီသော သံဝေဂ သုံးဂါထာကို ရွတ်ဆိုပွားများပြီး အပြစ်ရှိက ခွင့်လွှတ် တော်မူပါရန် တောင်းပန်ကန်တော့လွှာဖြင့် နောက်ဆုံး တောင်းပန်ကန်တော့၍ သာဓုသုံးကြိမ် ခေါ်ဆိုကြပြီးနောက် စည်ရှင်ကျောင်းတိုက်အုပ် ဆရာတော် ဘဒ္ဒန္တဝဏ္ဏိတာဘိဝံသက စက်ခလုတ်နှိပ်၍ ဆရာတော်ဘုရားကြီး၏ ရုပ်ကလာပ်တော်အား အဂ္ဂိစျာပန တေဇောဓာတ်ဖြင့် ပူဇော်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ဇလွန်မြို့ မာရ်အောင်မြင် ပြည်တော်ပြန်မြတ်စွာဘုရားကြီးတွင် ( ၅၂ )ကြိမ်မြောက် မသိုးသင်္ကန်းတော်မြတ် ရက်ချုပ်ကပ်လှူပူဇော်ပွဲနှင့် တန်ဆောင်တိုင်မီးထွန်းပူဇော်ပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

ဇလွန် နိုဝင်ဘာ ၂၃

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့ မာရ်အောင်မြင် ပြည်တော်ပြန်မြတ်စွာဘုရား ကြီးတွင် (၅၂) ကြိမ်မြောက် မသိုးသင်္ကန်း တော်မြတ် ရက်ချုပ်ကပ်လှူပူဇော်ပွဲနှင့် တန်ဆောင်တိုင်မီးထွန်းပူဇော်ပွဲကို တန်ဆောင် မုန်းလဆန်း ၁၄ ရက်မှ လပြည့်ကျော် ၁ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပ သွားမည်ဖြစ်သည်။

## ကပ်လှူပူဇော်မည်

တန်ဆောင်မုန်းလဆန်း ၁၄ ရက် ညတွင် မသိုးသင်္ကန်း ရက်ချုပ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပမည်ဖြစ်ပြီး မသိုးသင်္ကန်းတော်မြတ် ရက်ချုပ်ကပ်လှူပူဇော်ရာတွင် ကိန္နရီစင်တော်၊ သဗ္ဗူလစင်တော်၊ မယ်မဒ္ဒီစင်တော်၊ အမရာစင်တော်တို့မှ ရက်ချုပ်လှူဒါန်းထား သော မသိုးသင်္ကန်းတော်မြတ်အား တန်ဆောင် မုန်းလပြည့်နေ့ နံနက် ၄ နာရီတွင် မာရ်အောင် မြင် ပြည်တော်ပြန်မြတ်စွာဘုရားကြီးအား ဆက်ကပ်ပူဇော်၍ ပြည်တော်ပြန်မြတ်စွာ ဘုရားကြီးအား သစ်သီးကိုးမျိုး၊ မုန့်ကိုးမျိုး၊ ပန်းများနှင့် ဆွမ်းတော်ကြီး ကပ်လှူပူဇော် မည်ဖြစ်ပြီး တန်ဆောင်မုန်းလဆန်း ၁၄ ရက် မှ လပြည့်ကျော် ၁ ရက်အထိ လျှပ်စစ် ရောင်စုံမီးများ၊ ဆီမီးများဖြင့် ဆီမီးပူဇော်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည် ဖြစ်သည်။

## ( ၅၂ )ကြိမ်မြောက်ရှိပြီ

ဇလွန်မြို့ မာရ်အောင်မြင်ပြည်တော်ပြန် မြတ်စွာဘုရားကြီးနှင့် ဂန္ဓာကုဋီတိုက်အတွင်းရှိ ရုပ်ပွားဆင်းတုတော်သုံးဆူတို့အား သက်တော် ထင်ရှား မြတ်စွာဘုရားအားရည်မှန်း၍ မသိုး သင်္ကန်း ရက်လုပ်ပူဇော်ခဲ့သည်မှာ ယခု ၁၃၈၅ ခုနှစ်တွင် (၅၂) ကြိမ်မြောက်ရှိပြီ ဖြစ်ပြီး မသိုးသင်္ကန်း ရက်လုပ်ပူဇော်ပွဲနှင့် အတူ တန်ဆောင်တိုင်မီးထွန်းပွဲတော်ကိုပါ ကျင်းပခဲ့သည်မှာ ( ၁၆ ) ကြိမ် ရှိပြီဖြစ်ကြောင်း သိရသည်။

ဝေယံ(ပြန်/ဆက်)

# လက်ပံတန်းမြို့၌ ပြည်သူ့ကျန်းမာရေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ ကြိုဆိုဂုဏ်ပြု

လက်ပံတန်း နိုဝင်ဘာ ၂၃

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့ မင်းရပ်ရပ်ကွက် စိန်သီ ဘိုးဘွားရိပ်သာ၌ နိုဝင်ဘာ ၂၀ ရက် နံနက်ပိုင်းက မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာတင်ဇော်ဝင်း ဦးဆောင်၍ ကျန်းမာရေးဆရာ ဆရာမများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့်အတူ ပြည်သူ့ကျန်းမာရေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲကို ကြိုဆိုဂုဏ်ပြု သောအားဖြင့် ဘိုးဘွားရိပ်သာရှိ အဘိုးအဘွားများအား “လူတိုင်း သက်ရှည်ကျန်းမာဖို့ ပြည်သူ့ကျန်းမာရေးမြှင့်တင်စို့” ဆောင်ပုဒ်နှင့်အညီ သွေးတိုးရောဂါ၊ ဆီးချို၊ သွေးချို၊ နှလုံးရောဂါများ စမ်းသပ်ကုသပေး သည့်အပြင် ကိုဗစ်ကာကွယ်ဆေး အပိုဆောင်းထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

အောင်ဆင့်



# စလင်းမြို့၌ အခြေခံငါးမွေးမြူရေးနှင့် ဆေးထိုးသားဖောက်သင်တန်းဖွင့်လှစ်

စလင်း နိုဝင်ဘာ ၂၃

မင်းဘူးခရိုင် ငါးလုပ်ငန်းဦးစီး ဌာနက နိုဝင်ဘာ ၂၁ ရက် နံနက် ၈ နာရီခွဲတွင် စလင်းမြို့နယ် အနောက်ကန်ဘောင်ကျေးရွာ၌ အခြေခံ ငါးမွေးမြူရေးနှင့် ဆေးထိုးသားဖောက်သင်တန်းကို ဖွင့်လှစ်ခဲ့သည်။

## မေးမြန်းဆွေးနွေး

အဆိုပါသင်တန်းသို့ မင်းဘူး ခရိုင် ငါးလုပ်ငန်းဦးစီးဌာန ခရိုင် ဦးစီးမှူး ဦးထွန်းလှအောင်၊ ပွင့်ဖြူငါးလုပ်ငန်းစခန်း တာဝန်ခံ ဦးစိုးလှိုင်တို့က သင်တန်း အထောက်အကူ ပစ္စည်းများ ပေးအပ်ခဲ့ပြီး ငါးမွေးမြူရေးနှင့် ပတ်သက်၍လည်းကောင်း၊ မျိုးငါး များပြုစုခြင်းမှ ငါးဆေးထိုး သားဖောက်ပြီး ငါးသားပေါက်များ ပြုစုခြင်းလုပ်ငန်း အဆင့်ဆင့်တို့ ကိုလည်းကောင်း ရှင်းလင်း ပြောကြားပို့ချခဲ့ရာ သင်တန်းသား သင်တန်းသူများက အခြေခံ ငါးမွေးမြူရေးနှင့် ဆေးထိုး သားဖောက်ခြင်းနှင့် ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင် ပြည်သူများက ထောပတ်ထမင်းဘူးများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်း

နေပြည်တော် နိုဝင်ဘာ ၂၃

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင်ပြည်သူများက အလှူငွေများ ပေးအပ်လှူဒါန်းလျက်ရှိသည့်အပြင် စားသောက်ဖွယ်ရာများကိုလည်း ပေးပို့လှူဒါန်းလျက်ရှိသည်။



**လိုက်လံပို့ဆောင်ပေး**

ယနေ့တွင်လည်း စေတနာရှင်အလှူရှင်ပြည်သူများက အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ထောပတ်ထမင်းဘူးများကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူပြီး လားရှိုးမြို့မှတစ်ဆင့် တပ်မတော်မော်တော်ယာဉ်များ၊ ရဟတ်ယာဉ်များဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် လိုက်လံပို့ဆောင်ပေးကြသည်။

စေတနာရှင်ပြည်သူများ လှူဒါန်းသည့် ထောပတ်ထမင်းဘူးများနှင့်အတူ ရဟန်းသံဃာများနှင့် ပြည်သူများက ရေးသားပေးပို့သည့် "တပ်မတော်သားများ ဘေးအန္တရာယ်ကင်းရှင်းပါစေ၊ ကျန်းမာကြပါစေ၊ တရားသောစစ်ကို ဆင်နွှဲနေကြသည့် ပြည်သူ့တပ်မတော်သားများ တိုက်ပွဲတိုင်းအောင်မြင်ကြပါစေ" စသည့် ဆုတောင်းမေတ္တာစာလွှာများပါရှိကြောင်း သိရသည်။





**သတင်းစဉ်**

# သဲကုန်းမြို့နယ်၌ သက်ကြီးရွယ်အိုများအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေး

သဲကုန်း နိုဝင်ဘာ ၂၃

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ်တွင် မြန်မာနိုင်ငံ ကျန်းမာရေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ(၂၀၂၃)ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အသက် (၆၀)နှင့်အထက် သက်ကြီးဘိုးဘွားများအား ကျန်းမာရေးစောင့်ရှောက်ပေးမှုများကို ယနေ့နံနက် ၈ နာရီက သဲကုန်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ ဆောင်ရွက်ပေးသည်။

ဦးစွာ သဲကုန်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစိုးမင်းထွေး၊ သွားနှင့်ခံတွင်းဆိုင်ရာ ဒေါက်တာကြည်သာမြင့်နှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများက အသက် (၆၀)နှင့်အထက် သက်ကြီးဘိုးဘွားများအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခြင်း၊ သွားနှင့်ခံတွင်းရောဂါများ စစ်ဆေးပေးခြင်း၊ သွေးတိုးရောဂါ၊ ဆီးချိုရောဂါနှင့် နှလုံးရောဂါများ စစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းများ လက်တွေ့သရုပ်ပြခြင်း၊ ပြည်သူ့ဆေးရုံမှ အာဟာရဒါနအဖြစ် ကြက်သားဆန်ပြုတ်တိုက်ကျွေးခြင်းများ ဆောင်ရွက်ပေးသည်။ **မြို့နယ်(ပြန်/ဆက်)**

❖MFF မှ

M–Million အသင်း၊ MIU အသင်း၊ TG United အသင်း၊ Generations အသင်းနှင့် လင်းလက်အသင်းတို့ တက်ရောက်ခဲ့သည်။

ကွာတားဖိုင်နယ်ပွဲစဉ်များကို နိုဝင်ဘာ ၂၅ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး လက်ရှိချန်ပီယံ VUC အသင်းနှင့် Dream Team Legends အသင်း၊ ပြည့်စုံအသင်းနှင့် M–Million အသင်း၊ TG United အသင်းနှင့် MIU အသင်း၊ Generations အသင်းနှင့် လင်းလက်အသင်းတို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ **သတင်း–ကိုညီလေး၊ ဓာတ်ပုံ–MFF**

## ပတ်စ်ပို့ပျောက်

ကျွန်မ မစိမ့်စိမ့်သူ [၁/မညန(နိုင်) ၁၄၃၉၁၂] ၏ ပတ်စ်ပို့နံပါတ် (MG–265537) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

၀၉–၄၀၁၇၉၉၉၉၆

## အမည်ပြောင်း

ဦးမင်းမင်း၏သမီး မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ အ.မ.က(လွန်) တော်ကူး၊ Grade–6 တန်းမှ မပြည့်သူသူ အောင်အား မမေမြတ်သူဟု အမည်ပြောင်းလဲ ခေါ်ပါရန်။

**မမေမြတ်သူ**

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်မျိုးမင်းသူ [၁/မညန(နိုင်)၁၈၀၀၇၂၆] ၏ ပတ်စ်ပို့နံပါတ် (MG–265544) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

၀၉–၄၀၁၇၉၉၉၉၆

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၈)၊ မြေကွက်အမှတ် ၇၉၄/က ဧရိယာ(၂၀'x၆၀') မြေကွက်တည်နေရာအမှတ်–၇၉၄/က၊ ရွှေအုတ်ဂူ(၁)လမ်း၊ ၈ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးမြတိုး [၁၂/သကတ(နိုင်)၀၈၆၇၉၄]၊ ဒေါ်အုံးမြင့် [၁၂/သကတ(နိုင်)၀၈၆၀၂၁] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် တစ်ဦးဖြစ်သူ ဦးမြတိုး[၁၂/သကတ(နိုင်)၀၈၆၇၉၄](ခင်ပွန်း)ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ/ကျန် အမည်ပေါက်တစ်ဦးလည်းဖြစ်သူ ဒေါ်အုန်းမြင့်[၁၂/သကတ(နိုင်)၀၈၆၀၂၁]ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် –၄၄၄၀/၈–၃–၂၀၂၃ ရသူ ဒေါ်အေးအေးမော် [၁၂/သကတ(နိုင်)၀၅၁၈၁၈] မှ ကွယ်လွန်သူ ဦးမြတိုး(ခင်ပွန်း)တွင် တစ်ဦးတည်းသော တရားဝင်ဇနီးဖြစ်သူ မိမိသာလျှင်ရှိကြောင်း၊ အခြားသောဇနီး၊ မယားတစ်ဦးတစ်ယောက်မျှမရှိကြောင်း၊ ကွယ်လွန်သူခင်ပွန်း ဦးမြတိုး၏ ပိုင်ဆိုင်ခွင့်အစုအား တစ်ဦးတည်းသောဇနီးဖြစ်သူ မိမိကသာ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် အမွေဆက်ခံခြင်းဆိုင်ရာ ဥပဒေတို့အရ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း မိမိမှလွဲ၍ အခြားသောအမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှ မရှိပါကြောင်း၊ ဒေါ်အုန်းမြင့်နှင့် ဒေါ်အုံးမြင့်ဟူ၍ အမည်အားဖြင့်(၂)မျိုး ပေါ်ပေါက်နေသော်လည်း လူပုဂ္ဂိုလ်အားဖြင့် တစ်ဦးတည်းဖြစ်ပါကြောင်း ဒေါ်အုန်းမြင့်မှ ကျိန်ဆိုထားသည့် တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ နှစ်(၆၀)ဂရန်မူရင်းမှာ နာဂစ်မုန်တိုင်းတိုက်ခတ်စဉ်က ပျောက်ဆုံးသွားခဲ့သည်မှာမှန်ကန်ပါကြောင်း၊ အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှလွှဲပြောင်းရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း၊ ပေးကမ်းထားခြင်း၊ စွန့်လွှတ်ထားခြင်း၊ လှူဒါန်းထားခြင်း၊ အာမခံအဖြစ်တင်သွင်းထားခြင်းတို့ လုံးဝမရှိပါကြောင်းနှင့် အရှုပ်အရှင်းပြဿနာတစ်စုံတစ်ရာပေါ်ပေါက်လာပါက မိမိကသာ တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ပါကြောင်း ဒေါ်အုန်းမြင့်၏ တရားရုံးကျမ်းကျိန်လွှာ ပါဝင်၊ ပါဝင်မရပ်သိမ်းကြောင်းကျမ်းကျိန်လွှာ၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ဂရန်မူရင်းပျောက်ဆုံးသည်မှာမှန်ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်သာကေတနယ်မြေရဲစခန်းထောက်ခံစာ၊ ကိုယ်တိုင်ဝန်ခံချက်၊ ဦးမြတိုး၏ သေဆုံးမှုလက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ပူဇွေး
ကမ္ဘာ
တားဆီးရာ
ဖြေရှာ
တစ်ခု
တောပြုစု

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃/ဝေဘာဂီ)၊ မြေကွက်အမှတ်(၆၁)၊ ဧရိယာ(၁၅၀၀ စ/ပေ)၊ မြေကွက်တည်နေရာအမှတ်(၆၁)၊ ဝေဟင်လမ်း၊ (၃/ဝေဘာဂီ)ရပ်ကွက်၊ ဦးသိန်းမောင်(၁၂/ဥကမ(နိုင်)၀၂၀၈၃၅) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးသိန်းမောင်(ခင်ပွန်း)သည် ၆–၁၀–၂၀၀၉ ရက်နေ့တွင် ကွယ်လွန်ခဲ့သဖြင့် ၎င်း၏ဇနီးဖြစ်သူ ဒေါ်တင်ရွှေ(၁၂/ဥကမ(နိုင်)၀၃၈၅၆၇)မှ တရားဝင်အမွေဆက်ခံပိုင်ဆိုင်သည့် တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း၊ မိမိမှလွဲ၍ အခြားသော အမွေဆက်ခံပိုင်ဆိုင်သူတစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ ကျမ်းကျိန်လွှာအမှတ်–၃၈၀/၂၀၂၃/၁၆–၁၀–၂၀၂၃၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်၊ ဂရန်မူရင်း၊ ဒေါ်တင်ရွှေထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာ အမှတ်–၁၅၈၇၄/၂၀၂၃/၇–၈–၂၀၂၃ ဖြင့်ရရှိသူ ဦးစည်သူကျော်အောင်(၁၂/သဃက(နိုင်)၁၃၆၂၇၀)မှ ကိုယ်စားလှယ်လွှဲစာ၊ ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်း၊ ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာတို့ ပူးတွဲတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ပါကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှ စ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## အများသိစေရန်ကြေညာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့၊ ရေလဲလမ်း၊ အမှတ် (၁၆)တွင် နေထိုင်သူ ဒေါ်မျိုးစန္ဒာကို(ဘ)ဦးစိုးဦး [၁၄/မအပ(နိုင်)၂၉၃၄၁၁] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မျိုးစန္ဒာကိုနှင့် ဦးထက်ခေါင်ဝင်း [၁၃/မပတ(နိုင်) ၀၄၃၁၉၁]တို့သည် မအူပင်မြို့နယ်တရားရုံး၊ တွဲဖက်မြို့နယ်တရားသူကြီး ဦးအောင်ဇော်၏ ရှေ့မှောက်တွင် (၁၈–၁၀–၂၀၂၃)ရက်နေ့တွင် နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်း ကတိသစ္စာပြုလွှာဖြင့် လင်မယားအဖြစ်မှ ကွာရှင်းခဲ့ပြီးဖြစ်ပါသည်။ ဦးထက်ခေါင်ဝင်းနှင့် ကျွန်ုပ်မိတ်ဆွေတို့သည် တစ်ဦးနှင့်တစ်ဦး ပတ်သက်မှုမရှိတော့ကြောင်း နောက်နောင် တစ်ဦး၏ ကိုယ်ရေးကိုယ်တာကိစ္စများကို တစ်ဦးနှင့်တစ်ဦး ဝင်ရောက်နှောင့်ယှက်ခြင်းမပြုရန်နှင့် ကျွန်ုပ်မိတ်ဆွေ၏ ဂုဏ်သိက္ခာကျဆင်းစေသည့် လူမှုကွန်ရက်စာမျက်နှာအပါအဝင် အခြားနည်းလမ်း တစ်မျိုးမျိုးဖြင့် ရေးသားခြင်း၊ ပြောဆိုခြင်း မပြုလုပ်ရန်နှင့် ထိုသို့ပြုလုပ်ခဲ့ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားရန် ကျွန်ုပ်အား လွှဲအပ်ညွှန်ကြားထားကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးသက်လွင်ဦး (ဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေ စဉ်–၈၁၉၅ (၃–၄–၂၀၁၂)**
**အမှတ် (၅၀)၊ ဒုတိယထပ်/ဝဲ၊ အခန်း (၉)၊ ဘဏ်လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း– ၀၉–၅၀၂၁၄၂၂၊ ၀၉–၉၆၅၀၂၁၄၂၂**

## (၁၄–၁၁–၂၀၂၃)ရက်နေ့ ကြေးမုံသတင်းစာ စာမျက်နှာ(၃၀)ပါ ဦးမြင့်ကြည်နှင့်အတူ ဦးမြင့်နိုင်နှင့် အများသိစေရန်ကြေညာခြင်းအပေါ် မမှန်ကန်ကြောင်း ပြန်လည်ရှင်းလင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဈ)ရပ်ကွက်၊ ဝေဘာဂီလမ်းမကြီး၊ အမှတ်– ၄၁၅ ၁/၂ နေ ဦးမြင့်ကြည် [၁၂/ဥကမ(နိုင်) ၀၂၁၈၃၆]၏ လွှဲအပ်ညွှန်ကြားချက်များအရ အများသိစေရန် အောက်ပါအတိုင်း ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည် –

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဈ)ရပ်ကွက်၊ ဝေဘာဂီလမ်းမကြီး၊ အမှတ်– ၄၁၅ ၁/၂ ရှိ မြေအကျယ် ပေ(၂၀x၆၀)ရှိမြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဒေါ်အေးမြိုင်အမည်ဖြင့် ထုတ်ပေးထားခဲ့သည့် နှစ်(၆၀)မြေငှားဂရန်မြေဖြစ်ပြီး ဦးစာရေးကြီး(ကွယ်လွန်)နှင့် ဒေါ်သင်နု(ကွယ်လွန်)သူတို့၏ အမွေကျန်ပစ္စည်း မဟုတ်ပါကြောင်း ရှင်းလင်းအသိပေးကြေညာအပ်ပါသည်။ ဦးစာရေးကြီးမှာ ၁၉၇၇–ခုနှစ်တွင် ကွယ်လွန်ခဲ့ပြီး၊ အထက်ပါ မြေနေရာအား ဒေါ်သင်နုသက်ရှိထင်ရှားရှိစဉ် ဦးမြင့်ကြည်နှင့် ဒေါ်အေးမြိုင်တို့အနေဖြင့် ကာလတန်ဖိုး ငွေကျပ် ၁၅၀၀၀၀၀/–(တစ်သိန်းခွဲကျပ်) တိတိဖြင့် ပါမစ်မြေနှင့် နေအိမ်အား အပြီးအပိုင် အရောင်းအဝယ် စာချုပ်ချုပ်ဆိုဝယ်ယူခဲ့ကြောင်း ဒေါ်သင်နုအနေဖြင့် ၎င်းပိုင်ဆိုင်သည့် အိမ်အား ကာလတန်ဖိုးဖြင့် ရောင်းချခဲ့သည့်အပေါ် ဒေါ်သင်နုနှင့်ဦးစာရေးကြီးတို့မှ မွေးဖွားသည့် ကျန်ရှိသားသမီးများအားလုံး သိရှိပြီး မည်သူတစ်ဦးတစ်ယောက်မှ ကန့်ကွက်ခြင်း၊ ပြောဆိုခြင်း မရှိခဲ့ကြောင်း၊ ဒေါ်သင်နုမကွယ်လွန်မီ ၁၉၉၃– ခုနှစ်တွင် ဒေါ်အေးမြိုင်မှ ဦးမြင့်ကြည်နှင့်အတူ ဝယ်ယူထားခဲ့သည့် အထက်ပါ ပါမစ်မြေအမျိုးအစား မြေနေရာအား ဝယ်ယူထားသည့် စာချုပ်စာတမ်း၊ မြေချပါမစ်တို့ဖြင့် မြေငှားဂရန်အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် တရားဝင်လျှောက်ထားခဲ့ပြီး၊ ထိုအချိန်က ဒေါ်သင်နုအပါအဝင် ကျန်သားသမီးများမှ တစ်စုံတစ်ရာ ကန့်ကွက်ခြင်းမရှိခဲ့သဖြင့် ဒေါ်အေးမြိုင်အမည်ဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊(ဈ) ရပ်ကွက်၊ ဝေဘာဂီလမ်းမကြီး၊ အမှတ်–၄၁၅ ၁/၂ မြေနေရာအား နှစ်(၆၀) မြေငှားဂရန်ချထားပေးခဲ့ခြင်းဖြစ်ကြောင်း အသိပေးရှင်းလင်းကြေညာအပ်ပါသည်။

ဒေါ်သင်နုသက်ရှိထင်ရှားရှိစဉ်နှင့် ဒေါ်သင်နု ကွယ်လွန်ပြီးနောက်ပိုင်း ဦးမြင့်ကြည်+ဒေါ်အေးမြိုင်တို့ မိသားစုဝယ်ယူပိုင်ဆိုင် လက်ရှိထားနေထိုင်ခဲ့ပြီး ဒေါ်အေးမြိုင်အမည်ဖြင့် တရားဝင်မြေငှားဂရန်ရရှိထားခဲ့သည့်အပေါ် ကျန်ရှိသူ သားသမီးများနှင့်ဆွေမျိုးများအနေဖြင့် သိရှိခဲ့ကြပြီး တစ်စုံတစ်ရာ ကန့်ကွက်ခြင်း၊ အရေးဆိုခြင်းလုံးဝမရှိခဲ့ပါ။ ဒေါ်အေးမြိုင်မှာ (၂၂–၁၁–၂၀၂၁)ရက်နေ့တွင် ကွယ်လွန်ခဲ့ပြီး ခင်ပွန်းဖြစ်သူ ဦးမြင့်ကြည်မှာ မျက်စိနှစ်ဖက်ကွယ်ခဲ့ကာ သားဖြစ်သူ ဦးမြင့်ကျော်မိသားစုနှင့်အတူ အထက်ပါမြေနေရာတွင် ဆက်လက်ပိုင်ဆိုင် နေထိုင်ခဲ့ကြပါသည်။ ဦးမြင့်ကြည်အနေဖြင့် ငွေကြေးလိုအပ်သဖြင့် ၎င်းနှင့် ဇနီးဖြစ်သူ ဒေါ်အေးမြိုင်(ကွယ်လွန်)တို့ ဝယ်ယူပိုင်ဆိုင်ပြီး ဒေါ်အေးမြိုင်အမည်ဖြင့် တရားဝင်မြေငှားဂရန်ရရှိထားသည့်မြေအား ၎င်း၏ရောင်းချပိုင်ခွင့်အရ ဦးမြင့်နိုင်ဆိုသူကို ကာလတန်ဖိုးဖြင့် ရောင်းချရန် စရန်ငွေများ လက်ခံရယူရောင်းချခဲ့ခြင်းဖြစ်ကြောင်း ရှင်းလင်းအသိပေး ကြေညာအပ်ပါသည်။

အထက်ပါ မြေနေရာနှင့်အိမ်သည် ဦးစာရေးကြီးနှင့် ဒေါ်သင်နုတို့၏ အမွေကျန်ပစ္စည်းမဟုတ်ဘဲ ဒေါ်သင်နု သက်ရှိထင်ရှားရှိစဉ်ကာလတန်ဖိုးပေးချေ၍ ဦးမြင့်ကြည်+ဒေါ်အေးမြိုင်တို့က ဝယ်ယူပိုင်ဆိုင်ပြီး ဒေါ်အေးမြိုင် ကွယ်လွန်ပြီးနောက် ဦးမြင့်ကြည်မှ တရားဝင်ရောင်းချပိုင်ခွင့်အရ ဦးမြင့်နိုင်အား ရောင်းချသည့်အပေါ် ကန့်ကွက်မှုများ ဆောင်ရွက်ခဲ့သဖြင့် ဦးမြင့်ကြည်မှာ မြေအရောင်းအဝယ်ကိစ္စ နှောင့်နှေးကြန့်ကြာရသဖြင့် နေထိုင်ရန် ပြန်လည်ဝယ်ယူမည့်မြေနေရာအတွက် မိမိပေးအပ်ထားသည့် စရန်ငွေများ ဆုံးရှုံးမှုကို ကြုံတွေ့နေရပြီး၊အဆိုပါ နစ်နာမှုဆုံးရှုံးမှုများအပေါ် အမွေဆိုင်မြေမဟုတ်ဘဲ၊ အမွေဆိုင်မြေဖြစ်ပါသည်ဟု ကန့်ကွက်မှုပြုလုပ်သည့်သူများအနေဖြင့် တာဝန်ယူဖြေရှင်းပေးပါရန်နှင့် မိမိတို့ကြေညာထားသည့် ကန့်ကွက်ချက်များအားအပေါ် တရားဝင်ရုပ်သိမ်းပေးပါရန် တောင်းဆိုလိုက်ပါသည်။ အမွေဆိုင်မြေမဟုတ်ဘဲ ကာလတန်ဖိုး ပေးချေဝယ်ယူပြီး မြေငှားဂရန်လျှောက်ထားရရှိခဲ့သည့် အထက်ပါမြေနေရာနှင့်ပတ်သက်၍ တရားစွဲဆိုမှုများကို ဆောင်ရွက်ခဲ့လျှင်လည်း ဦးမြင့်ကြည်အနေဖြင့် ဥပဒေနှင့်အညီ ရင်ဆိုင်ဖြေရှင်းမည်ဖြစ်ပြီး ပေါ်ပေါက်လာသည့်နစ်နာမှုကိစ္စအဝဝနှင့်ပတ်သက်၍ ဦးမြင့်ကြည်ဘက်မှ တည်ဆဲဥပဒေများနှင့်အညီ ထိထိရောက်ရောက် ပြန်လည်တရားစွဲဆိုဆောင်ရွက်သွားရမည်ဖြစ်ကြောင်းကိုလည်း ဒေါ်အေးကြိုင်၊ ဒေါ်အေးခိုင်နှင့် အများသိစေရန် ပြန်လည်ရှင်းလင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဇော်မြင့်ထွန်း**
**LL.B,D.B.L,WIPO(Switzerland) အထက်တန်းရှေ့နေ ( စဉ်–၅၀၉၂၅)**
**ရုံး–အမှတ်(၇/၃၁၀)၊ နီလာ(၅)လမ်း၊ (၇)ရပ်ကွက်၊**
**မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၇၆၃၄၁၂၀၀၂၊ ၀၉–၄၀၈၉၃၅၂၀၂**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မုန့်လုပ်ဆောင်းကုန်းတောင်ရပ်ကွက်၊ ပြည်သူ့ကွက်သစ် (၃)လမ်း တိုက်အမှတ်(၈)၊ အခန်းအမှတ် – ၃ (အေ)၊ ဒုတိယထပ် (၃)လွှာ (ခေါင်းရင်းခန်း)ဟု ခေါ်တွင်သော အကျယ်အဝန်း (အလျား ၁၂ပေခွဲxအနံ ၅၁ပေ)ရှိ တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့် ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ရှိ ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဒေါ်ခင်ငယ်စိုး [၁၂/မဂဒ(နိုင်)၁၁၈၂၁၂]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သော ဦးသက်နိုင်ထွန်း [၈/ဆမန(နိုင်)၀၅၄၅၆၃]မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ ပေးချေထားပြီးဖြစ်ရာ အဆိုပါ တိုက်ခန်း အရောင်းအဝယ်ကို ကန့်ကွက်လိုပါက မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်တို့ထံသို့ ဤကြော်ငြာစာပါပြီး (၇)ရက်အတွင်း ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား တရားဝင်ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ –**

**ဦးကျော်ဇေယျ (LL.B) (စဉ်– ၁၃၁၈၁/၁၇)**
**ဒေါ်သန္တာဆွေ (LL.M) (စဉ်–၁၀၄၀၇/၁၅)**
**ဒေါ်နော်ဆည်းဇာ (LL.B) (စဉ်–၁၂၆၃၇/၁၇)**
**ဒေါ်မြင့်မြင့်သန်း (LL.M) (စဉ်–၁၃၂၄၀/၁၇)**
**ဒေါ်ဝေမာနွယ် (LL.B)(စဉ်–၁၄၇၁၁/၁၈)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၉)၊ သိပ္ပံလမ်း၊ အုတ်ဖိုစုရပ်ကွက်၊ သန်လျင်မြို့။ ဖုန်း – ၀၉–၄၂၂၂၈၁၁၁၈၊ ၀၉–၄၃၁၈၈၉၈၈**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ ဒဂုံသီရိလမ်းရှိ အမှတ်– ၄၈၊ ခတ်လေ့ကားပါ (၂) ခန်းတွဲ (၈)ထပ်တိုက်အဆောက်အဦ၏ (၆–လွှာ) (ခြေရင်းဘက်အခြမ်း) ပေအကျယ် (၁၂ ½ x ၆၀)ပေရှိ Mini Condo တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိထား ပိုင်ဆိုင်ပြီးလွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူများ ဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးလေးကိုကို [၁၂/ဒပန(နိုင်)၀၃၄၆၉၇]နှင့် ဒေါ်ဖြိုးမီမီမြင့် [၁၂/တမန(နိုင်)၁၁၄၄၁၆]တို့ထံမှ အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှု တစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးကြည်စိုးထွန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၅၄၉၄)**
**အမှတ်– ၁၇၅/B၊ ပထမထပ်၊ (၃၈)လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ Ph:09–250013132, 09–772711772**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဇ)ရပ်ကွက်၊ မေခါဝီလမ်းမ၊ အမှတ်(၂၂၀)နေ ဒေါ်ချိုချို [၁၂/ဥကမ(နိုင်)၀၀၈၀၇၈]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်–

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ချိုချိုသည် အပျိုကြီးဘဝဖြင့် နေထိုင်လာရင်း၊ မအေးသီတာချို (ဘ) ဦးခင်မောင်ချို [၁၂/ဥကမ(နိုင်)၂၁၅၇၅၃] ကိုင်ဆောင်သူအား မွေးကင်းစအရွယ်မှစ၍ ကျွေးမွေးပြုစုစောင့်ရှောက်လာပြီး၊ ပညာသင်ပေးခြင်း၊ အရွယ်ရောက်လာသောအခါ အလုပ်အကိုင်ရှာဖွေလုပ်ကိုင်စေပြီး၊ အတူနေထိုင်လာခဲ့ကြပါသည်။ ယခုအခါ မအေးသီတာချိုသည် ကျွန်ုပ်မိတ်ဆွေ၏ ဆိုဆုံးမမှုများကို လိုက်နာမှုမရှိဘဲ ၎င်းစိတ်ထင်ရာအတိုင်း ပြုလုပ်နေသဖြင့် ၎င်းနှင့်ပတ်သက်သောပြဿနာများသည် ကျွန်ုပ်မိတ်ဆွေနှင့် ပတ်သက်စပ်ဆိုင်ခြင်းမရှိဘဲ၊ ပေါ်ပေါက်လာသောကိစ္စရပ်များအားလည်း ကျွန်ုပ်မိတ်ဆွေမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်းနှင့် ကျွန်ုပ်မိတ်ဆွေ၏ မရွှေ့မပြောင်းနိုင်သောပစ္စည်းများ၊ ရွှေ့ပြောင်းနိုင်သောပစ္စည်းများသည်လည်း ၎င်းနှင့် တစ်စုံတစ်ရာ သက်ဆိုင်ခြင်းမရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်ချိုချို**
**[၁၂/ဥကမ(နိုင်)၀၀၈၀၇၈]**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အေးအေးမူ (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၈၃၄၇)**
**ဖုန်း–၀၉–၄၂၀၃၀၆၉၃၈**

## အမွေဆက်ခံရန်သက်သေခံလက်မှတ် လျှောက်ထားကြောင်း အကြောင်းကြားစာ (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၃၇၃) အလုံခရိုင်တရားရုံးတော်

## ၂၀၂၃ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် – ၅၈

ကွယ်လွန်သူ (ဖခင်) ဦးလှမြင့်နှင့် (မိခင်) ဒေါ်ရှုကြူတို့၌ ကျန်ရစ်သော ပစ္စည်းများအကြောင်း။

ဦးအောင်အောင်သွင် — လျှောက်ထားသူ
အမှတ် (၁၅၀/က)၊ ဒုတိယသီရိရိပ်သာလမ်း၊
စောရန်ပိုင်အရှေ့ရပ်ကွက်၊ အလုံမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။

**ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ စောရန်ပိုင်အရှေ့ရပ်ကွက်၊ ဒုတိယသီရိရိပ်သာလမ်း၊ အမှတ် (၁၅၀/က)နေ ဦးအောင်အောင်သွင်မှ ကွယ်လွန်သူ (ဖခင်) ဦးလှမြင့်နှင့် (မိခင်) ဒေါ်ရှုကြူတို့၏ (၁) သားအရင်းဖြစ်သည်ဟူ၍ ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ စောရန်ပိုင်အရှေ့ရပ်ကွက်၊ ဒုတိယသီရိရိပ်သာလမ်း၊ အမှတ် (၁၅၀/က)နေ ၎င်းကွယ်လွန်သူ (ဖခင်) ဦးလှမြင့် နှင့် (မိခင်) ဒေါ်ရှုကြူ**တို့မှာ ကျန်ရစ်သော ပစ္စည်းများထဲမှ ရရန်ရှိသော ကြွေးမြီများကို ကောက်ခံရန် အမွေဆက်ခံခြင်းအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားသည်ဖြစ်၍ ၎င်းကွယ်လွန်သူများဖြစ်သော (ဖခင်) ဦးလှမြင့် နှင့် (မိခင်)ဒေါ်ရှုကြူတို့မှာ ကျန်ရစ်သော ပစ္စည်းများအပေါ်၌ ရရန်ရှိသူဟူသမျှတို့သည် ဤရုံးသို့ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက် (၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၈ ရက်) နေ့တွင် လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင် လျှောက်ထားသူ ဦးအောင်အောင်သွင်၏ လျှောက်ထားချက်ကို ကြားနာ၍ လက်မှတ်ရသင့် မသင့်သည်ကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ (၂၁)ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(လွင်လွင်ဌေး)**
**တွဲဖက်ခရိုင်တရားသူကြီး**
**အလုံခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

